ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (4-7-2015) (၈၂၅၁)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင်ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည် အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စု သမ္မတ မစ္စတာ ဘားရက်အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### မိုးရွာသွန်းမှုများ

| | | |
|---|---|---|
| မုဒုံ | ၆ ဒသမ ၆၉ | လက်မ |
| မြောက်ဦး | ၅ ဒသမ ၉၄ | လက်မ |
| ကျောက်တော် | ၅ ဒသမ ၇၉ | လက်မ |
| မောင်တော | ၅ ဒသမ ၅၉ | လက်မ |
| ကျောက်ဖြူ | ၄ ဒသမ ၇၇ | လက်မ |
| အမ်း | ၄ ဒသမ ၆၄ | လက်မ |
| လောင်းလုံ | ၃ ဒသမ ၆၆ | လက်မ |
| ရေး | ၃ ဒသမ ၅၀ | လက်မ |

# မဟာမဲခေါင် စီးပွားရေးစကြံသည် ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်မှုလွယ်ကူကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်

**တိုကျို ဇူလိုင် ၃**

မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံ၏ စီးပွားရေးဖိုရမ်ကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ စီးပွားရေးဖိုရမ်သို့ မဲခေါင်အဖွဲ့ဝင် ငါးနိုင်ငံမှ ခေါင်းဆောင်များ၊ ဂျပန်နှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စီးပွားရေးဖိုရမ်တွင် ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ဥက္ကဋ္ဌ Mr. Hiroyuki Ishige က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့☆**




## မဲခေါင်ဒေသ၏ အရည်အသွေးမြင့်မားစွာ ကြီးပွားတိုးတက်မှု ဖြစ်ထွန်းမှုဆီသို့

စာမျက်နှာ » ၄

## မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းများထဲတွင် သက်တမ်းတိုသည့်စာရင်း၌ ပါဝင်နေ

စာမျက်နှာ » ၅

အသွင်သစ်!
SMART ဝယ်ဇာ ရှိလာ ခြင်ဇကာ
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဆောင်းထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်၊
သံချေးတက်ခြင်း၊ ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလတ်(စ်) ခြင်ဇကာသား
ရန်ကုန် - 01 450 962
09 431 44178
09 79222 8860
မန္တလေး - 09 2506 38611
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 2506 38611, 09 7987 97917

နဂါးနီ
Ph: 01 450 783, 09 730 20031, 09 730 20032

အတွေးအမြင်

ကြေးမုံ စာတည်း ရှုထောင့် — ၄-၇-၂၀၁၅၊ စနေနေ့

# ခေတ်နှင့်အညီ ရင်ပေါင်တန်း

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အမျိုးသမီးအပေါင်းကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပေသည်။ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပလာခဲ့သည်မှာ မျက်မှောက်ကာလတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ပိုမိုကျယ်ပြန့်မြင့်မားလာသောကြောင့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ပိုမိုကောင်းမွန်စေရန်အတွက် ဂုဏ်ပြုကျင်းပခြင်းဖြစ်ပေသည်။

တစ်ချိန်သောအခါက မြန်မာအမျိုးသမီးများသည် "ပုခက်လွှဲသောလက်ပိုင်ရှင်" မိခင်များဟုသာ ခေါ်ဝေါ်သမုတ်ခဲ့ကြရာ သားသမီးများအား ထိန်းကျောင်းရေးသက်သက်နှင့် အိမ်ထောင့်တာဝန်ကို အဓိကတာဝန်ယူသော အိမ်ထောင်ရှင်မများအဖြစ်သာ အသိအမှတ်ပြုလက်ခံထားခဲ့ကြပါသည်။ ယင်းသည်လည်း အမျိုးသမီးများအတွက် ကြီးမားသောတာဝန်ကြီးတစ်ရပ်ဖြစ်ခဲ့ပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ မြန်မာအမျိုးသမီးများသည် ဗိုင်းကောင်းကျောက်ဖိ အမျိုးသမီးဂုဏ်ရည်နှင့်အညီ အိမ်ထောင့်တာဝန်ကို ကျေပွန်စွာ တည်ဆောက်ခဲ့ကြပါသည်။

မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများအတွက် အပြောင်းအလဲကြီးပြောင်းလဲသွားခဲ့ပြီဖြစ်ပါသည်။ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ ပြင်ပသို့ထွက်၍ စီးပွားဉစ္စာရှာဖွေရေးနှင့် လူမှုဘဝန်းကျင်တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းအားပြည့် လုပ်ဆောင်လာကြသည်ကို အားရဖွယ် မြင်တွေ့လာကြပါသည်။ အမျိုးသမီးများအနေဖြင့် အိမ်ထောင်ထိန်းသိမ်းရေးတာဝန်များသာမက လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာကြသဖြင့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍမှာ ယခင်နှင့်မတူဘဲ အရေးကြီးလာပြီဟု ဆိုနိုင်ပါသည်။

သို့အတွက် မြန်မာအမျိုးသမီးအားလုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နယ်ပယ်ပေါင်းစုံတွင် ပါဝင်ဆောင်ရွက်နိုင်ကြပြီး ရသင့်ရထိုက်သည့် အခွင့်အလမ်းများကို အမျိုးသားများနှင့်အတူ သာတူညီမျှ ခံစားခွင့်များရရှိနေကြပြီဟု ဆိုနိုင်ပါသည်။ အမျိုးသမီးများဘက်က ဘက်လိုက်ဆိုရပါလျှင် အိမ်ထောင့်တာဝန်သာမက အမျိုးသားများ ထမ်းဆောင်နေသောတာဝန်များတွင်ပါ ပါဝင်ဆောင်ရွက်နိုင်သောကြောင့် မြန်မာအမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုစွမ်းဆောင်နိုင်သည်ဟု ဆိုချင်ပါသည်။

သို့သော် မျက်မှောက်ကာလတွင် မြန်မာအမျိုးသမီးများအတွက် အရေးအကြီးဆုံးအချက်မှာ ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး ၎င်းတို့၏ ဘဝအတွက် လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နိုင်ရေးပင်ဖြစ်သည်။ အချို့အမျိုးသမီးငယ်များအနေဖြင့် ၎င်းတို့ဘဝ ရှင်သန်ရပ်တည်လှုပ်ရှားကြရာတွင် အမျိုးသမီးများ၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍သော်လည်းကောင်း၊ လုံခြုံမှုအရ လိုအပ်ချက်များ ရှိသောအခါတွင်လည်းကောင်း အန္တရာယ်ကင်းစွာ နေထိုင်ရပ်တည်နိုင်ရန် လိုအပ်လာပါသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသမီးများ၏ ဘဝမြင့်မားရေးအတွက် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ပေးနိုင်မှုကြောင့် အမျိုးသမီးများ၏ ရရှိနိုင်သည့်အခွင့်အရေးများ အပြည့်အဝရရှိလာကြသည်ဟု ဆိုနိုင်ပါသည်။ ယင်းတွင် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရပါသည်။ စွမ်းဆောင်ရည်မြင့်မားရေးကိုလည်း ဦးစားပေးဆောင်ရွက်နိုင်သည်လည်းရှိပါသည်။

အခြားတစ်ဖက်တွင် မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးသမီးဂုဏ်ရည်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်မူ အားနည်းလာသည်ကို တွေ့ရပါသည်။ ခေတ်ပြောင်းစနစ်ပြောင်းတွင် ဝတ်စားဆင်ယင် ပြုမူနေထိုင်မှုများ၌ ခေတ်ရေစီးကြောင်းမှကျော်လွန်ကာ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေနိုင်သော အပြုအမူများလွှမ်းမိုးလာသည်ကို မြင်တွေ့လာရ၍ မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်လာပြီဖြစ်သည်ကို သတိမူဖို့ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးသားများတန်းတူ ခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါကြခြင်းသည် နိုင်ငံအတွက် အားတက်ဖွယ်ဖြစ်သော်လည်း မြန်မာ့ယဉ်ကျေးမှုအစဉ်အလာမပျောက်အောင် မြန်မာအမျိုးသမီးဂုဏ်ရည်များကို ထိန်းသိမ်းစောင့်ရှောက်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။

# ဂန္ထဝင်စာရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်၏ ဓမ္မတေးသီချင်းများ လှူဒါန်း

**မန္တလေး ဇူလိုင် ၃**

ခေတ်ဟောင်းဂီတစာဆို တေးပြု ဂန္ထဝင်စာရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်၏ သဘင်မျိုးဆက် သားသမီးများက တေးသီချင်းတစ်ပုဒ်တန်ဖိုး ကျပ်တစ်သိန်းခွဲ စုစုပေါင်း ငါးပုဒ် ခုနစ်သိန်းခွဲဖြင့် ဓမ္မတေးများကို တေးသီချင်း၊ ခေါင်းစဉ် ထုတ်ဝေဖြန့်ချိခွင့်၊ ဗီဒီယို၊ တီဗွီရိုက်ကူးခွင့်မှအစ မူပိုင်ခွင့်အရပ်ရပ်များအား ကာလအပိုင်းအခြားမရှိ မန္တလေး မဟာမြတ်မုနိဘုရားကြီးအတွက် ဘာသာရေးကိစ္စရပ်များ လုပ်ဆောင်ရန် ပေးအပ်လှူဒါန်း စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် Orchid Hotel ၌ ဇူလိုင် ၂ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ထို့နောက် ဖခင်ဖြစ်သူ နန်းတော်ရှေ့ဆရာတင်၏ တေးသီချင်းများကို မန္တလေးမဟာမြတ်မုနိဘုရားကြီးသို့ ဓမ္မဒါနအဖြစ်အပြီးအပိုင် လှူဒါန်းသော နန်းတော်ရှေ့ဆရာတင်၏ သားကြီး လူမှုထူးချွန်ပထမဆင့် စည်သူဘွဲ့ရ ဦးရွှေနန်းတင်အား မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးက မုဒိတာစကား ပြောကြားသည်။

ထို့နောက် ဓမ္မတေးများဖြစ်သည့် အောင်နိမိတ်၊ ဓမ္မစကြာ၊ မြန်မာ့ဂုဏ်ရည်၊ စွယ်တော်ချိုးနှင့် ရက်ရွေးမနေပါနှင့်ကိုကိုရယ်တေးများအား မဟာမြတ်မုနိ ဂေါပကအဖွဲ့သို့ လှူဒါန်းရန် ဦးမြတ်ခိုင် (လျှပ်တစ်ပြက်)၊ ဦးဝင်းငြိမ်း (ရွှေအမြုတေ) တို့မှ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေးအား လွှဲပြောင်းပေးအပ်ပြီး တေးရေးတေးပြုစာဆိုရှင်၏ သားသမီး၊ မြေးများဖြစ်သည့် နန်းခင်မွှေး၊ စိမ်းမို့မို့၊ ကိုနန်းဝင်း၊ ကိုသိန်းဇော်၊ သဲနုဆည်းဆာတို့က သရုပ်ပြသီဆိုခဲ့ကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**


သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ


# မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရှေးဟောင်းအမွေအနှစ်ခံတပ်များ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝယဉ်ကျေးမှုနယ်မြေ၊ ဆင်ကျုံးခံတပ်နှင့် အမရပူရမြို့နယ်ရှိ သပြေတန်းခံတပ်သို့ သွားရောက်၍ သန့်ရှင်းသာယာလှပရေး၊ မြေခင်းအလှပြင်ဆင်ရေး၊ ဖျက်ဆီးမခံရစေရန် ထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပဧည့်သည်များ အန္တရာယ်ကင်းစွာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရေး၊ လိုအပ်သည့်နေရာတွင် လက်ရန်းပါ ကျိုးကူးတံတား တပ်ဆင်ရေး မှာကြားပြီး လာရောက်ကြည့်ရှုလေ့လာကြသည့် ကျီးပင်ရွာမှ ဒေသခံ ရွာသူရွာသားများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်ရှိ အစေခံ ခံတပ်သို့ သွားရောက်ကာ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရေး၊ အမြဲတမ်း သာယာလှပသန့်ရှင်းသပ်ရပ်စေရေး၊ ခံတပ်များကို မြေခင်းအလှပြုပြင်ခြင်းနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် အတွင်း၊ အပြင်မြက်၊ ချုံပုတ်များ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြင်ပသန့်ရှင်းရေးလုပ်သားများ ငှားရမ်းဆောင်ရွက်ရေး၊ အမျိုးသားစီမံကိန်း ဦးတည်ချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအရ ဒေသအသီးသီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် နှစ်အလိုက်ဘတ်ဂျက်လျာထားချက်အတိုင်း ဆောင်ရွက်ရမည့် ဘဏ္ဍာငွေခွဲဝေချထားမှုအတိုင်း စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၃၅၈၀၀ | - | ၇၃၇၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၃၅၈၀၀ | - | ၇၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၄၇. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၈၁. ၃၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၃. ၃၂၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၈. ၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၇၄၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၁၅. ၄၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၀. ၅၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၀. ၀၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၃၄. ၂၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**


## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၅) ထွက်ပြီ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ ၂၀၁၅"** စာအုပ်ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လက်ကိုင်ပြုထားရမည့် စာအုပ်ဖြစ်ပြီး တစ်အုပ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် စာပေဗိမာန်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

**အမည်ပြောင်း**
အဖ ဦးရန်နိုင်စိုး၏သားဖြစ်သူ အ.ထ.က (၂)မရမ်းကုန်း၊ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မောင်ညီညီဆက်နိုင်အား မောင်ဆက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဆက်နိုင်

**တိုက်ခန်းငှားမည်**
ကျောက်မြောင်း
မြို့သစ်(၁)လမ်း၊ အငေါ်လမ်း၊
တည်နေရာကောင်း၊
ဒုတိယထပ်(15'×60')
အိပ်ခန်း(၂)ခန်း၊ A/C
(၁)လုံး၊ ဘိုထိုင်၊ သံပန်း၊
ဆန်းရိုက်ပါပြီး (၁)လ(၃)သိန်းကျပ်
09-450066151

**7Stars(ရာထူးဝင်သင်တန်းကြီး)**
**ဒုရဲအုပ်လောင်းဝင်ခွင့်**
အနီးကပ်တန်းခွဲ (၁၀)ရက်ပြတ်
(11 . 7 . '15 ) စမည် ။
တိုက်(18 / 3B)၊ သပြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155


**ပြင်ဆင်ဖတ်ရှုပါရန်**

၂-၇-၂၀၁၅ရက် ကြေးမုံသတင်းစာစာမျက်နှာ (၁၅)ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်) ကြော်ငြာတွင် (ခ)ဒီပလိုမာလက်မှတ်အပ်နှင်းခြင်း ၁၈-၇-၂၀၁၅ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

☆ရှေ့ဖုံးမှ

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့က မိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မဲခေါင်ဒေသအတွင်းနှင့် ဒေသပြင်ပနိုင်ငံများ ပေါင်းစည်းမှု အရှိန်အဟုန်မြင့်မားလာကြောင်း၊ ထိုပေါင်းစည်းမှုများ၏ ရလဒ်အဖြစ် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်ပြီး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အစည်းအဝေးတစ်ရပ် ကျင်းပနိုင်ခဲ့ကြောင်း။

ထိုအစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ထူထောင်ရေးအတွက် ဘဏ္ဍာရေးနှင့် နည်းပညာ အကူအညီများပေးအပ်ရန် ဂျပန်နိုင်ငံက ကမ်းလှမ်းခဲ့ခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

အစည်းအဝေးက ထွက်ပေါ်လာသည့် ရလဒ်များကို စုစည်းကာ ကနဦးအဆင့်လုပ်ငန်းများဖြစ်သည့် ကာလတိုအလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဒေသခံပြည်သူများထံ စီမံကိန်းအကျိုးကျေးဇူးများကို အသိပေးခြင်း၊ စီမံကိန်းစတင်အကောင်အထည်ဖော်ခြင်းများကို ဦးစားပေးဆောင်ရွက်နေပြီး ယခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများတွင် ၂၇ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိသည့် စက်မှုကုန်ထုတ်ရပ်ကွက်၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်သည့် ကားလမ်း၊ အလုပ်သမားများနေထိုင်ရန် မြို့နယ်၊ LNG ဓာတ်ငွေ့တင်ပို့ရေးဆိပ်ကမ်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဆိပ်ကမ်းနှင့် ရေလှောင်ဆည်များ ပါဝင်မည်ဖြစ်ပါကြောင်း။

ယခုကျင်းပမည့် (၇) ကြိမ်မြောက် မြန်မာ-ဂျပန် ထိပ်သီးအစည်းအဝေးကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်သည့် Memorandum of Intent ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နယ်မြေသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ကုန်းလမ်းမှ ဆက်သွယ်ပေးမည့် မဟာမဲခေါင်တောင်ဘက် စီးပွားရေးစင်္ကြံ၏ အနောက်တံခါးပေါက်အဖြစ် မဟာဗျူဟာကျစွာ တည်ရှိနေကြောင်း။




ဂျပန်နိုင်ငံ Hotel New Otani ၌ ကျင်းပသည့် မဲခေါင်အဖွဲ့ဝင်ငါးနိုင်ငံ၏ စီးပွားရေးဖိုရမ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (ပြန်/ဆက်)

အဆိုပါစီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့မှတစ်ဆင့် ထားဝယ်ဒေသအထိ ရောက်ရှိမည့်စင်္ကြံဖြစ်ပြီး ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်မှုလွယ်ကူကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ကမ္ဘောဒီးယားနယ်စပ်မှ မြန်မာနယ်စပ်အထိ ဖောက်လုပ်မည့် ဂျပန်-ထိုင်း ပူးပေါင်းရထားလမ်းကွန်ရက်၏ အဆက်အဖြစ် ထားဝယ်အထိ ဆက်လက်ဖောက်လုပ်နိုင်ရေး သုံးနိုင်ငံဆွေးနွေးလျက်ရှိကြောင်း။

စက်မှုဇုန်များ၊ စီးပွားရေးဇုန်များ ဖော်ဆောင်မှုနှင့်အတူ ယှဉ်တွဲတွေ့ကြုံရသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေတစ်ရပ်ကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ စီးပွားရေးဇုန်များ၊ စက်မှုဇုန်များတွင် အစိုးရချင်းဖြစ်စေ၊ ပုဂ္ဂလိကအနေဖြင့်ဖြစ်စေ နည်းပညာဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်လိုကြောင်း ပြောကြားခဲ့သည်။

မဲခေါင်အဖွဲ့ဝင်ငါးနိုင်ငံ၏ လူဦးရေမှာ သန်း ၂၃၀ ရှိပြီး ဒေသတွင်း ဝင်ငွေအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ စားသုံးသူဈေးကွက်ဖြစ်လာသည်။ ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း မဲခေါင်ဒေသ၏ ဂျပန်ကုန်သည်၊ စက်မှုအသင်းဝင် ဂျပန်ကုမ္ပဏီပေါင်း တစ်ထောင်ကျော်ရှိလာခဲ့သည်။ မဲခေါင်ဒေသတွင် ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိပြီး ထိုပမာဏမှာ ဂျပန်နိုင်ငံ၏ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အတူတူပင်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက "မြန်မာအမျိုးသမီးများနေ့" အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်ခင်ဝင်းက ၂၀၁၅ ခုနှစ် အာဆီယံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် ထူးချွန်ဆုရရှိကြသည့် ဒေါ်ခိုင်ဇော်၊ ဒေါက်တာဒေါ်သက်သက်ခိုင်နှင့် အရှေ့တောင်အာရှစာပေဆုရ စာရေးဆရာမ ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်က ၂၀၁၄ ခုနှစ် ထူးချွန်အမျိုးသမီး ရဲတပ်ဖွဲ့ဝင် ရဲမှူးခင်လေးမြင့်၊ ထူးချွန်အမျိုးသမီးအားကစားမယ် မြန်မာလက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနှင့် ၂၀၁၃ ခုနှစ် အမျိုးသားစာပေ (ဝတ္ထုတိုပေါင်းချုပ်)ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၄ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်နန်းမာန့်ခလိမ်း၊ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ သိပ္ပံသာသာတွဲ အမှတ်အများဆုံးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ၂၀၁၄ ခုနှစ် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် ဒေါ်မကြီး၊ အကြိမ် (၆၀) နှင့်အထက် အများဆုံး သွေးလှူဒါန်းသူ အမျိုးသမီး သွေးအလှူရှင် ဒေါ်ဝင်းသန်းတို့အား ဆုများပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ကျင်ခိုင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပထမဆု လှိုင်သန်းတင့် (ရွှေပန်းချီ-ရမည်းသင်း)၊ ဒုတိယဆု ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း) နှင့် တတိယဆု ဌေးလွင် (အမရပူရ) တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး အဖွဲ့ချုပ်နာယက ဒေါ်မြသီဂီက ရောင်စုံဓာတ်ပုံပြိုင်ပွဲ အထူးဆုများ ရရှိကြသည့် ဦးကျော်မျိုးသီဟ၊ မင်းမင်းထွန်း၊ ဦးစိုးမင်း(စိုးမင်း-အောင်သီဟ)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)တို့အား ဆုများပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ခင်မိမိက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ပထမဆုရ မမေစိမ်းဝင်း(ကောင်းကင်မေ- စီးပွားရေးတက္ကသိုလ်)၊ ဒုတိယဆုရ ဦးစိန်ဝင်း (ပန်းမြိုင်လယ်)၊ တတိယဆုရ (သိမ့် စီးပွားရေးတက္ကသိုလ်)တို့အား ဆုများပေးအပ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက ဝတ္ထုတိုပြိုင်ပွဲ အထူးဆုများရရှိကြသည့် ဦးသက်နိုင် (သက်နိုင်-ပြင်ဦးလွင်)၊ ဒေါ်တင်ဥမ္မာအောင်(မြနှင်းဝေအောင်)၊ မင်းစိုးသူရ (မင်းသွေးငယ်-ရာမညမြေ)၊ ဦးမျိုးလွင်(ခ)စိုင်းလုံ(နန်းညိုမာလွင်-ကလော)နှင့် ဒေါ်နန်းစောညွန့် (စောငယ်ငယ်-မိုးညှင်း) တို့အား ဆုများပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းပြသပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများနှင့် တာဝန်ရှိသူများက အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာစာအုပ်များ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။**(ဓါတ်ပုံ)**



အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)နှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်ဘဝမြှင့်တင်ရေးအသင်းတို့မှ နာယကများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်သည် မြန်မာနိုင်ငံရှိ အမျိုးသမီးထုတစ်ရပ်လုံးကို အမျိုးသားရေးစိတ်ဓာတ်နိုးကြားစေရန် တပ်လှန့်နှိုးဆော်လိုက်သည့် ထူးခြားသည့်နေ့ဖြစ်ရာ ထိုနေ့ကိုပင် မြန်မာအမျိုးသမီးများဆိုင်ရာ လုပ်ငန်းများ သီးခြားထူးခြားစွာ ဆောင်ရွက်နိုင်ရန် "မြန်မာအမျိုးသမီးများနေ့" အဖြစ်သတ်မှတ်ခဲ့ပြီး နိုင်ငံတစ်ဝန်းလုံးတွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြသည်။ **(သတင်းစဉ်)**

*ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပလျက်ရှိသည့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေး အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ပေးပို့သည့်သဝဏ်လွှာအား ဖော်ပြအပ်ပါသည်-*

# မဲခေါင်ဒေသ၏ အရည်အသွေးမြင့်မားစွာ ကြီးပွားတိုးတက်မှု ဖြစ်ထွန်းမှုဆီသို့

ဇူလိုင်လ ၄ ရက်နေ့တွင် အဆွေတော်ခေါင်းဆောင်များကို တိုကျိုမြို့သို့ဖိတ်ခေါ်ပြီး မဲခေါင်ဒေသကို ယခုထက်ပို၍ အားမာန်နှင့် ဆွဲဆောင်မှုအပြည့်အဝရှိသည့် ဒေသဖြစ်စေရန် အလို့ငှာ (၇)ကြိမ်မြောက် ဂျပန်- မဲခေါင်ဒေသ ထိပ်သီးအစည်းအဝေးကို ကျင်းပနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်မိပါသည်။

ယခုနှစ်မှာ အာဆီယံအသိုက်အဝန်းကဖွဲ့စည်းသည့် သမိုင်းမှတ်တိုင်နှစ်ဖြစ်ပြီး အတူတကွ ကြီးပွားတိုးတက်သွားမည့် ဒေသနိုင်ငံများ၏ ခေါင်းဆောင်များနှင့် ဂျပန်နိုင်ငံ၏ လုပ်ဖော်ကိုင်ဖက်ရပ်တည်မှုနှင့် ပတ်သက်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ပြီး ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ခြင်းကို လုပ်ဆောင်ပြီးအပြန်အလှန်သဘောတူနိုင်ခြင်းသည် အလွန်အရေးကြီးပါသည်။ ထို့ပြင် ယနေ့ရွေးချယ်မည့်(အသွင်သစ်တိုကျို မဟာဗျူဟာ ၂၀၁၅)မှတစ်ဆင့် အာဆီယံအသိုက်အဝန်း ဖွဲ့စည်းခြင်းအပေါ်မှာ မဲခေါင်ဒေသနိုင်ငံများကို ကောင်းချီးသြဘာပေးလိုပါသည်။

လေယာဉ်ပျံပေါ်မှမြင်ရသည့် စိမ်းလန်းစိုပြည်သောမြေပြင်၊ လမ်းမသို့ထွက်လျှင်လည်း အားမာန်အပြည့်ဖြင့် လှုပ်ရှားနေသောဈေးနှင့်ရုံးခန်းများ၊ ၎င်းနောက် အစဉ်အလာရှိခဲ့သည့် ယဉ်ကျေးမှုနှင့်ဓလေ့ရိုးရာ၊ ကျွန်တော်သည် ၂၀၁၂ ခုနှစ်တွင် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်အချိန်က ပထမဦးစွာနိုင်ငံခြားအလည်အပတ် ခရီးစဉ်အဖြစ် မဲခေါင်ဒေသသို့ သွားရောက်ခဲ့သည့်အခါတိုင်း ၎င်းအချိန်တွင်ရော နောက်ပိုင်းမှာပါ မဲခေါင်ဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များသည် ကျွန်တော့်ကို ဆွဲဆောင်မှုရှိပါသည်။

ကုန်းလမ်း၊ ရေလမ်းပို့ဆောင်ရေး ဗဟိုချက်ဖြစ်သည့် မဲခေါင်ဒေသ၏ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် ဂျပန်နိုင်ငံအတွက် အရေးကြီးပါသည်။ ထို့ပြင် အနာဂတ်မှာ ကြွယ်ဝချမ်းသာစွာ တိုးတက်နိုင်သည့် လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် အတူတကွရှင်သန်နေထိုင်သွားမည်ဟု မျှော်လင့်ထားပါသည်။

ယခုချိန်အထိ မဲခေါင်ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမှ ဒေသတွင်းဆက်နွယ်မှုများတိုးတက်သည်အထိ ဘိုးဘွားဘီဘင်များက အစွမ်းကုန်ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ ထို့ပြင် ဂျပန်လူမျိုးများက ဒီအတွက်အလုပ်လုပ်ပြီး မတည်ငွေနှင့် နည်းပညာအတွေ့



ဂျပန်အစိုးရ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး။

အကြုံများကို ဂျပန်နိုင်ငံမှ ယင်းဒေသများဆီသို့ ရောက်သွားပြီဖြစ်ပါသည်။

မဲခေါင်ဒေသတွင် အာရှအရှေ့အနောက်စီးပွားရေးလမ်းမဆောက်လုပ်ခြင်းစသည့် ဂျပန်နိုင်ငံ၏ ဆက်လက်ကြိုးစားအားထုတ်မှုများသည် လက်တွေ့တိုးတက်မှုများကို မြင်တွေ့နေရပါသည်။ ယခုနှစ်ထဲမှာလည်း ဗီယက်နမ်နိုင်ငံ၌ ဇန်နဝါရီလတွင် နိုဘိုင်(Noi Bai)အပြည်ပြည်ဆိုင်ရာလေဆိပ်အမှတ်(၂)ဆိုက်ရောက်ထွက်ခွာ အဆောက်အအုံနှင့် ညတန်(Nhat Tan)တံတားပြီးစီးခြင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် Tsubasa တံတားကို ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံက အတွေ့အကြုံနှင့် နည်းပညာအမျိုးမျိုးကို မဲခေါင်ပြည်သူများထံ အစွမ်းကုန်ပေးအပ်ချင်ပါသည်။

အခြေခံအဆောက်အအုံ တိုးတက်ဖွံ့ဖြိုးခြင်းသာမက ဉာဏပိုင်းတွင်လည်း ဝိုင်းဝန်းကူညီပေးခြင်းသည် အသွင်သစ် တိုကျိုမဟာဗျူဟာ၏ မဏ္ဍိုင်တစ်ခုဖြစ်ပါသည်။ နိုင်ငံအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့် တရားဥပဒေစနစ်တိုးတက်ရန်အတွက် ဂျပန်နိုင်ငံက တတ်စွမ်းသမျှ ဝိုင်းဝန်းလုပ်ဆောင်သွားပါမည်။

ဂျပန်အစိုးရသည် (အရည်အသွေးမြင့်မားသော အခြေခံအဆောက်အအုံ)စီးပွားဖက်အဖြစ်ကို ကြေညာပြီး ADB နှင့် စည်းလုံးညီညွတ်စွာလက်တွဲပြီး ငါးနှစ်အတွင်း ၁၁၀ ဘီလီယံ ဒေါ်လာပမာဏရှိသော (အရည်အသွေးမြင့်မားသောအခြေခံအဆောက်အအုံ) ရင်းနှီးမြှုပ်နှံမှုကို အာရှဒေသအတွက်ပေးအပ်ပါမည်။ မဲခေါင်ဒေသသည် အရေးကြီးဆုံးဒေသဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု၏ အသီးအပွင့်ကို အတူတကွပျိုးထောင်သွားကြပါစို့လား။

မဲခေါင်ဒေသ၏ဖွံ့ဖြိုးတိုးတက်လာမည့်အနာဂတ်ကို မြင်ချင်ပါသည်။ စွမ်းအင်လိုအပ်မှုများပြားလာခြင်းနှင့် ကားအစီးရေများပြားလာသည့်အပေါ်မှာ အခြေခံအဆောက်အအုံနှင့် လူနေမှုစနစ်ကို အဆင့်မြှင့်ပေးရန်လိုအပ်ပါသည်။ သက်ကြီးရွယ်အိုအရေအတွက် များပြားလာသည့် လူမှုရေးနယ်ပယ်တွင် ကျန်းမာရေးနှင့် ဆေးကုသပေးသည့်ဝန်ဆောင်မှု အဆင့်မြှင့်ပေးရမည်ဖြစ်ပါသည်။ ထူးခြားဆန်းသစ်သော စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန် အရေးကြီးပါသည်။

ဂျပန်နိုင်ငံသည် သယံဇာတနည်းပါးသော ကျွန်းနိုင်ငံအနေဖြင့် အသုံးချရမည့် စွမ်းအင်ပမာဏကိုလျှော့ချနိုင်ခဲ့ပါသည်။ ငလျင်နှင့် ဆူနာမိကဲ့သို့ သဘာဝဘေးအန္တရာယ်ကိုလည်း အကြိမ်ကြိမ်ဖြေရှင်းနိုင်ခဲ့ပါသည်။ ဤကဲ့သို့သော ဂျပန်နိုင်ငံ၏ အတွေ့အကြုံကိုလည်း မျှဝေပေးချင်ပါသည်။ အစိမ်းရောင်မဲခေါင်ဒေသကို အကောင်အထည်ဖော်ပြီး အရည်အသွေးမြင့်မားစွာ ကြီးပွားတိုးတက်အောင် အထောက်အကူပြုချင်သည့် ဆန္ဒရှိပါသည်။ ဒါက စိတ်ထဲမှာတကယ်ရှိသည့် ဆန္ဒဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးသည် အသစ်တစ်ဖန်တိုးတက်မှုအဆင့်တစ်ဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် အစိုးရ၊ ပုဂ္ဂလိကပူးပေါင်း၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများကို ကူညီထောက်ပံ့လာခဲ့ပါသည်။ ထိုအခါ မြန်မာပြည်သူပြည်သားများအနေဖြင့် ပြုပြင်ပြောင်းလဲရေး တိုးတက်အောင်မြင်မည်ဆိုလျှင် ကြွယ်ဝချမ်းသာလာနိုင်မည်ဟု လက်တွေ့ခံစားသိရှိစေဖို့က အရေးကြီးသည်ဟု ထင်မြင်ယူဆမိပါသည်။ ၎င်းယူဆချက်ဖြင့် ဂျပန်နိုင်ငံသည် ရန်ကုန်မြို့ဆင်ခြေဖုံးဒေသဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန် တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးလုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုစီးပွားပြုပြင်ပြောင်းလဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုသည် အရေးကြီးသောအချိန်ကို ရောက်ရှိနေပြီဖြစ်ပြီး ဂျပန်အစိုးရသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်လျက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းချက်များကို အခိုင်အမာ ကူညီထောက်ပံ့သွားရန် ဆုံးဖြတ်ထားပါသည်။

ယခုအကြိမ် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးနှင့် တိုက်ဆိုင်ကာ ဂျပန်-မဲခေါင် (၁၅)နှစ်အောက် ဘောလုံးအားကစား နှီးနှောဖလှယ်ခြင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မဲခေါင်နိုင်ငံအသီးသီးမှ (၁၅)နှစ်အောက် ဘောလုံးကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ဂျပန်နိုင်ငံမှ အရွယ်တူလူငယ်ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး နှီးနှောဖလှယ်စေခဲ့ပါသည်။ သူတို့သည် ၂၀၂၀ ခုနှစ် တိုကျိုအိုလံပစ်မျိုးဆက်သစ်များဖြစ်ပါသည်။ ယခုလက်ရွေးစင်အားကစားသမားများထဲမှ ဖြစ်နိုင်သလောက် အများအပြားက ယခုတစ်ခေါက် အိုလံပစ်အားကစားသမားတွေအဖြစ် ၂၀၂၀ ခုနှစ်မှာ တိုကျိုကိုအရောက်ပြန်လာကြလိမ့်မည်ဟု မျှော်လင့်နေပါသည်။

ဂျပန်နှင့် မဲခေါင်ဒေသနိုင်ငံများက နှစ်ပေါင်းများစွာ ထူထောင်ခဲ့သော ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် လက်တွဲညီညီဖြင့် အာရှနှင့် နိုင်ငံတကာအသိုက်အဝန်းအားလုံး၏ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးအတွက် ဆက်လက်ထောက်ပံ့သွားနိုင်ဖို့ မျှော်လင့်ရင်း သမ္မတကြီးဦးသိန်းစိန်နှင့် အခြားမဲခေါင်ဒေသ ခေါင်းဆောင်များကို တိုကျိုမြို့မှာ ကြိုဆိုရမည့်အချိန်ကို ပျော်ရွှင်စွာမျှော်လင့်စောင့်စားလျက်ရှိပါသည်။

**ဂျပန်အစိုးရ ဝန်ကြီးချုပ်**
**ရှင်ဇိုအာဘေး**

# (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒသမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲ နံနက်ပိုင်းတွင် ယမန်နေ့က အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည့် ကျောက်စိမ်းအတွဲ အမှတ် ၇၂၅၁ မှ အတွဲအမှတ် ၈၆၀၈ အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၃၅၈ တွဲအတွက် တင်ဒါအောင်စာရင်းကို ကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမ သတ်မှတ်နေရာများ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် ကြည့်ရှုရွေးချယ်မှတ်သားကြသည်။ **(အပေါ်ယာပုံ)**



ယခုပြပွဲ၌ ဇူလိုင် ၄ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၈၆၀၉ မှ အတွဲအမှတ်၈၇၂၈အထိ ကျောက်စိမ်းအတွဲပေါင်း ၁၂၀ ကိုလည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် ကျောက်စိမ်း အတွဲအမှတ် ၈၇၂၉ မှ အတွဲအမှတ် ၈၈၄၈ အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၂၀ ကို လည်းကောင်း၊ ဇူလိုင် ၆ ရက်တွင် ၈၈၄၉ မှ အတွဲအမှတ် ၈၉၄၃ အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၉၅ တွဲကို လည်းကောင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၃**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းများထဲတွင် သက်တမ်းတိုသည့်စာရင်း၌ ပါဝင်နေ

**နေပြည်တော်  ဇူလိုင်  ၃**

မိခင်နှင့်ကလေးသေဆုံးမှုကျဆင်းရေး အရှိန်အဟုန်မြှင့်လုပ်ငန်း စတင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်၍ အမှာစကား ပြောကြားသည်။



အခမ်းအနားတွင် ဒုတိယသမ္မတက မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေ ၅၁ သန်းကျော်တွင် မွေးဖွားမှု၊ သေဆုံးမှုစာရင်းမှတ်ပုံတင်ရေးအဖွဲ့ တင်ပြချက်အရ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မွေးဖွားဦးရေ ၆၄၅၀၀၀ ကျော်ဖြစ်ပြီး သေဆုံးဦးရေ ၂၃၅၀၀၀ ကျော်ဖြစ်ပါကြောင်း၊ သေဆုံးဦးရေသည် မွေးဖွားဦးရေ၏ ၃၆ ဒသမ ၄၃ ရာခိုင်နှုန်း ရှိသည့်အတွက် လူဦးရေ ၁၀၀ မွေးဖွားတိုင်း ၃၆ ဦး သေဆုံးနေသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခုကဲ့သို့ သေဆုံးမှုမြင့်နေခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းသည် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက အနိမ့်ဆုံးအုပ်စုထဲတွင် ပါဝင်စေသည့် အကြောင်းရင်းတစ်ခုဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှဒေသနိုင်ငံများထဲတွင် ပျမ်းမျှမျှော်မှန်းသက်တမ်း အရှည်ဆုံးမှာ စင်ကာပူနိုင်ငံ(၈၃)နှစ်ဖြစ်ပြီး အနိမ့်ဆုံးမှာ အိန္ဒိယနိုင်ငံ(၆၆)နှစ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် (၆၆ ဒသမ ၈)နှစ်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်းများထဲတွင် သက်တမ်းတိုသည့် စာရင်း၌ ပါဝင်နေပါကြောင်း။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲမှ ပျမ်းမျှမျှော်မှန်းသက်တမ်းကို ကြည့်လျှင်လည်း မကွေးတိုင်းဒေသကြီးသည် (၆၀ ဒသမ ၆) နှစ်ဖြစ်၍ သက်တမ်းအတိုဆုံးဖြစ်ပါကြောင်း၊ (၁)နှစ်အောက်နှင့် (၅)နှစ်အောက်ကလေးသေဆုံးမှုနှုန်းတွင်လည်း အများဆုံးမှာ မကွေးတိုင်းဒေသကြီးဖြစ်ပါကြောင်း။

(၅)နှစ်အောက်ကလေးများ သေဆုံးရသည့် အကြောင်းအရင်းများမှာ နေ့စေ့ လစေ့ မဟုတ်ဘဲ မွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်ခြင်း၊ အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ ဦးနှောက်ပိုးဝင်ခြင်း၊ မွေးဖွားစဉ် ရေမွန်းခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ မွေးကင်းစ အသားဝါဖြစ်ခြင်း၊ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ဗီတာမင်ဘီဝမ်း အာဟာရချို့တဲ့ခြင်း၊ မတော်တဆအန္တရာယ်ဖြစ်ခြင်း၊ သွေးအဆိပ်တက်ခြင်း အစရှိသည့် ရောဂါများကြောင့် ဖြစ်ပါကြောင်း။

အဆိုပါရောဂါများကြောင့် မြန်မာနိုင်ငံ၏ (၅)နှစ်အောက်ကလေးသေဆုံးမှုသည် အကြမ်းအားဖြင့် တစ်နှစ်အတွင်း ၆၅၀၀၀ နီးပါး သေဆုံးပြီး တစ်နာရီလျှင် ကလေး ရှစ်ဦးနှုန်းခန့် သေဆုံးနေပါကြောင်း၊ သက်ဆိုင်ရာ မိသားစုများအတွက် ဝမ်းနည်းကြေကွဲရသလို နိုင်ငံတော်အတွက်လည်း တန်ဖိုးမဖြတ်နိုင်သည့် ဆုံးရှုံးမှုများပင် ဖြစ်ပါကြောင်း၊ ယင်းသေဆုံးမှုထဲတွင် ကျေးလက်နေကလေးများ၏ သေဆုံးမှုသည် မြို့ပြနေကလေးများ၏ သေဆုံးမှုထက် ပိုများနေသည်ကို တွေ့ရပါကြောင်း၊ (၅)နှစ်အောက်ကလေးများ အပါအဝင် မြို့ပြနေပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သကဲ့သို့ ကျေးလက်နေပြည်သူလူထုအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ပေးနိုင်မှသာ ဆုံးရှုံးမှုများ လျော့ကျလာမည်ဖြစ်ပါကြောင်း။

လူနေမှုအချက်အလက်များကို ကြည့်ခြင်းဖြင့် မကွေးတိုင်းဒေသကြီး၏ အခြေအနေသည် အလယ်အလတ်အဆင့်အထက်တွင် ရှိသည်ကို တွေ့ရပါကြောင်း၊ သို့သော် လူနေမှုအညွှန်းကိန်းများ နိမ့်ကျနေမှုသည် အခြားသော အခြေခံအဆောက်အအုံများ ပြည့်စုံမှု၊ မပြည့်စုံမှု၊ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတပြည့်ဝမှု၊ မပြည့်ဝမှု၊ ကျန်းမာရေးလေ့လာလိုက်စားမှု ရှိ၊ မရှိနှင့် မိသားစု စားသောက်မှုပုံစံများအပေါ်တွင် တည်ရှိနေပါကြောင်း။

ယခုကဲ့သို့ မကွေးတိုင်းဒေသကြီးအတွင်း (၅)နှစ်အောက်ကလေး သေဆုံးမှုမြင့်မားနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် ကျန်းမာရေးဌာနဆိုင်ရာဝန်ထမ်းများ၏ စွမ်းဆောင်မှုတစ်ခုတည်းဖြင့် သေဆုံးမှုကျဆင်းရန်၊ မျှော်မှန်းသက်တမ်း ပိုရှည်ရန် စွမ်းဆောင်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့်အတူ ဌာနဆိုင်ရာ အဆင့်ဆင့်နှင့် မြို့ပြ၊ ကျေးလက်လူထုလူတန်းစားများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှသာ သေဆုံးမှုနှုန်းကျဆင်းလာမည်ဖြစ်ပါကြောင်း။

ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး၏ (၅)နှစ်အောက်ကလေးနှင့် မိခင်သေဆုံးမှုကျဆင်းလာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ပြီး ပြည်သူလူထု၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် မည်သို့မည်ပုံပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့အတူ လူလတ်၊ လူငယ်၊ လူကြီးအရွယ် သေဆုံးမှုလျော့ပါးလာရေးအတွက် ငှက်ဖျား၊ တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် စသည့်ရောဂါကြီးများမှအစ ကူးစက်တတ်သည့် အခြားရောဂါများ ကာကွယ်တားဆီး ကုသတိုက်ဖျက်ရေးတွင်လည်းကောင်း၊ မကူးစက်တတ်သော်လည်း တစ်ချိန်ချိန်တွင် ဒုက္ခအကြီးအကျယ်ပေးတတ်သည့် ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာနှင့် မော်တော်ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှု၊ သဘာဝဘေးဒဏ်နှင့် လူသားတို့ကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သိသာစွာလျော့ချနိုင်မှသာ မကွေးတိုင်းဒေသကြီး အပါအဝင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး သေဆုံးမှုနှုန်း လျော့ကျလာမည်ဖြစ်ပြီး လူ့ပျမ်းမျှမျှော်မှန်းသက်တမ်းသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တာဝန်ရှိသူအားလုံးက မိခင်၊ (၅)နှစ်အောက်ကလေးများ အပါအဝင် အရွယ်သုံးပါး သေဆုံးမှုကျဆင်းရေးလုပ်ငန်းများတွင် မိမိတတ်စွမ်းသည့်ဘက်မှ ပါဝင်ဆောင်ရွက်ကြပြီး မကွေးတိုင်းဒေသကြီး၏ မျှော်မှန်းသက်တမ်းမြင့်တက်လာရေးမှသည် တစ်နိုင်ငံလုံးမျှော်မှန်းသက်တမ်း တိုးမြှင့်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံဆေးပေးခန်း၊ ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းအင်အားနှင့် မိခင်နှင့် ကလေးကျန်းမာရေးအခြေအနေနှင့် အသက် (၅)နှစ်အောက်ကလေးနှင့်မိခင်သေဆုံးမှုကျဆင်းရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်လေဆိပ်သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်းနှင့်ငွေများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် သံတွဲမြို့နယ် မကျဉ်းချောင်း(အမက) သို့ရောက်ရှိကြပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း တောင်ကုတ်မြို့နယ် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။**

ထို့နောက် တောင်ကုတ်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်လှူဒါန်းခဲ့သည့် ဘာယေကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ် ချောင်းကောက်ရပ်ကွက် ဦးဥတ္တမလင်း ဘုတ်ဆိပ်ဆေးဆိုင်ခန်းများရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေအားကြည့်ရှုစစ်ဆေးခဲ့ပြီး တောင်ကုတ်မြို့နယ်ရှိ ရေဘေးသင့်အိမ်ထောင်စု ၁၀၃ စု အတွက် အဝတ်အထည်၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေတို့အား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်-မအီ ကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၁၄/၆)၌ သဘာဝရေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ငှက်ပျောချောင်းတံတားကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မအီမြို့နယ်(အထက) သို့ ရောက်ရှိပြီး ရေနစ်မြုပ်မှုကြောင့် ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်လှစ်နိုင်ရေးနှင့် ဒေသခံ ကျောင်းသား ကျောင်းသူများ ပညာအမြန်သင်ကြားနိုင်ရေးအတွက် စာသင်ခုံ ၅၀ နှင့် ကျောင်းဝတ်စုံ ၅၀ တို့ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းရေးရာ

# မြန်မာ-ဂျပန် ဥပဒေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ကိုမဲအိတို ပါတီဥက္ကဋ္ဌ Mr. Natsuo Yamaguchi တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ သဘာဝဘေးဒဏ်ကာကွယ်ရေး၊ နာဂစ်မုန်တိုင်းဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေး၊ မြန်မာ - ဂျပန် ဥပဒေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ကိုမဲအိတိုပါတီသည် ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးခေါင်းဆောင်သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ညွန့်ပေါင်းအစိုးရတွင် ပါဝင်သော ပါတီဖြစ်သည်။

တွေ့ဆုံပွဲတွင် ကိုမဲအိတိုပါတီ ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် မစ်ဆူအီကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Ambe Shintaroနှင့်အဖွဲ့တို့ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး၊ ဆန်စပါး ထုတ်လုပ်မှု အရည်အသွေးမြှင့်တင်ရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

မစ်ဆူအီကုမ္ပဏီသည် ၁၉၀၇ ခုနှစ်ကပင် မြန်မာနိုင်ငံ၌ ရုံးခန်းဖွင့်လှစ်ပြီး မြန်မာ့ဆန်များကို ဂျပန်နိုင်ငံနှင့် အခြားနိုင်ငံများသို့ တင်ပို့ခဲ့သည်။ နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးချိန်တွင် မြန်မာနိုင်ငံ၌ ရုံးပြန်လည်ဖွင့်လှစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် မစ်ဆူအီကုမ္ပဏီနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ပူးပေါင်းပြီး ၄၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ဆန်များကို ဂျပန်နိုင်ငံသို့ စတင် တင်ပို့နိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် Hotel New Otani ၌ ကျင်းပသည့် မဲခေါင်-ဂျပန် Parliamentary Friendship Association ၏ အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(အောက်ပုံ)** **(သတင်းစဉ်)**





# ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန်အက်ဖ်၊ ကယ်ရီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဂျပန်-မဲခေါင် ယူ-၁၅ ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့်(၆)နေရာရရှိ

**ရန်ကုန် ဇူလိုင် ၃**

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဂျပန်-မဲခေါင် ယူ-၁၅ ဘောလုံးပြိုင်ပွဲကို ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာ ယူ-၁၅ အသင်းသည်အဆင့်(၅)နေရာလုပွဲတွင် ဂျပန်ကလပ် ကိုဘေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ကာ အဆင့်(၆)နေရာသာ ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဂျပန် ယူ-၁၅ အသင်းက ချန်ပီယံဆုရရှိခဲ့ပြီး ဂျပန်ကလပ် ဟီရိုရှီးမားအသင်းက ဒုတိယ၊ ဗီယက်နမ်အသင်းက တတိယ၊ လာအိုအသင်းက အဆင့်လေး၊ ဂျပန်ကလပ် ကိုဘေးအသင်းက အဆင့် ငါး၊ မြန်မာအသင်းက အဆင့်ခြောက်၊ ထိုင်းအသင်းက အဆင့် ခုနစ်နှင့် ကမ္ဘောဒီးယားအသင်းက အဆင့်ရှစ်နေရာတို့ ရရှိခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် မြန်မာဘောလုံးအကယ်ဒမီမှကစားသမားများဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**(ဖိုးသော်ဇင်)**

# သတင်းမီဒီယာနည်းဥပဒေအရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

သတင်းမီဒီယာနည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို တရားမျှတမှန်ကန်မှုနှင့် စနစ်တကျဖြစ်စေရန် ဖွဲ့စည်းနိုင်ရေး ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ယုဇနတာဝါရှိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက သတင်းမီဒီယာ နည်းဥပဒေများအရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဖွဲ့စည်းရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က လိုအပ်ချက်များကို ဆွေးနွေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။**(ယာပုံ)**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး မြန်မာနိုင်ငံစာနယ်ဇင်းကော်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်တက်ရောက်လာကြသူများက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆည်ရေသောက်စနစ်များတွင် ရေပေးမြောင်းများသာမက ရေထုတ်မြောင်းများကို တစ်ပါတည်းပူးတွဲတည်ဆောက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၏ ဆည်မြောင်းစီမံကိန်းနှင့် ရေအရင်းအမြစ်အသုံးချရေးစီမံကိန်းများကို ရေပေးမြောင်းစနစ်များသာမက ရေထုတ်မြောင်းစနစ်များကိုပါ ထည့်သွင်း၍ တစ်ပါတည်း ပူးတွဲတည်ဆောက်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများအနေဖြင့် နိုင်ငံတစ်ဝန်းတွင် တည်ဆောက်ပြီး ရေလှောင်တမံ၊ ရေလွှဲဆည်၊ ဆည်ရေသောက်စနစ်နှင့် မြစ်ရေတင်စီမံကိန်းများကို စနစ်တကျ ထိန်းသိမ်းပြီး စိုက်ပျိုးရေးအတွက် လိုအပ်သောရေကို လိုအပ်သည့်အချိန်၌ လိုအပ်သောပမာဏအတိုင်း လေလွင့်မှုအနည်းဆုံးဖြင့် ပေးဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် စိုက်ပျိုးပြီးသီးနှံများ ရေကြီးနစ်မြုပ်ခြင်း၊ ရေဝန်ဝင်ရောက်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရေဘေးကာကွယ်ရေးတာတမံ၊ ရေဝန်တားတာနှင့် ရေတံခါးများတည်ဆောက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဒေသလိုအပ်ချက်အရ ဦးစားပေးအစီအစဉ်သတ်မှတ်ကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်လျာထားသည့် ဆည်မြောင်းစီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများ၏ ဆည်ရေသောက်စနစ်များတွင် ရေပေးမြောင်းများသာမက ပိုလျှံရေများကို ထုတ်နုတ်နိုင်မည့် ရေထုတ်မြောင်းများကို တစ်ပါတည်းပူးတွဲတည်ဆောက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုန်းတိန့်၏ **ဝေးလံခေါင်သီသော ဒေသများတွင်တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများ ခံစားလျက်ရှိသည့် ဒေသစရိတ်နှုန်းထားများအား ယာယီပြင်ဆင်လျှော့ချထားခြင်းကို အမြန်ဆုံးပြန်လည်ထပ်မံတိုးမြှင့်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ၂၀၁၅ ခုနှစ် ဧပြီလ လစာမှစ၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများကို တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဒေသစရိတ်ခံစားခွင့်ပြုထားသည့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ခဲ့သည့် မြို့နယ်(၁၁၀)ကို ပြန်လည်သုံးသပ်စိစစ်ရန်နှင့် ထပ်မံတင်ပြလာမှုများကို သတ်မှတ်စံနှုန်းနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်သုံးသပ်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီး အခြေခံစဉ်းစားရမည့်အချက်(၁၀)ချက်နှင့်အညီ စိစစ်သုံးသပ်သွားရန်စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဦးခင်ဇော်။



စဉ့်ကိုင်မဲဆန္ဒနယ်မှ
ဦးကြည်ပြုံး။

တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စိစစ်ရေးကော်မတီအနေဖြင့် သုံးသပ်မှုအစီရင်ခံစာကို ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီသို့ တစ်လအတွင်း တင်ပြရန်နှင့် တင်ပြချက်များအပေါ် အမှတ်ပေးစနစ်ဖြင့် သုံးသပ်၍ လူမှုရေးခက်ခဲမှုမရှိသည့် ဒေသ၊ လူမှုရေးခက်ခဲသော ဒေသနှင့် လူမှုရေးအခက်အခဲဆုံးဒေသများဟူ၍ ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပြီး လူမှုရေးခက်ခဲသောဒေသနှင့် လူမှုရေးအခက်အခဲဆုံးဒေသအဖြစ် သတ်မှတ်ခံရသည့် မြို့နယ်၊ ကျေးရွာများအလိုက် ဒေသစရိတ်ခံစားခွင့်ပြုမည့် နှုန်းထားသစ်များကို တွက်ချက်၍ ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုလတ်တလော၌ ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဧပြီလ ၁၀ ရက် ရက်စွဲဖြင့် ဒေသစရိတ်နှုန်းထားများကို ယာယီအစီအစဉ်ဖြင့် သတ်မှတ်ပေးခဲ့ပါကြောင်း ဖြေကြားသည်။

ထို့နောက် **မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကြမ်း၊ သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြား

**နေပြည်တော် ဇူလိုင် ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၆) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၏ **တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးရေးနှင့် ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ စတင်တည်ထောင်ခဲ့စဉ်ကပင် တာဝန်ရှိပုဂ္ဂိုလ်များ စီစဉ်ထားရှိခဲ့သည့် "ဖွံ့ဖြိုးရေးမြေကွက်လပ်"တွင် ဒေသခံပြည်သူများ လိုအပ်ချက်အရ "တန်ဖိုးနည်းအိမ်ရာ"များ ဖော်ထုတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြေနေရာသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးစဉ် ပန်းခြံအဖြစ်သတ်မှတ်ထားသော နေရာဖြစ်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပန်းခြံအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်



ဒုတိယဝန်ကြီး
ဦးကျော်ကျော်ဝင်း။

သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **ရန်ကုန်စည်ပင်သာယာရေး နယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မီးပွိုင့်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရာ၌ လုပ်ငန်းအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေပေးချေရခြင်း သက်သာစေရန် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် မီးပွိုင့်ဧရိယာတွင် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခွင့်ပြုသည့်လုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခွင့်ပြုရန် မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု အင်တော-ယာကြီးပြင်လမ်းအား အဆင့်မြှင့်တင် ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရေနံချောင်းမြို့နယ်အတွင်းရှိ အင်တောကျေးရွာအုပ်စု အင်တော-ယာကြီးပြင်လမ်းရှိ အရှည်(၁၅)မိုင် (၁)ဖာလုံ အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က



ရန်ကုန်တိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု။

ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း**ပါ ပြင်ဆင်ရန်အချက်ပေါင်း ၁၀၃ ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ နေပြည်တော်ကောင်စီဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ**တို့ကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာများ ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ၂၀၁၅(၁၃၇၇)ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ၊ လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးစာဖြေဌာန ၅၀ တို့တွင် ဖြေဆိုသူ ၁၉၉၁၃ ဦးအနက် ဓမ္မာစရိယသုံးကျမ်းအောင် ၁၁၇၀၊ နှစ်ကျမ်းအောင် ၁၇၉၉ ဦး၊ တစ်ကျမ်းအောင် ၂၃၄၅ ဦး၊ ပါဠိဂုဏ်ထူးအောင် နှစ်ဦးနှင့် မြန်မာဂုဏ်ထူးအောင် ၁၀ ဦးတို့အောင်မြင်သဖြင့် ၂၆ ဒသမ ၇၅ ရာခိုင်နှုန်း အောင်မြင်သည်။

၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များတွင် ဓမ္မာစရိယသုံးကျမ်းအောင်အနက် နိုင်ငံတစ်ဝန်းလုံး ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ ဖော်ပြပါအတိုင်းဖြစ်သည်-

| | | | |
|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာအကျော်) | ခုံအမှတ်စ/၄၂၂ | ဦးဝိမလ ကြည်သာအေးမြကျောင်း ပြည်မြို့ ပဲခူးတိုင်းဒေသကြီး။ |
| ၂။ | ဒုတိယ | ခုံအမှတ် ကရ/၂၇၉၁ | အရှင်သြဘာသ အသောကသီတဂူ ကျောင်းတိုက် သယ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၃။ | တတိယ | ခုံအမှတ် ကရ/၂၂၄၈ | အရှင်ဥတ္တရိယ မဟာဗောဓိကျောင်းတိုက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၄။ | သီလရှင် (ပထမ) | ခုံအမှတ် ဃ/၂၂၀၁ | ဒေါ်ဉာဏသီ ဝိပဿနာမဟာဂန္ဓာရုံ ကျောင်းတိုက် ဝါးချက်ရွာ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |

၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများ၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ဇူလိုင် ၄ ရက်မှစ၍ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(ကြေးမုံ)**

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်က လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံ

**တိုကျို ဇူလိုင် ၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ ဂျပန်နိုင်ငံဘုရင် အကီဟီတိုက (၇)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် လက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။

အဆိုပါဧည့်ခံပွဲသို့ မဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ တက်ရောက်ကြသည်။

ဂျပန်ဘုရင် အကီဟီတိုသည် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

ထို့နောက် ဂျပန်ဘုရင်က ဧည့်သည်တော်များအား လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ကြည့်ရှုလေ့လာ



**တိုကျိုမြို့ရှိ Minamiaoyama IDOL ၌ ကျင်းပသည့် မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့ တက်ရောက်လာကြစဉ်။** (သတင်းစဉ်)

**တိုကျို ဇူလိုင် ၃**

မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲကို ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် တိုကျိုမြို့ရှိ Minamiaoyama IDOL ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပြပွဲသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ ပြပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲတွင် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မဲခေါင်ဒေသခွဲနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အိမ်တော်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**




**တိုကျိုမြို့ရှိ Minamiaoyama IDOL ၌ ကျင်းပသည့် မြန်မာဖက်ရှင်နှင့် လက်မှုပညာပြပွဲကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဇနီးတို့ ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

### ❒ စင်ကာပူမှ

ရှားပါးလက်ဝတ်ရတနာများနှင့် တစ်ပွင့်လျှင် အမေရိကန်ဒေါ်လာ ၁ သန်းကျော်တန်သည့် အရောင်အသွေးစုံ ကျောက်မျက်ရတနာများ အပါအဝင် အီတလီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ အစရှိသော နိုင်ငံ ၂၆ နိုင်ငံမှ ပြပွဲတင်သူ ၂၀၀ က အမေရိကန်ဒေါ်လာ သန်း ၁၅၀ ထက်မနည်း တန်ကြေးရှိသော လက်ဝတ်ရတနာများ ခင်းကျင်းပြသထားသည့် ယင်းပြပွဲအား ဇူလိုင် ၂ ရက်မှ ၅ ရက်ထိ Marina Bay Sands Convention Center ၌ ကျင်းပလျက်ရှိသည်။ ပြီးခဲ့သည့် မေလအတွင်းကလည်း ခိုသွေးရောင် ရှားပါးမြန်မာ့ပတ္တမြား လက်စွပ်တစ်ကွင်းအား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် Sotheby လေလံပွဲ၌ ကမ္ဘာ့စံချိန်တင်ဈေး အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ဖြင့် ရောင်းချခဲ့သေးသည်။ မြန်မာ့ပတ္တမြားများမှာ အရည်အသွေးကောင်းမွန်မှုကြောင့် ကမ္ဘာ့ကျောက်မျက်ရတနာ ဈေးကွက်တွင် အမြင့်ဆုံးဈေးဖြင့် ရောင်းချလေ့ရှိသည်။

မလေးရှား လက်ဝတ်ရတနာကုမ္ပဏီ Jeweller DeGem က ခင်းကျင်းပြသထားသော အဆိုပါ မြန်မာ့ပတ္တမြားအရိုင်းပွင့်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းထိ တန်ကြေးသတ်မှတ်ထားသော ရှားပါးမြန်မာ့ပတ္တမြားလက်စွပ်တစ်ကွင်းနှင့် စိန်ပွင့်များ၊ “Pinnnacle of the Ocean” ဟု အမည်ပေးထားသည့် အမေရိကန်ဒေါ်လာ ၂ သန်းတန်ကြေးရှိသော ၃၈ ကာရက်ရှိ မြန်မာနိုင်ငံထွက် နီလာတစ်ပွင့်ကိုလည်း ခင်းကျင်းပြသထားသည်။ လေးရက်ကြာကျင်းပမည်ဖြစ်သည့် စင်ကာပူနိုင်ငံ၏ အကြီးမားဆုံးသော အဆိုပါလေးကြိမ်မြောက် လက်ဝတ်ရတနာနှင့် ကျောက်မျက်ပြပွဲသို့ စိတ်ပါဝင်စားသူ ၁၅၀၀၀ လာရောက် ကြည့်ရှုမည်ဟု မျှော်မှန်းထားသည်။

အားကစားမြင့်တင် စိတ်လန်းရွှင်

### ❖ ကျောဖုံးမှ

၁-၇-၂၀၁၅ ရက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံလုံးဆိုင်ရာ ဝင်ငွေကိုအခြေခံသည့် Gross National Income per capita (GNI) တစ်ဦးချင်းဝင်ငွေ တိုးတက်လာသည့် နိုင်ငံ ၁၀ နိုင်ငံထဲတွင် ပါဝင်လာသဖြင့် နောက်တစ်ဆင့်ဖြစ်သည့် အလယ်အလတ်တန်းအဆင့် ဝင်ငွေမြင့်မားသည့် နိုင်ငံအဆင့်(Upper Middle-Income Countries) ကို တက်လှမ်းနိုင်မည်ဖြစ်ကြောင်း ဆိုသည်။

ကမ္ဘာ့ဘဏ်က ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်း အသားတင်ထုတ်လုပ်မှု (GDP) ကို အခြေခံပြီး တွက်ချက်ထားသည့် တစ်ဦးချင်းဝင်ငွေနှုန်းထားမှာ အမေရိကန်ဒေါ်လာ ၁၃၂၅ ဒေါ်လာရှိကြောင်း သိရသည်။ **(ကျော်သဲအိမ်)**

ပြည်တွင်းရေးရာ

# (၇)ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်လွှတ်တော် ဥက္ကဋ္ဌများ တွေ့ဆုံ



**တိုကျို ဇူလိုင် ၃**

(၇)ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် လွှတ်တော်ဥက္ကဋ္ဌများသည် ယနေ့ ညနေပိုင်းတွင် ဂျပန်နိုင်ငံ လွှတ်တော်အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

ညနေ ၄ နာရီတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ တာဒါမိုရီ အိုရှီးမာတို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မာဆာကီ ယာမဇာကီ နှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် သမ္မတနှင့် အဖွဲ့ဝင်များသည် အောက်လွှတ်တော် ကျင်းပရာနေရာကို လှည့်လည်ကြည့်ရှုလေ့လာပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသားအရာရှိများအား တွေ့ဆုံမှာကြား

**နေပြည်တော် ဇူလိုင် ၃**

သင်တန်းတက်ရောက်လျက်ရှိသည့် အရာရှိများသည် တစ်ဆင့်ပြီးတစ်ဆင့် ပခုံးပြောင်းတာဝန်များ ဆက်လက်ထမ်းဆောင်ကြမည့်သူများ ဖြစ်သဖြင့် တပ်မတော်၏ရပ်တည်ချက်နှင့် သဘောထားများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများတွင် ရှင်းရှင်းလင်းလင်းသိရန်လိုကြောင်း၊ **မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းဖြစ်သည့်အတွက် ယင်းလမ်းကြောင်းမှနေ၍ သွေဖည်စရာအကြောင်းမရှိကြောင်း၊ ၎င်းအပေါ်တွင် မှန်မှန်ကန်ကန် တည်တည်ငြိမ်ငြိမ်ဖြင့် စည်းကမ်းနှင့်အညီ သွားရမည်ဖြစ်ကြောင်း** တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီတွင် ဗထူးတပ်နယ်ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ သင်တန်းသားအရာရှိများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးဝင်း၊ ဗထူးတပ်နယ်မှ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိများအတွက် ရွှေဖီဦးအသင့်ဖျော်လက်ဖက်ရည်ထုပ်များနှင့် စာအုပ်၊ စာစောင်များ ပေးအပ်ရာ ဗထူးတပ်နယ်မှူးက လက်ခံရယူသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွန်းက အားကစားပစ္စည်းများပေးအပ်ရာ အရာခံနှင့်အကြပ်ကြီးသင်ကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံတွင်တက်ရောက်ဆေးဝါးကုသနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ရောဂါအခြေအနေများ မေးမြန်းကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဗထူးတပ်မြို့ အရာခံနှင့်အကြပ်ကြီးသင်ကျောင်း ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်း စုပေါင်းစားရိပ်သာ၌ သင်တန်းသားများနှင့် ရင်းနှီးစွာ နေ့လယ်စာအတူတကွ သုံးဆောင်ကြပြီး သင်တန်းသားများအား တစ်ဦးချင်းရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**



ယင်းနောက် အရာခံနှင့်အကြပ်ကြီးသင်ကျောင်း၌ အားကစားခန်းမနှင့်ဂျူဒိုခန်းမပြုပြင်ပြီးစီးမှုအခြေအနေနှင့် လုံ့စွပ်ထိုးနှင့်ဂျူဒိုသရုပ်ပြသမှုများကို ကြည့်ရှုစစ်ဆေးအားပေးပြီး သင်တန်းနည်းပြများအား အရည်အသွေးပိုမိုတိုးတက်စေရန်အတွက် ပြည်တွင်းပြည်ပသင်တန်းများ စေလွှတ်ရေး၊ တပ်မတော်သားများ ကြံ့ခိုင်ရေးမှ တပ်မတော်အားကစားမြှင့်တင်ရေး၊ မြန်မာ့အားကစားမြှင့်တင်ရေးအတွက်ပါ ရည်မှန်းချက်ထားလုပ်ဆောင်ရေး မှာကြားသည်။ ထို့နောက် ပြေးလမ်းပါဘောလုံးကွင်း တည်ဆောက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၌ ဗိုလ်သင်တန်းကျောင်း သမိုင်းပြတိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နေပြည်တော်ကောင်စီနယ်မြေရှိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် သင်ကြားလျက်ရှိသော အခြေခံပညာကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူတိုင်းအတွက် ပညာရေး (Education For All) အစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားလူငယ်များ၏ ကျန်းမာရေး၊ စာရိတ္တမြင့်မားရေး၊ ပညာရည်တိုးတက်မှု ကဏ္ဍအသီးသီးတွင် လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ မူလတန်းကြိုကျောင်းများ၊ အခြေခံကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုပါ လှူဒါန်းထောက်ပံ့စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကလေးများ၏ပညာရေးကဏ္ဍမြှင့်တင်ရေးတွင် မိမိတို့အသင်းဝင်များအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက ထောက်ပံ့လှူဒါန်းခြင်းအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး နာယကများ၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအသီးသီးတို့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယနေ့အသင်းက ထောက်ပံ့လှူဒါန်းသည့်ကျောင်းများမှာ နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်း ၁၁ ကျောင်းနှင့် ဘုန်းတော်ကြီးသင်စာသင်ကျောင်း တစ်ကျောင်းတို့မှ ကျောင်းသားကျောင်းသူ ၂၈၂၅ ဦးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ဝန်ထမ်းမိသားစုများ၏ကလေး ၁၃ ဦးအပါအဝင် ၂၈၃၈ ဦးတို့အား ပေးအပ်လှူဒါန်းရာ စုစုပေါင်းငွေကျပ်တန်ဖိုးအားဖြင့် ကျပ် ၁၀၁ သိန်းကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာသင်စေလွှတ်

**နေပြည်တော် ဇူလိုင် ၃**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဇွန်လအတွင်း ပါရဂူဘွဲ့/မဟာဘွဲ့ သင်တန်းသို့ပညာသင် ခုနစ်ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၂၄၁ ဦး စုစုပေါင်း ပညာသင် ၂၄၈ ဦးကို ပြည်ပနိုင်ငံ ၂၂ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။

ထိုသို့စေလွှတ်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော်  ဇူလိုင်  ၃**

မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပရာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ယုနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ရဲနိုင်မျိုးနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သင်တန်းတက်ရောက်လျက်ရှိသော အလှူရှင်အရာရှိများ၊ မတည်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ ဆရာတော် ဒေါက်တာခမ္မသာမိက ဩဝါဒချီးမြှင့်ပြီး ကျောင်းလွှတ်ပူဇာသဘင်နှင့် သိမ်သမုတ်မင်္ဂလာအတွက် သီတဂူဆရာတော်ကြီးက ဩဝါဒစကားမိန့်ကြားချီးမြှင့်သည်။

ယင်းနောက် ကျောင်းတိုက်ခန်းမအတွင်း ဆရာတော်၊ သံဃာတော်များက သိမ်သမုတ်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ကျောင်းရေစက်ချပွဲနှင့် ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ သီတဂူဆရာတော်ကြီးက ချီးမြှင့်ဖွဲ့ဆိုတော်မူအပ်သော ထုတိဝေဒလ္လဂါထာတော်(ပါဠိ၊ မြန်မာ)ကို သီတဂူဓမ္မကထိက အရှင် ဒေဝိန္ဒာဘိဝံသက ရွတ်ဖတ်ခြင်း၊ မြန်မာထေရဝါဒ ဗုဒ္ဓစင်တာဖြစ်မြောက်ရေးအတွက် အလှူတော်ငွေများပေးအပ်ခြင်း၊ သီတဂူဆရာတော်ကြီးက မြန်မာထေရဝါဒ ဗုဒ္ဓစင်တာဖြစ်မြောက်ရေးအတွက် စွမ်းဆောင်ခဲ့သူများအား သာသနာ့ဒါယိကာဘွဲ့များ မှတ်တမ်းတင်ချီးမြှင့်ခြင်း၊ သီတဂူဆရာတော်ကြီးက တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကြွရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။**(ယာပုံ)**

မြန်မာထေရဝါဒ ဗုဒ္ဓစင်တာဖြစ်မြောက်ရေးအတွက် သီတဂူဆရာတော်နှင့် သံဃာတော်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ မြေနေရာဝယ်ယူခြင်း၊ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်းများပြုလုပ်ခဲ့ကြပြီး မြန်မာထေရဝါဒ ဗုဒ္ဓစင်တာရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အမေရိကန်ဒေါ်လာ နှစ်သောင်း မတည်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပျိုး

**ညောင်တုန်း  ဇူလိုင်  ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှစိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့/ထောက်ကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များက ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်နှင့် ပိတောက်ပင်တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၀၇၆)**

## ဇူလိုင် ၃ ရက် သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧည့်မထ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၀၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၇၆၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၃၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၉၀၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွန်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၇၈၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၅၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၉၀၀၀ မှ ၈၀၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၈၀၀၀ မှ ၉၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၁၀၀၀၀ |
| ၁၉ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၃၀၀၀၀ မှ၁၆၀၀၀၀ |
| ၂၀ | ကြက်သွန်နီ | ဆိပ်ဖြူ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၅ မှ ၆၉၀ |
| ၂၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၂၅ မှ ၂၀၇၅ |
| ၂၂ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၅၀ |
| ၂၃ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၄၉၀၀၀ |
| ၂၄ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၀၀၀ |
| ၂၅ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၈၆၀ |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။** | | | | |

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားဘာသာအစီအစဉ်များကို စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော်  ဇူလိုင်  ၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားနှင့်အသံလွှင့်အစီအစဉ်များကို မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့်လည်း ပုံမှန်ထုတ်လွှင့်လျက်ရှိသည်။

မြန်မာ့အသံ၏ အသံလွှင့်အစီအစဉ်များကိုလည်း လှိုင်းတို၊ လှိုင်းလတ်နှင့် FM စနစ်များဖြင့်ပါ ထုတ်လွှင့်လျက်ရှိရာ FM စနစ်ဖြင့် ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံရေဒီယိုအသံလွှင့်အစီအစဉ်များကြားတွင် တိုင်းရင်းသားဘာသာ အသံလွှင့်အစီအစဉ်များကို သက်ဆိုင်ရာတိုင်းရင်းသားဒေသများအတွက် သတ်မှတ်ထားသော အချိန်များ၌ ဇူလိုင် ၁ ရက်မှစပြီး ထည့်သွင်းထုတ်လွှင့်နေပြီဖြစ်သည်။

FM စနစ်ဖြင့် ထုတ်လွှင့်မှုအား သက်ဆိုင်ရာ ဘာသာစကားအစီအစဉ်အလိုက် ဖမ်းယူနားဆင်နိုင်သော ဒေသများမှာ ကချင်ဘာသာအစီအစဉ်ကို (မြစ်ကြီးနား၊ ဗန်းမော်၊ မူဆယ်)၊ ကယား၊ ကယန်း၊ ဂေခိုဘာသာ အစီအစဉ်ကို(လွိုင်ကော်၊ ဘော်လခဲ၊ ဖားဆောင်း)၊ ခနောဘာသာအစီအစဉ်ကို(ရှာငံ)၊ အနောက်ပိုးကရင်ဘာသာ အစီအစဉ်ကို(ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဘီးလင်း)၊ ချင်း-လိုင်ဇိုးဘာသာ အစီအစဉ်ကို (ကလေး-ကနေဒီ)၊ မွန်ဘာသာအစီအစဉ်ကို(မော်လမြိုင်၊ လမိုင်း)၊ ရခိုင်ဘာသာအစီအစဉ်ကို (စစ်တွေ၊ မောင်တော၊ ပိန္နဲတောင်၊ သံတွဲ)၊ ရှမ်းဘာသာအစီအစဉ်ကို(တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မူဆယ်၊ သီပေါ၊ သိန္နီ၊ နောင်ချို)၊ ပအိုဝ်းဘာသာအစီအစဉ်ကို(တောင်ကြီး)၊ ကိုးကန့်ဘာသာ အစီအစဉ်ကို (လားရှိုး)နှင့် “ဝ”ဘာသာအစီအစဉ်ကို(လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်) ဒေသများတွင် ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။ အဆိုပါဒေသများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းသို့ ပုံမှန်ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံအစီအစဉ်နှင့် တိုင်းရင်းသားဘာသာအစီအစဉ်များကိုလည်း မူလထုတ်လွှင့်လျက်ရှိသည့် လှိုင်းတိုနှင့် လှိုင်းလတ်စနစ်များမှတစ်ဆင့် ဖမ်းယူနားဆင်နိုင်မည်ဖြစ်သည်။

အဆိုပါ ထုတ်လွှင့်မှုရလဒ်အပေါ်မူတည်၍ ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်း တိုင်းရင်းသားဘာသာအစီအစဉ်များ ထည့်သွင်းထုတ်လွှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေကြီးမှုကြောင့် မြစ်ကမ်းပါးနှင့် နီးစပ်သော ကျေးရွာများမှ လူနေအိမ်တချို့ပြောင်းရွှေ့

**စလင်း  ဇူလိုင်  ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် ဇူလိုင် ၁ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်လာကာ မြစ်ကမ်းပါးများပြိုပြီး စလင်းမြို့နယ် သရက်ကုန်းကျေးရွာအုပ်စု ရိုးကုန်းကျေးရွာမှ လူနေအိမ်ရှစ်လုံးအား သရက်ကုန်းကျေးရွာအုပ်စု ဘိုကုန်းကွင်း အမှတ်(၄၆၁)ရှိ မြေကွက်များသို့ လည်းကောင်း၊ စလင်းမြို့နယ် တလင်းကုန်းကျေးရွာအုပ်စုရှိ တလင်းကုန်းကျေးရွာမှ လူနေအိမ် ခုနစ်လုံးအား တလင်းကြီးကျေးရွာအုပ်စု တလင်းကြီးကွင်း အမှတ်(၆၂၈)ရှိ မြေကွက်များသို့ လည်းကောင်း၊ စလင်းမြို့နယ် ရေပေါ်ကျွန်းကျေးရွာအုပ်စုရှိ ရေပေါ်ကျွန်းလေးကျေးရွာမှ လူနေအိမ်လေးလုံးအား ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၄၀၄)ရှိ မြေကွက်များသို့ လည်းကောင်း ပြောင်းရွှေ့ပေးခဲ့သည်။

အလားတူ ယင်းနေ့က ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု ထောက်ရှာပင်ကျေးရွာမှ လူနေအိမ်ငါးလုံးအား ဘဲကြီးကုန်းကျေးရွာအုပ်စု အရှေ့နံကပ်ကျေးရွာ ကွင်းအမှတ်(၃၈၄)ရှိမြေကွက်များသို့ သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရွာသူရွာသားများက စုပေါင်းပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကျော်ဇေယျ)**



# သမဝါယမအသေးစားအရင်းအနှီး ချေးငွေထုတ်ချေးပေး၍ အသင်းသားမိသားစုများ ပြင်ပအတိုးငွေထက် လစဉ်သက်သာလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများတွင် လိုအပ်နေသည့် ငွေကြေးအရင်းအနှီးကို သမဝါယမ အသေးစားအရင်းအနှီး ချေးငွေဖြင့် ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၅ခုနှစ် ဇူလိုင်လ ပထမပတ်အထိ နေပြည်တော်ကောင်စီ နယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်မှ သမဝါယမအသင်းပေါင်း ၃၄၅၈၆ သင်း၏ အသင်းသားမိသားစု ၃၀၄၂၀၅၀ အား အသေးစားအရင်းအနှီးချေးငွေ စုစုပေါင်းကျပ် ၃၈၈ ဒသမ ၉၄၇ ဘီလီယံကျော် ထုတ်ချေးပေးထားကြောင်း သိရသည်။

ချေးငွေမခံစားရသေးသည့် အသင်းသား မိသားစုများအား ချေးငွေကျပ်တစ်သိန်းနှုန်း၊ ယခင်က ချေးငွေကျပ်တစ်သိန်းရပြီးသား အသင်းသားများအနက် မိမိတို့လုပ်ငန်းကို အမှန်တကယ် ကြိုးစားဆောင်ရွက်ပြီး လုပ်ငန်းတိုးချဲ့လိုသည့် အသင်းသားမိသားစုများအား ၎င်းတို့၏ လုပ်ငန်းများကိုစိစစ်ပြီး ကျပ်ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် အသင်းသားပြည်သူများ လိုအပ်နေသော်လည်း မိမိတို့ ကိုယ်ပိုင်ငွေအရင်းအနှီးဖြင့် လက်ငင်းဝယ်ယူရန် အလှမ်းဝေးနေသည့် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ကိရိယာများကို ဈေးကွက်အတွင်း မိမိတို့ကိုယ်တိုင် ကြိုက်နှစ်သက်ရာဝယ်ယူ၍ သမဝါယမက ကြားခံငွေပေးချေပြီး အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထောက်ပံ့ပေးထားသည့် စက်ကိရိယာ၊ ပစ္စည်းစုစုပေါင်းမှာ ၁၅၄၂၈၉ စီးဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၆၉ ဒသမ ၆၀၅ ဘီလီယံဖိုး အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားကြောင်း သိရသည်။

သမဝါယမ အသင်းသားများအား အသေးစား အရင်းအနှီးချေးငွေများ ထုတ်ချေးပေးနိုင်ရေး၊ လိုအပ်သော စက်ကိရိယာ၊ ပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ထောက်ပံ့ပေးနိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်ကို သမဝါယမအသင်းပိုင်၊ အသင်းသားပိုင်ငွေကြေးများဖြင့်လည်းကောင်း၊ သမဝါယမအသင်းများ၏ပိုင်ဆိုင်မှုများကို သမဝါယမဘဏ်တွင် အပေါင်ထားကာ ဘဏ်ချေးငွေရယူ၍လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China EXIM Bank မှ ချေးငွေ ပထမအကြိမ်အမေရိကန်ဒေါ်လာသန်း ၁၀၀၊ ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ သန်း ၃၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ ရယူ၍လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် စက်ကိရိယာများ ဝယ်ယူတင်သွင်း၍လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

သမဝါယမ ချေးငွေအတိုးနှုန်းမှာ မူလက ကျပ် ၁၀၀ လျှင် တစ်လ အတိုးနှုန်း နှစ်ကျပ်ငါးဆယ်ပြား ရယူခဲ့ရာမှ China EXIM Bank မှ ချေးငွေ ပထမအကြိမ် အမေရိကန် ဒေါ်လာသန်း ၁၀၀ ရယူ ဆောင်ရွက်သည့် အချိန်မှစ၍ တစ်လအတိုးနှုန်း တစ်ကျပ်ငါးဆယ်ပြားသို့ လျှော့ချခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် China EXIM Bank မှ ချေးငွေ အမေရိကန် ဒေါ်လာသန်း ၃၀၀ ထပ်မံရယူပြီးနောက် တစ်လ အတိုးနှုန်း တစ်ကျပ်တစ်ဆယ်ငါးပြားအထိ လျှော့ချထုတ်ချေးပေးလျက်ရှိ ကြောင်း သိရသည်။

သမဝါယမက အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးဆောင်ရွက်ပေးမှုကြောင့် သမဝါယမချေးငွေကျပ်တစ်သိန်းရယူထားသည့် အိမ်ထောင်စုတစ်စုသည် ပြင်ပမှ အပေါင်ပစ္စည်းမဲ့ရယူသည့် တစ်လအတိုးနှုန်း ပျမ်းမျှ ၁၀ ကျပ်နှင့် တွက်ပါက လစဉ်အတိုး ကျပ် ၈၈၅၀ သက်သာလျက်ရှိသဖြင့် ယခုထုတ်ချေးပေးထားသည့် ချေးငွေစုစုပေါင်း ကျပ် ၃၈၈ ဒသမ ၉၄၇ ဘီလီယံကျော် အတွက်ဆိုပါက ချေးငွေခံစားနေသည့် မိသားစုပေါင်း ၃၀၄၂၀၅၀ စုသည် လစဉ်အတိုးငွေကျပ် ၃၄ ဒသမ ၄၂၀ ဘီလီယံကျော် သက်သာလျက်ရှိကြောင်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ၊ ပစ္စည်းများအရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူခွင့်ရရှိသည့်အတွက်လည်း မိမိလုပ်ငန်းများကို ပိုမိုတွင်ကျယ်အောင် ဆောင်ရွက်နိုင်ခြင်း၊ အပိုဝင်ငွေများရရှိခြင်း၊ ယခင်က အငှားဘဝမှ ကိုယ်ပိုင်ဘဝသို့ တိုးတက်ပြောင်းလဲစေခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရသဖြင့် သမဝါယမအသင်းသားပြည်သူများက ဝမ်းမြောက် ကျေနပ်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် ပင်မယန္တရား(တောင်) စခန်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားကာ ခရိုင်ဥပဒေအရာရှိ ဦးအုန်းသန်း၊ ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ ခရိုင်အဖွဲ့ဝင် ဦးတင်အေး၊ ခရိုင်အဖွဲ့ဝင် ဦးကျော်ငြိမ်း၊ ခရိုင်အဖွဲ့ဝင် ဦးတင်သန်း၊ ခရိုင်ကော်မရှင် ဥက္ကဋ္ဌတို့က သင်တန်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် သင်တန်းသား ၁၃၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဌေးကြိုင်(မင်္ဂလာဒုံ)**






# CB ဘဏ်နှင့် OCBC ဘဏ် သဘောတူနားလည်မှု စာချွန်လွှာရေးထိုးခြင်း သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

CB ဘဏ်နှင့် OCBC ဘဏ် နှစ်ဦးသဘောတူနားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ခြင်းအတွက် ပြည်တွင်းပြည်ပသတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ လသာမြို့နယ်ရှိ CB ဘဏ်ရုံးချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် CB ဘဏ် Executive Vice Chairman & CEO ဦးကျော်လင်းက "ယခုရေးထိုးလိုက်တဲ့ နှစ်ဦးသဘောတူနားလည်မှုစာချွန်လွှာဟာ မြန်မာနိုင်ငံဘဏ်လုပ်ငန်းကို ခေတ်သစ်တစ်ခုဆီသို့ ရောက်ရှိရန် ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာ OCBC ဘဏ်ခွဲ ဖွင့်လှစ်နိုင်တဲ့အတွက် CB ဘဏ်မှ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ကျွန်တော်တို့ဘဏ်ရဲ့ Corporate Customer တွေအတွက် အလွန်ကောင်းမွန်တဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုကိုပေးနိုင်ဖို့ CB ဘဏ်နဲ့ OCBC ဘဏ်တို့ အတူလက်တွဲပြီး အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

"OCBC ဘဏ်နဲ့ CB ဘဏ် နှစ်ဦးနှစ်ဖက်ပူးပေါင်းပြီး Cash Management service, Trade Banking, Trade Finance service, Security Agency Service နဲ့ အခြား Banking Facilities services များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ညွှန်ကြားချက်တွေအတိုင်း နှစ်ဖက်ဘဏ်များက ပြည်တွင်းပြည်ပ Customer တွေကို အကောင်းဆုံးဝန်ဆောင်မှုတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

OCBC ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံတိုးတက်မှုအတွက် အလားအလာကောင်းတစ်ခုဖြစ်သည်။ ၂၀၁၅ ဘဏ္ဍာရေးနှစ် စာရင်းအရ စင်ကာပူနိုင်ငံ၏ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံရှိပြီး တတိယမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

# မီးရထားမတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း ယခုနှစ်ပထမခြောက်လအတွင်း ပိုမိုမြင့်မားလာ



**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးမီးရထားလမ်းပိုင်းတွင် ယမန်နှစ် ပထမခြောက်လနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ပထမခြောက်လအတွင်း မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း ပိုမိုမြင့်မားလာကြောင်း မြန်မာ့မီးရထား(တိုင်း-၇)မှ သိရသည်။

"မိုးတွင်းကာလမှာ ရထားစီးနင်းသူခရီးသွားပြည်သူတွေအနေနဲ့ အတက်/အဆင်းပြုလုပ်တဲ့အခါမှာ အထူးဂရုစိုက်ဖို့လိုတယ်။ မီးရထားလမ်းပိုင်းတွေမှာ သတိမမူလမ်းဖြတ်ကူးမှုကြောင့် သေဆုံးမှုတွေဖြစ်ကြရတယ်။ ရထားထွက်တဲ့အချိန်မှာ အတက်/အဆင်းလုပ်လို့ မတော်တဆထိခိုက်ဒဏ်ရာရရှိမှုကတော့ အများဆုံးပဲ။ သံလမ်းပေါ်အိပ်လို့ သေဆုံးမှုတွေရှိသလို သေကြောင်းကြံစည်မှုတွေကြောင့်လည်း သေဆုံးမှုတွေဖြစ်ပွားနေရတာပါ။ ယခုနှစ် ပထမခြောက်လပိုင်းမှာဆိုရင် ယမန်နှစ်က ပထမခြောက်လပိုင်းထက် မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပိုများလာပါတယ်"ဟု မြန်မာ့မီးရထား (တိုင်း-၇) လက်ထောက်အထွေထွေမန်နေဂျာ ဦးတင့်ဝေက ပြောသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးမီးရထားလမ်းပိုင်းတွင် ၂၀၁၄ ခုနှစ်အတွင်း မတော်တဆထိခိုက်ဒဏ်ရာရရှိသူ ၃၆ ဦး၊ သေဆုံးသူ ၂၄ ဦးရှိခဲ့ရာ ၎င်းတို့အနက်မှ ပထမခြောက်လအတွင်း ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦး၊ သေဆုံးသူ ၁၀ ဦးရှိခဲ့ပြီး ယခုနှစ် ပထမခြောက်လတွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၄ ဦး၊ သေဆုံးသူ ခြောက်ဦး ရှိခဲ့ကြောင်းသိရသည်။

အဆိုပါ မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူအများစုမှာ ရထားလာစဉ်သတိမမူဘဲ လမ်းဖြတ်ကူးခြင်း၊ ရထားမရပ်မီ ခုန်တက်/ခုန်ဆင်း ပြုလုပ်ခြင်း၊ ရထားသံလမ်းပေါ်အိပ်ခြင်း၊ ရထားသံလမ်းပေါ်တွင် အရက်သေစာသောက်စားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းများ ပါဝင်ကြောင်းသိရသည်။

"မတော်တဆမှုတွေက ဘူတာတွေမှာဖြစ်တာနည်းတယ်။ ဘူတာတွေမှာဖြစ်တာက မဆင်မခြင်အတက်/အဆင်းလုပ်လို့ ဖြစ်တာလောက်ပဲရှိတယ်။ သေဆုံးမှုအများဆုံးဖြစ်တာက လမ်းပိုင်းတွေမှာဖြစ်တာများတယ်။ အကာအရံမရှိတဲ့နေရာတွေမှာ ရထားကိုမကြည့်ဘဲ မဆင်မခြင်လမ်းဖြတ်ကူးလို့ဖြစ်တာအများဆုံးပဲ" ဟု ၎င်းက ထပ်မံပြောသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်းများတွင် ဘူတာ ၅၅ ဘူတာရှိပြီး တွဲဆိုင်း ၂၃ ဆိုင်းဖြင့် နေ့စဉ် ၂၁၅ ခေါက်ပြေးဆွဲလျက်ရှိရာ တစ်ရက်လျှင် ခရီးသွားပြည်သူပျမ်းမျှ ခုနစ်သောင်းကျော် လိုက်ပါစီးနင်းလျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

# နေစွမ်းအင်သုံး Solar Impulse - 2 လေယာဉ် ပစိဖိတ်သမုဒ္ဒရာဖြတ်ပြီး ကမ္ဘာ့စံချိန် ချိုးနိုင်

**ဟိုနိုလူလူ (အမေရိကန်ပြည်ထောင်စု) ဇူလိုင် ၃**

ဆိုလာလေယာဉ် ကမ္ဘာတစ်ပတ်ပျံသန်းရေး အထောက်အကူပြုအဖွဲ့၏ အဆိုအရ ဆွစ်လူမျိုး လေယာဉ်မှူး အန်ဒရေဘော့ချ်ဘက်သည် နေစွမ်းအင်ဖြင့် သာမောင်းနှင်နိုင်သော Solar Impulse - 2 လေယာဉ်ဖြင့် ရှည်လျားသော ပစိဖိတ်သမုဒ္ဒရာခရီးကို တစ်ကိုယ်တော် မရပ်မနားမောင်းနှင်ကာ ကမ္ဘာ့စံချိန်ချိုးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်မှာ ကမ္ဘာတစ်ပတ်ပျံသန်းရေးခရီးစဉ်၏ သတ္တမမြောက်ခရီးတစ်ထောက်အဖြစ် ဂျပန်နိုင်ငံမှ ဇွန် ၂၉ ရက်တွင် ထွက်ခွာခဲ့ပြီး အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းသို့ ဇူလိုင် ၃ ရက် အစောပိုင်းတွင် ရောက်ရှိမည်ဟု မျှော်မှန်းထားပြီး ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းရာတွင် တစ်ကိုယ်တော်ပျံသန်းမောင်းနှင်မှုစံချိန် ၇၆ နာရီကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။ ဆွစ်လေယာဉ်မှူးများဖြစ်သော အန်ဒရေဘော့ချ်ဘက်နှင့် ဘာထရန်ပက်ကဒ်တို့ အလှည့်ကျမောင်းနှင်သည့် နေစွမ်းအင်သုံး Solar Impulse - 2 လေယာဉ်မှာ ကီလိုမီတာ ၃၅၀၀၀ ရှိသော ကမ္ဘာတစ်ပတ်ပျံသန်းရေးအစီအစဉ်ကို အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့မှ မတ် ၉ ရက်တွင် စတင်ခဲ့သည်။

နေစွမ်းအင်သုံး Solar Impulse - 2 လေယာဉ်မှာ ပြီးခဲ့သည့် မေ ၃၁ ရက်က တရုတ်နိုင်ငံ နန်ကျင်းမြို့မှ ဟာဝိုင်ယီသို့ ထွက်ခွာခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ဆင်းသက်ရပ်နားခဲ့ရသည်။

တစ်ကိုယ်တော်ပျံသန်းမှုစံချိန်ကို အမေရိကန်လူစွန့်စား စတိဗ်ဖော့ဆက်က ၂၀၀၆ ခုနှစ်တွင် Virgin Atlantic Global Flyer လေယာဉ်ဖြင့် ၇၆ နာရီ မရပ်မနားပျံသန်း၍ ကမ္ဘာ့စံချိန်တင်ထားခြင်း ဖြစ်သည်။

Solar Impulse - 2 လေယာဉ်၏ ဟိုနိုလူလူမြို့မှ နောက်ထပ်ခရီးတစ်ထောက်သွားရောက်မည့်နေရာမှာ အရီဇိုးနားပြည်နယ် ဖီးနစ်မြို့ဖြစ်ပြီး အဘူဒါဘီမြို့သို့ သွားရောက်မည့်အပြန်ခရီးကို လေယာဉ်မှူးများဖြစ်သည့် အန်ဒရေဘော့ချ်ဘက်နှင့် ဘာထရန်ပက်ကဒ်တို့ အတူတကွ မောင်းနှင်မည်ဖြစ်သည်။

**ရိုက်တာ။**

# ပါကစ္စတန်တွင် တူးမြောင်းအတွင်း ရထားကျ ၁၇ ဦးသေဆုံး



**အစ္စလာမ္မာဘတ် ဇူလိုင် ၃**

ပါကစ္စတန်နိုင်ငံတွင် အထူးရထားတစ်စင်းသည် တံတားတစ်ခုကိုဖြတ်သန်းနေစဉ် ရထားလမ်းချော်ပြီး တူးမြောင်းအတွင်းသို့ ထိုးကျခဲ့ရာ အနည်းဆုံးသေဆုံးသူ ၁၇ ဦးရှိပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့သတင်းထုတ်ပြန်သည်။

ရေငုပ်သမားများက အလောင်းများကို တူးမြောင်းအတွင်း၌ ဆက်လက်ရှာဖွေကြဆဲဖြစ်သည်။ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း စက်မှုမြို့တော် ဆူဂျာရမ်ဝါလာအနီးရှိ ချမ်နာဝမ်တူးမြောင်းကို ယမန်နေ့တွင် ဖြတ်သန်းနေစဉ် ရထားက လမ်းချော်ကျသွားခြင်းဖြစ်သည်။

မြို့ပြအာဏာပိုင်များ၊ ကွန်မန်ဒိုများနှင့် စစ်ဘက်မှ ရေငုပ်သမားများသည် ခရီးသည် ၈၀ ကို ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး ၎င်းတို့အနက် ငါးဦးမှာ ဒဏ်ရာရရှိထားသည်။ပါကစ္စတန်ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာစင်ဘာဂျီဝါက အလောင်း ၁၇ လောင်း ဆယ်ယူရရှိပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရိုက်တာ။**

# ကိုလံဘီယာတွင် ကိုကာထုတ်လုပ်မှု ၄၄ ရာခိုင်နှုန်းတိုးဟု ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြ

**ဘိုဂိုတာ ဇူလိုင် ၃**

ကိုလံဘီယာနိုင်ငံတွင် ကိုကာပင် စိုက်ပျိုးမြေမှာ ယမန်နှစ်ကထက် ၄၄ ရာခိုင်နှုန်း ကျယ်ပြန့်လာကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

ကိုကင်း ထုတ်လုပ်ရာတွင် အသုံးပြုသော ကိုကာရွက်များ စိုက်ပျိုးထုတ်လုပ်မှုမှာ လက်ဝဲယိမ်းအက်ဖ်အေအာစီ သောင်းကျန်းသူတို့ ထိန်းချုပ်ထားသည့် တောင်ပိုင်းဒေသတွင် အများဆုံးဖြစ်သည်။ အစိုးရနှင့် အက်ဖ်အေအာစီတို့အကြား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုသည့်အခါ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ကာမိစေရန်အတွက် လယ်သမားများက ကိုကာများ တိုးချဲ့စိုက်ပျိုးကြခြင်းဖြစ်သည်ဟု ကုလသမဂ္ဂက သုံးသပ်သည်။

ငြိမ်းချမ်းရေးစာချုပ်တွင် ကိုကာစိုက်ပျိုးမှု ပပျောက်ရေး အစီအစဉ်ပါဝင်လာမည်ကို လယ်သမားတို့က စိုးရိမ်ပူပန်လျက်ရှိသည်။ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီတို့သည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။ ကိုကာပင်များအစား အခြားသော ဝင်ငွေရ သီးနှံများ စိုက်ပျိုးရေးအစီအစဉ်တွင် ၎င်းတို့ ဆန္ဒအလျောက် ပါဝင်ကြရေးအတွက် လယ်သမားများကို တွန်းအားပေးရန် သူပုန်များက သဘောတူထားပြီးဖြစ်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံးမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ၂၀၁၄ ခုနှစ်အတွင်း ကိုကင်းထုတ်လုပ်မှုသည် ၅၀ ရာခိုင်နှုန်းကျော်တိုးလာနိုင်သည်ဟု ဖော်ပြထားသည်။

**ရိုက်တာ။**

# ဝန်ကြီးချုပ် ရာထူးနေရာအတွက် ယှဉ်ပြိုင်ရန် သီရိလင်္ကာသမ္မတဟောင်း ရွေးကောက်ပွဲဝင်မည်ဟုဆို

**မီဒါမူလာနာ (သီရိလင်္ကာ) ဇူလိုင် ၃**

သီရိလင်္ကာဝန်ကြီးချုပ် ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် လာမည့်လတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင် ရွေးချယ်ခံမည်ဟု သမ္မတဟောင်း ရာဂျာပက်ဆေးက ပြောကြားသည်။

ရာဂျာပက်ဆေး ရွေးကောက်ပွဲဝင်ခြင်းဖြင့် သီရိလင်္ကာပြည်တွင်းစစ်ပွဲကာလအတွင်း စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟု ၎င်းအား စွပ်စွဲပြစ်တင်ခဲ့သော လူ့အခွင့်အရေး အုပ်စုများက ဒေါသအမျက်ထွက်စေဖွယ်ရှိသည်။

ရွေးကောက်ပွဲဝင်ရန် ၎င်းအား တောင်းဆိုလာမှုကို လက်ခံကြောင်း သီရိလင်္ကာသမ္မတဟောင်းက ဇူလိုင် ၁ ရက်တွင် ပြောကြားခဲ့သည်။

ယင်းမှာ ဩဂုတ် ၁၇ ရက်တွင် ကျင်းပမည့် ပါလီမန် ရွေးကောက်ပွဲကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ ယင်းရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်မည်ဖြစ်သည်။

သီရိလင်္ကာသမ္မတ မေသရီပါလာ သီရိသေနာသည် သီရိလင်္ကာ လွတ်မြောက်ရေးပါတီ (အက်စ်အယ်လ်အက်ဖ်ပီ)ကို ဦးဆောင်လျက်ရှိပြီး ၎င်းပါတီ၏ ဝန်ကြီးချုပ်လောင်းအဖြစ် ၎င်းအားရွေးချယ်သတ်မှတ်ရန် သမ္မတဟောင်း၏ တောင်းဆိုမှုကို ပယ်ချထားပြီးဖြစ်သည်။

သမ္မတဟောင်း ရာဂျာပက်ဆေးသည် သီရိလင်္ကာတွင် ဆယ်စုနှစ်တစ်စုကြာမျှ အာဏာစွဲကိုင်ထားခဲ့ပြီး ယခုနှစ်အတွင်း ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

**ရိုက်တာ။**

# တင်နက်ဆီပြည်နယ်အရှေ့ပိုင်းတွင် ကုန်ရထားတွဲချော်မီးလောင် လူ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**မာရီဗီးလ် ဇူလိုင် ၃**

မီးလောင်လွယ်ပြီး အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတ်ငွေ့များ သယ်ဆောင်လာသည့် ကုန်ရထားတစ်စင်းသည် ဇူလိုင် ၂ ရက် ညဉ့်လယ်ပိုင်းက အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်အရှေ့ပိုင်းတွင် လမ်းချော်မှု ဖြစ်ပွားပြီး မီးလောင်ကျွမ်းခဲ့ရာ ကားတစ်စီးပါ ကူးစက်လောင်ကျွမ်းခဲ့ပြီး အန္တရာယ်ဖြစ်နိုင်သော ဓာတ်ငွေ့များ ပျံ့နှံ့ထွက်ပေါ်မှုကြောင့် လူ ၅၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ လူ ၂၅ ဦးအား ဆေးရုံတင်ကုသပေးခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မာရီဗီးလ်မြို့အနီး ဘလွန်စီရင်စုတွင် ဇူလိုင် ၂ ရက် ညဉ့်လယ်ပိုင်းက အဆိုပါ ကုန်ရထားလမ်းချော်မှု ဖြစ်ပွားပြီးနောက် အနီးဝန်းကျင်ရှိ လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းဌာနများမှ လူအများအပြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ အဆိုပါကုန်ရထားမှာ စီအက်စ်အိက်စ်ကော်ပိုရေးရှင်းပိုင် ရထားဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

စီအက်စ်အိက်စ်ကော်ပိုရေးရှင်းနှင့် အမေရိကန်ရထားလုပ်ငန်းမှ ယင်းကုန်ရထားတွဲ လမ်းချော်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး အေဂျင်စီကလည်း အခင်းဖြစ်ပွားရာဒေသ၏ လေထုအရည်အသွေးကို စောင့်ကြည့်မှတ်တမ်းတင်နေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ နာမကျန်းဖြစ်သူ လူ ၂၅ ဦးအား ကုသပေးခဲ့ပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ကြောင်း၊ အခြား ၂၇ ဦးမှာမူ အထူးသီးသန့်ခန်းတွင် ထားရှိကာ ၎င်းတို့ကို နာရီများစွာစောင့်ကြည့်ရန် လိုအပ်ကြောင်း ယင်းဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ရိုက်တာ။**



# ဝင်ဘယ်လ်ဒန်မှာ ကျိန်စာသင့်နေတဲ့ နာဒဲလ်

**တင်းနစ်လောက နာမည်ကြီးကစားသမားရာဖေးနာဒဲလ်သည် ဝင်ဘယ်လ်ဒန် အိုးပင်းဒုတိယအကျော့ပွဲစဉ်မှာပဲ ဂျာမနီနိုင်ငံသား ဒက်စတင်ဘရောင်းကို ၇-၅၊ ၃-၆၊ ၆-၄၊ ၆-၄ဖြင့် ရှုံးနိမ့်ပြီး ဝင်ဘယ်လ်ဒန်ဖလားပြိုင်ပွဲအား စောစီးစွာလက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သည်။ယင်းသို့ ရှုံးနိမ့်ခဲ့ခြင်းက နာဒဲလ်အနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀၀ ကျော်ရှိသော ကစားသမားများကို ဝင်ဘယ်လ်ဒန်ပြိုင်ပွဲများတွင် လေးကြိမ်မြောက်ရှုံးနိမ့်ခဲ့ခြင်းလည်း ဖြစ်သည်။**



နာဒဲလ်သည် ၂၀၀၈နှင့် ၂၀၁၀တို့တွင် ချန်ပီယံဖြစ်ပြီးနောက်ပိုင်း ဝင်ဘယ်လ်ဒန် အိုးပင်းပြိုင်ပွဲများတွင် ရလဒ်ကောင်းလေ့မရှိခဲ့ဘဲ ၂၀၁၂ကလည်း ဒုတိယအကျော့မှာပင် လည်းကောင်း၊ ၂၀၁၃တွင် ပထမအကျော့၌ လည်းကောင်း စောစီးစွာ ထွက်ခွာခဲ့ရသည့် အစဉ်အလာများလည်းရှိခဲ့သည်။ နာဒဲလ် အနေဖြင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုပြန်လည် ရရှိနေသော်လည်း စိတ်ပိုင်းဆိုင်ရာတွင် အားနည်းမှုများရှိနေခဲ့သည်ကို ယခုပွဲတွင် အထင်အရှားတွေ့ခဲ့ကြရသည်။

ဘရောင်းက ဖိအားကင်းကင်းဖြင့် ကစားနေချိန်တွင် နာဒဲလ်မှာ အကောင်းဆုံး ပုံစံတစ်ရပ်ပျောက်ဆုံးနေကာ ပထမပွဲငယ်တွင် ရှုံးနိမ့်နေခဲ့သည်။ဒုတိယပွဲငယ်ပြန်လည်စတင်ချိန်၌ နာဒဲလ်၏ရိုက်ချက်များပြန်လည်ကောင်းမွန်လာကာ အသာစီးဖြင့်ကစားနိုင်ခဲ့သော်လည်း တတိယနှင့်စတုတ္ထပွဲငယ်များတွင် စပေးရိုက်ချက်များမှ အမှတ်ယူနိုင်မှု မရှိခြင်း၊တန်ပြန်ရိုက်ချက်များတွင် အမှားများ ဆက်တိုက်ကျူးလွန်ခဲ့ခြင်းကြောင့် ဝင်ဘယ်လ်ဒန်ပြိုင်ပွဲလေးနှစ်တာကာလအတွင်း သုံးကြိမ်မြောက်အဖြစ် စောစီးစွာ ထွက်ခွာခဲ့ရခြင်း ဖြစ်သည်။

သို့ရာတွင် နာဒယ်လ်မှာ ယခုမှပင် အသက်(၂၉)နှစ်အရွယ်သာရှိသေးပြီး ကမ္ဘာ့အဆင့်(၂)နေရာကို ထိန်းသိမ်းထားနိုင်သော ဆွစ်တင်းနစ် အကျော်အမော် ဖက်ဒဲရာထက် ငါးနှစ်ခန့် ငယ်ရွယ်သေးသူဖြစ်ရာ ဖက်ဒဲရာ၏ ဂရင်းစလင်း စံချိန်ကို ကျော်ဖြတ်ရန် အလားအလာ အကောင်းဆုံး အနေအထားကို ပိုင်ဆိုင်ဆဲပင်ဖြစ်သည်။ **[မေလှဲ့သင်း]**

## ဂျာမနီအသင်းအတွက် ပြန်လည်ကစားပေးမည် မဟုတ်တော့သည့် ဖိလစ်လမ်း



၂၀၁၄ဘရာဇီးကမ္ဘာ့ဖလားတွင် ဂျာမနီချန်ပီယံဖြစ်ခဲ့ပြီးနောက် လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားခဲ့သည့် ဂျာမနီအသင်းခေါင်းဆောင်ဟောင်း ဖိလစ်လမ်းက ၎င်းအနေဖြင့် လက်ရွေးစင်အသင်းအတွက် ပြန်လည်ကစားပေးတော့မည်မဟုတ်ဘဲ ယခင်ဆုံးဖြတ်ချက်မှာ အတည်ပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

လမ်းသည် ၂၀၀၆ ခုနှစ်ကတည်းက ဂျာမနီအသင်းခေါင်းဆောင်လက်ပတ်ကို မိုက်ကယ်ဘောလက်ထံမှ လွှဲပြောင်းရရှိခဲ့သူဖြစ်ပြီး နိုင်ငံလက်ရွေးစင်အသင်းအတွက် ရာနှုန်းပြည့်ပေးဆပ်ကစားခဲ့သူဖြစ်သည်။

လမ်းက တစ်ခါတစ်ရံတွင် ပရော်ဖက်ရှင်နယ်ဘဝထက် မိသားစုဘဝကသာ ပိုမိုအရေးကြီးကြောင်း၊ ဂျာမနီအတွက် ပေးဆပ်ခဲ့သည့် အချိန်များမှာ အတိုင်းအတာတစ်ရပ်အထိတာဝန်ကျေခဲ့ပြီဖြစ်ကြောင်း၊ ၎င်းမှာ ဆုံးဖြတ်ချက်တစ်ရပ်ကို အလွယ်တကူ ပြင်ဆင်တတ်သူမဟုတ်ကြောင်း ဆိုခဲ့သည်။

**မေလှဲ့သင်း**

## အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ရွှေဘောလုံးဆုစာရင်းတွင် အင်္ဂလန်နောက်တန်းကစားသမား လူစီဘရောင်း ပါဝင်နေ



၂၀၁၅ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးအမျိုးသမီးကစားသမားကို ချီးမြှင့်မည့် ရွှေဘောလုံးဆုရှင်အတွက် ကနဦးရွေးချယ်ထားသည့် ကစားသမားရှစ်ဦး စာရင်းတွင် အင်္ဂလန်နောက်တန်းကစားသမား လူစီဘရောင်းလည်း ပါဝင်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဘရောင်းသည် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ (၁၆)သင်းအဆင့်ပြိုင်ပွဲတွင် နော်ဝေအမျိုးသမီးအသင်း အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အင်္ဂလန်အမျိုးသမီးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ ထို့ပြင် အိမ်ရှင်ကနေဒါအမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်တွင်လည်း အင်္ဂလန်အမျိုးသမီးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် အင်္ဂလန်အမျိုးသမီးအသင်းသည် လက်ရှိချန်ပီယံဂျပန်အမျိုးသမီးအသင်းနှင့် တွေ့ဆုံခဲ့သည့် ဆီမီးဖိုင်နယ် ပွဲစဉ်တွင်မူ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ တတိယနေရာလုပွဲဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဂျာမနီအမျိုးသမီးအသင်း၏ အကောင်းဆုံးကစားသမားဖြစ်သည့် ဆာဆစ်သည်လည်း သွင်းဂိုးခြောက်ဂိုး သွင်းယူနိုင်ခဲ့ပြီး အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဂိုးအများဆုံးသွင်းသူလည်းဖြစ်သည်။ ထို့ကြောင့် ဆာဆစ်သည်လည်း ရွှေဘောလုံးဆုအတွက် ကနဦးရွေးချယ်ထားသည့် ကစားသမားရှစ်ဦးစာရင်းတွင် ပါဝင်လာခဲ့သည်။

အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ရွှေဘောလုံးဆုရှင်အတွက် ကနဦးရွေးချယ်ထားသည့် ကစားသမားရှစ်ဦးစာရင်းမှာ အာရီယိုရှို(ဂျပန်)၊ လူစီဘရောင်း(အင်္ဂလန်)၊ အာမန်ဒိုင်ဟင်နရီ(ပြင်သစ်)၊ ဂျွန်စတန်(အမေရိကန်)၊ ကာလီလွိုက် (အမေရိကန်)၊ မီယာမာ(ဂျပန်)၊ မီဂန်ရက်ပီနိုး(အမေရိကန်)နှင့် ဆာဆစ်(ဂျာမနီ)တို့ဖြစ်ကြသည်။

တရုတ်အမျိုးသမီးအသင်း၏ ကွင်းလယ်ကစားသမား ဂျာလီတန်၊ နော်ဝေအမျိုးသမီးအသင်း၏ တိုက်စစ်မှူး ဟီဂါဘတ်နှင့် ကနေဒါအမျိုးသမီးအသင်းမှ ဘူချာနန်တို့သည်လည်း အကောင်းဆုံးအမျိုးသမီးလူငယ်ကစားသမားဆုရှင် ကနဦးစာရင်းတွင် ပါဝင်နေသည်။

ဂျာမနီအမျိုးသမီးအသင်း ဂိုးသမား အန်ဂါရာ၊ ဂျပန်အမျိုးသမီးအသင်း ဂိုးသမား ကာအီဟိုရီနှင့် အမေရိကန်အမျိုးသမီးအသင်း ဂိုးသမား ဟုတ်ဆိုလိုတို့သည်လည်း အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးဂိုးသမားဆုရှင် ကနဦးရွေးချယ်မှုစာရင်းတွင် ပါဝင်လာခဲ့သည်။ ယင်းသို့ ကနဦးရွေးချယ်ထားသော်လည်း အမှန်တကယ်ရရှိသည့် ကစားသမားစာရင်းကိုမူ လက်ရှိချန်ပီယံဂျပန်အမျိုးသမီးအသင်းနှင့် အမေရိကန်အမျိုးသမီးအသင်းတို့ ဇူလိုင် ၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် နောက်ဆုံးဗိုလ်လုပွဲပြီးမှသာလျှင် ဖီဖာ၏နည်းစနစ်လေ့လာသူအဖွဲ့က ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

## အသက်(၄၀)အထိ ဘောလုံးဆက်ကစားနေဦးမယ့် ပီတာဆက်ချ်



ချယ်လ်ဆီးမှ အာဆင်နယ်သို့ပြောင်းရွှေ့သွားသော ဂိုးသမားပီတာဆက်ချ်က အသက်(၄၀)ပြည့်မြောက်သည်အထိ ကစားသမားအနေဖြင့်သာ ဘောလုံးလောကတွင် ဆက်လက်ကျင်လည်သွားလိုကြောင်း ဆိုခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆက်ချ်မှာ နောက်ခုနစ်နှစ်အထိ အနားယူရန်စဉ်းစားထားခြင်းမရှိဘဲ အသက်(၄၀)ကျော်မှသာ ၎င်း၏ကြံ့ခိုင်မှုအခြေအနေအပေါ် မူတည်၍ ဆုံးဖြတ်ချက် ချမှတ်သွားမည်ဖြစ်သည်ဟု ဆိုခဲ့သည်။

ဆက်ချ်က" ကျွန်တော် နောက်ခုနစ်နှစ်အထိ အနားယူဖို့စဉ်းစားဦးမှာ မဟုတ်ပါဘူး။ ဒါကတော့ အစီအစဉ်ချထားတာပေါ့။ ဒါပေမယ့် တစ်ခါတလေမှာ ရည်မှန်းချက်အတိုင်း မဟုတ်ဘဲ လွဲချော်သွားတတ်တဲ့ အကြောင်းအရာတွေ ရှိတတ်ပါတယ်။အာဆင်နယ်ကို ပြောင်းရွှေ့ရမယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပေမယ့် အခုတကယ်တမ်းဖြစ်လာတဲ့ အနေအထားပေါ်မှာလည်း ကျွန်တော် ကျေနပ်မိပါတယ်" ဟုပြောကြားခဲ့သည်။

လောလောဆယ်တွင် ချယ်လ်ဆီးပရိသတ်များက မြို့ခံပြိုင်ဘက် အာဆင်နယ်သို့ ပြောင်းရွှေ့သွားသောကြောင့် ဆက်ချ်အား အသက်အန္တရာယ် ခြိမ်းခြောက်မှုများကို လူမှုမီဒီယာများမှတစ်ဆင့် အပြင်းအထန်ပြုလုပ်ခဲ့ကြသည်။

## ဟာနန်ဒက်ဇ် ညှပ်ရိုးကျိုးဒဏ်ရာရရှိ



မန်ယူတိုက်စစ်မှူး ဂျာဗီးယားဟာနန်ဒက်ဇ်သည် မက္ကဆီကိုအသင်းနှင့် ဟွန်းဒူးရပ်စ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ရွှေဖလားပွဲစဉ်တွင် ညှပ်ရိုးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲကို ဆက်လက်ကစားနိုင်ခြင်းမရှိခဲ့ပေ။ပွဲချိန်မိနစ်၄၀၌ ဟွန်းဒူးရပ်စ်နောက်ခံလူ ဘရိုင်ယန်ဘက်ကီလက်စ်နှင့် ဟာနန်ဒက်ဇ်တို့ တိုက်မိခဲ့ပြီးနောက် ဆေးရုံသို့တင်ပို့ခဲ့ရာ ညှပ်ရိုးကျိုးသွားခဲ့ခြင်းဖြစ်သည်ဟု မက္ကဆီကို ဘောလုံးအဖွဲ့ချုပ်က အတည်ပြုချက်ပေးခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သောကြောင့် ၎င်းအနေဖြင့် လက်ရှိယှဉ်ပြိုင်နေသော ရွှေဖလားပြိုင်ပွဲအား လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်သလို မန်ယူ မှ ထွက်ခွာကာ ရီးယဲလ်(သို့မဟုတ်) လီဗာပူးသို့ အပြီးသတ်ပြောင်းရွှေ့ရန်ကြိုးပမ်းနေမှုမှာလည်း လတ်တလောတွင် ရပ်တန့်ခဲ့ရသည်။ **[မေလှဲ့သင်း]**

# ရွှေဆိုင်အတွင်းမှ ငွေကျပ် သိန်း ၁၄၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများခိုးယူသူကို အချိန်တိုအတွင်း ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၃**

ရွှေနန်းထိုက်ရွှေဆိုင်ပိုင်ရှင်ဖြစ်သူက ပုဇွန်တောင်မြို့နယ်၌ ဖွင့်လှစ်ထားသည့် ရွှေဆိုင်မှ ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ရွှေနားကပ်နှင့် နားဆွဲများ စုစုပေါင်းအလေးချိန် ၂၀ ကျပ်သားခန့်၊ တန်ဖိုးငွေကျပ်သိန်း ၁၄၀ ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းက (ပ)၁၄၀/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။



ငွေကျပ် သိန်း ၁၄၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ ခိုးယူသူကို ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အမှုနှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ပုဇွန်တောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယခင်က ခိုးမှုဖြင့် ပြစ်ဒဏ်ကျခံဖူးသည့် သာကေတမြို့နယ် (၁/ထူပါရုံ) ရပ်ကွက်နေ ဖားသိုး(ခ)ဇေလင်းထက် (၂၀)နှစ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းကို ဇွန် ၃၀ ရက် နံနက်က ထူပါရုံ(၁၈)လမ်းထိပ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းအား စစ်ဆေးရာ အခင်းဖြစ်နေ့ နံနက် ၄ နာရီခန့်က အဆိုပါရွှေဆိုင်၏ နောက်ဘက်ပြတင်းပေါက်အား ချိုးဖျက်ဝင်ရောက်ပြီး အတွင်းရုံးခန်းအတွင်း ထပ်မံဝင်ရောက်၍ ရွှေထည်ပစ္စည်းများအား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

အမှုပါ ပျောက်ဆုံးသွားသည့် ရွှေထည်ပစ္စည်းများအား ၎င်းထံမှ ပြန်လည်သိမ်းဆည်းခဲ့ကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိပြီး အခြားခိုးမှုများကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(သတင်းစဉ်)**



လုယက်မှုကျူးလွန်သူ ငါးဦးအား ဖမ်းဆီးရမိစဉ်။

# လုယက်မှုကျူးလွန်ကြောင်း သတင်းရရှိသူအား စစ်ဆေးရာမှ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ပြီး အတူပါဝင်သူများကို ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇူလိုင် ၃**

အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ခိုးမှု၊ လုယက်မှုများကျူးလွန်ကြောင်း သတင်းအရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၄)ရပ်ကွက်နေ အောင်ကြီး(ခ)အောင်အောင်(၃၄)နှစ်အား ဇွန် ၂၅ ရက်က စစ်ဆေးရှာဖွေရာ ၎င်းထံမှ လက်ကိုင်ဖုန်းတစ်လုံးအား သိမ်းဆည်းရမိပြီး အဆိုပါဖုန်းကို ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိဘဲ လုယက်ယူဆောင်ထားခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မ ရဲစခန်းက (ပ)၆၈၄/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂/၅၄ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အောင်ကြီး(ခ)အောင်အောင်အား စစ်မေးရာ ဇွန် ၂၃ ရက် ညပိုင်းက ၎င်းသည် အရုပ်သည်(ခ)နိုင်ဝင်းထွန်း၊ အရှည်ကြီး(ခ) ဝင်းမင်းသူ၊ ကျော်သန်း၊ ဗိုလ်တောက်(ခ) သော်ဇင်ဦးတို့နှင့် အတူ အရက်သေစာသောက်စားကာ လုယက်မှုကျူးလွန်ရန် တိုင်ပင်ခဲ့ကြပြီး ၎င်း၏နေအိမ်မှ ဓားရှည်တစ်ချောင်းအား ယူဆောင်ကာ ဗိုလ်တောက်(ခ) သော်ဇင်ဦးမောင်းနှင်သည့် Probox အငှားယာဉ်ဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ကုလားဝဲတံတား၊ သာကေတမြို့နယ်ရှိအဝိုင်းနှင့် အင်းလျား ကန်ပေါင်၏ အနီးဝန်းကျင်များသို့ သွားလာခဲ့ကြကြောင်း၊ ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သို့ ပြန်လာခဲ့ရာ ဇွန် ၂၄ ရက် နံနက် ၁ နာရီခန့်က တောင်မြောက် လမ်းဆုံအနီးရောက်ရှိစဉ် လမ်းလျှောက်လာသည့် အမျိုးသားနှင့် အမျိုးသမီးတို့အား ဓားဖြင့် ထောက်၍ ငွေကျပ် ၁၀၇၀၀ ပါ ပိုက်ဆံအိတ်နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့အား လုယက်ယူဆောင်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ သည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်ရာတွင် ၎င်းနှင့်အတူပါသူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန် ၂၈ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူများဖြစ်သည့် အရုပ်သည်(ခ)နိုင်ဝင်းထွန်း(၃၁)နှစ်၊ အရှည်ကြီး(ခ)ဝင်းမင်းသူ(၃၃)နှစ်၊ ကျော်သန်း(၃၃)နှစ်၊ ဗိုလ်တောက်(ခ)သော်ဇင်ဦး(၂၄)နှစ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား စစ်မေးရာ အဆိုပါပြစ်မှုကို ၎င်းတို့အတူ ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းပြီး ဆက်လက်အရေးယူလျက်ရှိသည်။

အောင်ကြီး(ခ)အောင်အောင်သည် ဇွန်လအတွင်းက ညအချိန်တွင် တစ်ဦးတည်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက်ရှိ လမ်းကြားတစ်ခုတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ ဆင်းကတ်နှစ်ကတ်ပါ ဖုန်းတစ်လုံးအား လုယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်သေခံဖုန်းအား သိမ်းဆည်းပြီး ၎င်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းက (ပ)၆၈၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၂/၅၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၉ ရက်က ကွမ်းလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကွမ်းလုံမြို့ တံတားဦးကျေးရွာဘက်ခြမ်း သံလွင်ကြိုးတံတားထိပ်တွင် ဟိုလီကျေးရွာဘက်မှ ကွမ်းလုံဘက်သို့လမ်းလျှောက်လာသူ အောင်ကျော်မိုးအား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၃၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ မိုးနဲမြို့ ပြည်ထောင်စုလမ်းမပေါ်တွင် နမ့်စန်မှ မိုးနဲသို့ စိုင်းခမ်းလှိုင်မောင်းနှင်သည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၉ ပြား သိမ်းဆည်းရမိသည်။

ထို့ပြင် နမ့်စန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နမ့်စန်မြို့ ဝမ်ပုံကျေးရွာအုပ်စု ထင်းရှူးမြိုင်ကျေးရွာနေ မူးယစ်ဆေးဝါးရောင်းချသူ လုံးကောလိန်၏ နေအိမ်ကို ရှာဖွေစဉ် သေနတ်ကိုင်လျက်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းထံမှ ပွိုင့် ၂၂ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်ကိုးတောင့်နှင့် ကျည်အိမ်တစ်ခု၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၈ ပြား၊ ဘိန်းစိမ်း သုည ဒသမ ၁၃၀၆၄ ကီလို၊ ဘိန်းညိုခဲ သုည ဒသမ ၀၁၆၃၃ ကီလိုနှင့် မြန်မာငွေ ကျပ်၇၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



လုံးကောလိန်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


| သမ္မတ | သွင် | ဝင်းလိုက်(မန္တလေး) | ၃.၇.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ | နေပြည်တော်(၁) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာ စံပြ | မြို့မ(မန္တလေး) |
|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | ၀၁-၃၇၂၉၄<br>၀၉၇၃၂၃၅၆၀ | ၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | | ဖုန်း- 251277<br>251288 | | | | |



# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း
(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ၊ ၂၀၁၅ ခုနှစ်)
၁၃၇၇ ခုနှစ်၊    လ    ရက်
(၂၀၁၅ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စက်မှုဒီဇိုင်း** ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းသဏ္ဌာန်ကို ဆိုသည်။

(ခ) **ထုတ်ကုန်** ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုပ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ်များ မပါဝင်ပါ၊

(ဂ) **မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဖန်တီးသူ** ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။

(င) **ဦးစားပေးအခွင့်အရေး** ဆိုသည်မှာ ဤဥပဒေပါ ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်၊

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ရန် ဤဥပဒေအရတာဝန်ခံဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်။

(ဇ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည်၊

(ဈ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ည) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး** ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်။

(ဋ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။

(ဌ) **တရားရုံး** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံရသော တရားသူကြီးရုံးထိုင်သည့် တရားရုံးကို ဆိုသည်။

(ဍ) **အလုပ်သမား** ဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။

(ဎ) **အလုပ်ရှင်** ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူတစ်ဦးဦး သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ၎င်း၏ တရားဝင်အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝသာယာဝပြောရေးများကို အပြန်အလှန် အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**

**တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို တည်ထောင်ခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါဖော်ပြချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော မှတ်ပုံတင်အရာရှိများ၊ ဒုတိယမှတ်ပုံတင်အရာရှိများနှင့် လက်ထောက် မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန်လိုအပ်သော စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊

(ဈ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဋ) ဤဥပဒေပါ အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏လုပ်ငန်းတာဝန်များ**

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများအား တောင်းခံခြင်း၊

(င) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းတို့ကို ဆုံးဖြတ်ခြင်း၊

(စ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူကို အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း၊

(ဆ) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်စဲခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) စက်မှုဒီဇိုင်းမှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်ရန်အတွက် လျှောက်ထားချက်များကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကိုစစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းလျှောက်ထားချက်များကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်၊ မသင့် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း**

၇။ စက်မှုဒီဇိုင်းများသည်အသစ် သို့မဟုတ် မူလဖြစ်သည့်အပြင် တုပမှီခိုမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည်ဖြစ်သည်။

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်။

၉။ (က) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် ထပ်တူညီသော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်ဟု မမှတ်ယူရ၊

(ခ) အများသိရှိထားပြီးဖြစ်သော ဒီဇိုင်း၏ သွင်ပြင်လက္ခဏာများ စုပေါင်းထားခြင်းဖြစ်သည့် သို့မဟုတ် အများသိရှိထားပြီးဖြစ်သော ဒီဇိုင်းများနှင့် သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိသည့် စက်မှုဒီဇိုင်းသည် မူလဖြစ်သည်ဟု မမှတ်ယူရ။

**အခန်း(၆)**

**အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း**

၁၀။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ်မရရှိစေရ -

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ကြံဆချက်များဖြင့်သာ ပုံဖော်ထားခြင်း၊

(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးစေခြင်း။

**အခန်း(၇)**

**စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူများ**

၁၁။ စက်မှုဒီဇိုင်းဖန်တီးသူကဖြစ်စေ၊ ၎င်း၏တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ ၎င်း၏တရားဝင် လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့် ရှိသည်။

၁၂။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ဖန်တီးခဲ့ခြင်းဖြစ်လျှင် ၎င်းတို့အားလုံးသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၃။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ-

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် သီးခြားသဘောတူညီချက် မရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ခ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ၎င်း၏လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်သမားက ဖန်တီးရာတွင် ယင်းစက်မှုဒီဇိုင်းကို ဖန်တီးရန်အတွက် အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြုခဲ့လျှင်၊ သီးခြားသဘောတူညီချက်မရှိပါက အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

သို့ရာတွင် အလုပ်ရှင်သည် အဆိုပါစက်မှုဒီဇိုင်းအပေါ် တစ်ဦးတည်းပိုင်မဟုတ်သောလိုင်စင် ရရှိမည်ဖြစ်သည်။

(ဂ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်ရှင်အား ဆက်သွယ်အကြောင်းကြားသည့်နေ့ သို့မဟုတ် အလုပ်ရှင်မှ သိရှိသည့်နေ့တို့အနက် ပို၍စောသည့်နေ့ရက်မှ ၆ လ အတွင်း အဆိုပါစက်မှုဒီဇိုင်းကို အလုပ်ရှင်မှ မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟုမှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့် ရှိသည်။

(ဃ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်းပြုလုပ်သည့် စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါစက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ၎င်း၏အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင် သီးခြားသဘောတူညီချက်မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟုမှတ်ယူပြီး အလုပ်ရှင်မှ အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) အလုပ်ရှင်မှ အဆိုပါ စက်မှုဒီဇိုင်းဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခဲ့ခြင်း။

(၂) အလုပ်သမားကတင်ပြသည့် သက်သေခံ အထောက်အထားအပေါ် အလုပ်ရှင်မှ ငြင်းဆိုခြင်းမပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ဂ) အတိုင်း တင်ပြနိုင်ခြင်း၊

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဃ)တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးမှုမှအပ အခြားသောစက်မှုဒီဇိုင်းဖန်တီးမှုကို ပြုလုပ်ခဲ့လျှင် သီးခြားသဘောတူညီချက်မရှိပါက ယင်းစက်မှုဒီဇိုင်းအတွက် မှတ်ပုံတင်လျှောက်ထားခွင့် ရှိသည်။

**အခန်း(၈)**

**စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်း**

၁၄။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၁၅။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် အပြည်ပြည်ဆိုင်ရာစက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်း သဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက ယင်းစက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်၊

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။ မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိကတောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။ ယင်းဘာသာပြန်ဆိုချက်ကို လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၆။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(ဃ) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော တင်ပြချက်၊

(င) လျှောက်ထားသည့် ထုတ်ကုန်များ သို့မဟုတ် ယင်းထုတ်ကုန်များတွင် ရုပ်လုံးဖော်ထားသော စက်မှုဒီဇိုင်းများ၏ အမည်နှင့် အမျိုးအစား၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၇။ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) မှ (င) ပါ သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းလျှောက်ထားချက်ကို အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံရရှိသည့်နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မတူညီသောနေ့ရက်အသီးသီးတွင် မှတ်ပုံတင်လျှောက်ထားလာပါက လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များအရ ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားပါက လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူသာလျှင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့် ရရှိစေရမည်။

၁၉။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာမှတ်ပုံတင်လျှောက်ထားချက် တင်သွင်းခဲ့ကြောင်း တင်ပြနိုင်သူကသာ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့် ရရှိစေရမည်။

၂၀။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့် ပြု၊ မပြုဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့်ကာလအတွင်း၌ဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

(ခ) တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းလျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံး သို့မဟုတ် အချို့နှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားလျှောက်ထားခွင့်ပြုရန် တောင်းဆိုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များ တင်သွင်းသည့်နေ့ရက်ကို သတ်မှတ်ရာတွင် မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ရက်အဖြစ် မှတ်ယူရမည်။

**အခန်း(၉)**

**မှတ်ပုံတင်လုပ်ထုံးလုပ်နည်း**

၂၁။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဖြည့်စွက်ရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အဆိုပါစက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းအား ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်၊

(ခ) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (က)ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်ရမည်၊

(ဂ) ပုဒ်မ ၁၅၊ ၁၆ တို့နှင့် ညီညွတ်သော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိစေရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်၊

(ဃ) လျှောက်ထားသူမှ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုချက်ပါရှိခဲ့လျှင် ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးသည့်နေ့ရက် မတိုင်မီအထိ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်း မပြုရ။

**အခန်း (၁၀)**

**ကန့်ကွက်ချက်လုပ်ထုံးလုပ်နည်း**

၂၂။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၂၃။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားလာပါက သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်း မရှိပါက အဆိုပါ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်၊ စစ်ဆေးရေးအရာရှိ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့အပြင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

**အခန်း (၁၁)**

**အခကြေးငွေများ**

၂၅။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့် မှတ်ပုံတင်လျှောက်ထားခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးခ၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတင်ခ၊ လိုင်စင်ပေးခြင်း မှတ်တမ်းတင်ခ၊ ထုတ်ပြန်ကြေညာခတို့အပါအဝင် လိုအပ်သော စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခကြေးငွေများကို တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ရမည်။

၂၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းခဲ့လျှင်သော်လည်းကောင်း၊ ငြင်းပယ်ခြင်းခံရလျှင်သော်လည်းကောင်း ပေးသွင်းခဲ့သော အခကြေးငွေများကို ပြန်လည်ထုတ်ပေးခြင်း ပြုမည်မဟုတ်။

၂၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထပ်မံထုတ်ပေးရန် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စိစစ်၍ စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကို စိစစ်၍ ပြင်ဆင်ခွင့်ပေးနိုင်သည်။

**အခန်း (၁၂)**

**စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း**

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင်ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသည့်နေ့ရက်မှ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့ရက်မှ ၁၈ လထက် မပိုစေရ။

၂၉။ လျှောက်ထားသူသည် ပုဒ်မ ၂၈ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သည့်တိုင် အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

၃၀။ မှတ်ပုံတင်အရာရှိသည် -

(က) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ပုဒ်မ ၂၈ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက်တင်သွင်းသည့်ရက်၊ တောင်းဆိုထားသည့်ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၃)**

**ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး**

၃၁။ ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားခဲ့သူ သို့မဟုတ် ထိုသူ၏လွှဲပြောင်းပေးခြင်းခံရသူသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၌ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ပထမဆုံးလျှောက်ထားခဲ့သည့်နေ့ရက်မှ ၆ လ အထိ ဦးစားပေးအခွင့်အရေးခံစားခွင့် ရှိသည်။

၃၂။ လျှောက်ထားသူသည် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ အဖွဲ့ဝင် နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် စက်မှုဒီဇိုင်းကို ခင်းကျင်းပြသခဲ့ပါက စတင် ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ၆ လ အတွင်း လျှောက်ထားခဲ့ခြင်းဖြစ်လျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုနိုင်သည်။

၃၃။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၁ တွင် ဖော်ပြထားသော ဦးစားပေး အခွင့်အရေးကာလထက် မကျော်လွန်စေရ။

**အခန်း(၁၄)**

**စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့် သက်တမ်းတိုးခြင်း**

၃၄။ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း၏ ပထမသက်တမ်းသည် အဆိုပါ စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၅ နှစ် ဖြစ်သည်။

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းအား ဒုတိယနှင့် တတိယ သက်တမ်းများအတွက် ၅ နှစ်စီ ထပ်မံသက်တမ်းတိုးနိုင်သည်။ မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းသည် လျှောက်ထားသည့် နေ့ရက်မှ စုစုပေါင်း ၁၅ နှစ်ဖြစ်သည်။

၃၅။ **မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပထမ ၅ နှစ် သက်တမ်းကုန်ဆုံးပြီးနောက် မှတ်ပုံတင် စက်မှုဒီဇိုင်း**သက်တမ်းကာလကို တိုးမြှင့်လိုပါက -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း သက်တမ်းကာလကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ၆ လ အတွင်း မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခြင်းအတွက် အခကြေးငွေများကို ပေးသွင်းရမည်။

(ခ) သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ် ပေးသော ၆ လ အတွင်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေပေးသွင်းလျှင် ရက်လွန်ကြေးကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

၃၆။ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ -

(က) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လ အတွင်း ပေးသွင်းခြင်းမရှိပါက မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်ခြင်းမှ ရပ်စဲစေရမည်၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(ခ) မှတ်ပုံတင်အရာရှိသည် ရပ်စဲသွားသည့် မှတ်ပုံတင်စက်မှုဒီဇိုင်းကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းတို့အတွက် အခကြေးငွေများပေးသွင်းမှုတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

## အခန်း(၁၅)
## မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများ

၃၇။ စက်မှုဒီဇိုင်းကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် ဤဥပဒေပါ မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို ခံစားခွင့်ရှိသည်။ ထိုအခွင့်အရေးများကို အခန်း (၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းကာလအတွင်း၌သာ ခံစားခွင့်ရှိစေရမည်။

၃၈။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှုပွားထားသည့် သို့မဟုတ် မှတ်ပုံတင်စက်မှုဒီဇိုင်း၏ အဓိကအချက်များအား မှုပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ၎င်း၏သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကို ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၆) နှင့် အခန်း (၁၇) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်။

၃၉။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများကပိုင်ဆိုင်ပြီး ၎င်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် အညီအမျှဖြစ်သော မခွဲဝေရသေးသည့် မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးဝေစုကို ခံစားခွင့်ရှိသည်။

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် ၎င်း၏အညီအမျှဖြစ်သော မခွဲဝေရသေးသည့်ဝေစုကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ လိုင်စင်ပေးခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီသည် မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးထိပါးချိုးဖောက်သူအား အခြားသောမှတ်ပုံတင်စက်မှုဒီဇိုင်းပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက်ရယူရန်မလိုဘဲ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ အတိုင်း တရားစွဲဆိုခွင့်ရှိသည်။

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင် တစ်ဦးချင်းစီ၏ အခွင့်အရေးများအား တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၀။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါအချက်တစ်ရပ်ရပ်တွင် မိမိ၏မှတ်ပုံတင် စက်မှုဒီဇိုင်းအခွင့်အရေးများကို ကျင့်သုံးခြင်းမရှိစေရ -

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန်အတွက် ပြန်လည်ထုတ်လုပ်ရန် ဆောင်ရွက်မှုများ။

၄၁။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်၏အခွင့်အရေးများသည် ၎င်း၏စက်မှုဒီဇိုင်းအား ရောင်းချခြင်း၊ ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော ပစ္စည်းများအပေါ် ပြုမူဆောင်ရွက်ခြင်း မရှိစေရ။

## အခန်း(၁၆)
## မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၂။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင် ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အသစ်နှင့် မူလမှတ်ပုံတင် စက်မှုဒီဇိုင်းပိုင်ရှင်တို့မှ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး တောင်းဆိုလာပါက မှတ်ပုံတင်စက်မှုဒီဇိုင်း ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပြီး ထုတ်ပြန်ကြေညာရမည်။

၄၄။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

၄၅။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၇)
## မှတ်ပုံတင်စက်မှုဒီဇိုင်းကို လိုင်စင်ပေးခြင်း

၄၆။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင် ရပ်တည်သော အဖွဲ့အစည်းကိုဖြစ်စေ ၎င်း၏မှတ်ပုံတင်စက်မှုဒီဇိုင်းကို အသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၇။ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူသည် လိုင်စင်မိတ္တူမှန်နှင့်အတူ သတ်မှတ်ထားသော အခကြေးငွေများပေးသွင်းပြီး မှတ်တမ်းတင်ပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။

၄၈။ မှတ်ပုံတင်အရာရှိသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၉။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။

၅၀။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှု မရှိစေရ။

## အခန်း (၁၈)
## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော မှတ်ပုံတင် စက်မှုဒီဇိုင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများကို ထိခိုက်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါစက်မှုဒီဇိုင်း မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပျက်ပြယ်စေရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၂။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ထားခြင်း တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပယ်ဖျက်နိုင်သည် -

(က) ပုဒ်မ ၁၀ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ဂ) စက်မှုဒီဇိုင်းသည် အသစ် သို့မဟုတ် မူလမဖြစ်ခြင်း၊

(ဃ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်စက်မှုဒီဇိုင်းအား ရခွင့်ရှိသူမဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း၊

(င) မှတ်ပုံတင်စက်မှုဒီဇိုင်းသည် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ ဖော်ပြထားသော အချက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားခြင်း၊

(စ) မှတ်ပုံတင်စက်မှုဒီဇိုင်းပျက်ပြယ်စေခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏ အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်အပေါ် အခြေခံခြင်း။

၅၃။ မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်တစ်ရပ်ရပ်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန်အတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း၊

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်း။

၅၄။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စက်မှုဒီဇိုင်းကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ပြီးပါက အဆိုပါပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၉)
## အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်း

၅၅။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပါက မြန်မာနိုင်ငံတွင် အကျိုးသက်ရောက်စေရန် လျှောက်ထားသည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင် လျှောက်ထားခြင်းကို ဖြစ်စေ၊ မြန်မာနိုင်ငံမှ လျှောက်ထားမည့် အပြည်ပြည်ဆိုင်ရာမှတ်ပုံတင်လျှောက်ထားခြင်းကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

## အခန်း (၂၀)
## အယူခံခြင်း

၅၆။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တရားရုံးသို့ အယူခံဝင်နိုင်သည်။

## အခန်း (၂၁)
## စက်မှုဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်မှုများအတွက် တရားရုံးက ဆောင်ရွက်နိုင်သောလုပ်ထုံးလုပ်နည်းများ

၅၈။ (က) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ အောက်ပါယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းအား ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ရပြီးလျှင်ပြီးချင်း တင်သွင်းသော ကုန်ပစ္စည်းများအပါအဝင် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်၊

(၂) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားများအား မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်။

(ခ) တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကိုချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ပြင်ဆင်၍မရနိုင်သော ထိခိုက်နစ်နာစေနိုင်သည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့် အန္တရာယ်အမှန်တကယ်ကျရောက်နေခြင်း။

(ဂ) တရားရုံးသည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ၎င်း၏အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ကျေနပ်စေလောက်သည့် ခိုင်လုံသောအထောက်အထား ဖြစ်စေရန် အလို့ငှာ လျှောက်ထားသူအား လိုအပ်သည့် သက်သေခံအထောက်အထားများတင်ပြရန် တောင်းဆိုနိုင်သည်။

(၂) လျှောက်ထားသူက အလွဲသုံးစားပြုလုပ်လျှောက်ထားခြင်းမှ ကာကွယ်တားဆီးရန်နှင့် တရားပြိုင်အား ကာကွယ်ရန်အတွက် အာမခံချက်တစ်ရပ် တင်သွင်းရန် လျှောက်ထားသူအား တောင်းဆိုနိုင်သည်။

(ဃ) တရားရုံးသည် တစ်ဖက်အမှုသည်၏ မျက်ကွယ်၌ချမှတ်သော ယာယီအရေးယူ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိခိုက်နစ်နာသူများထံ အသိပေးအကြောင်းကြားရမည်၊

(င) အရေးယူဆောင်ရွက်ချက်များကို တရားရုံးကသတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(စ) အရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် တစ်ဖက်အမှုသည်၏တောင်းဆိုချက်အရ ကြားနာခွင့်အပါအဝင်ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို ရုံးဖွင့်ရက် ၂၀ ရက် အတွင်း ဆောင်ရွက်ရမည်။

(ဆ) တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများအား ခွဲခြားသတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အခြားသတင်း အချက်အလက်များကို တင်ပြရန် လျှောက်ထားသူထံမှ တောင်းဆိုနိုင်သည်။

(ဇ) တောင်းဆိုထားသည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အရေးယူဆောင်ရွက်ချက်များကို ချမှတ်သော တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ရုံးဖွင့်ရက် ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ၃၁ ရက်တို့ အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက် မပိုသောအချိန်အတွင်း တရားစွဲဆိုမှုအပေါ် ဆောင်ရွက်ချက်များကို စတင်ခဲ့ခြင်းမရှိခဲ့လျှင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) တို့ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို တရားပြိုင်၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် တစ်နည်းအားဖြင့် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(ဈ) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များအား ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ဆိုင်းငံ့လျှင်ဖြစ်စေ၊ စက်မှုဒီဇိုင်းအခွင့်အရေး ချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ တရားပြိုင်၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် နစ်နာမှုနှင့်ညီမျှသည့် သင့်လျော်သော လျော်ကြေးပေးဆောင်ရန် လျှောက်ထားသူကို အမိန့်ချမှတ်နိုင်သည်။

၅၉။ တရားရုံးသည် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အကောက်ခွန်ကင်းလွတ်ခွင့် ရပြီးလျှင်ပြီးချင်း တင်သွင်းလာသော စက်မှုဒီဇိုင်း အခွင့်အရေးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းအား ကာကွယ်တားဆီးခြင်း အပါအဝင် စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်မှုကိုရပ်ဆိုင်းရန် ချမှတ်သည့်အမိန့်၊

(ခ) စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက်ပေးလျော်ရန် လုံလောက်သော နစ်နာကြေးအား ထိပါးချိုးဖောက်သူက အခွင့်အရေးရရှိသူထံ ပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့်၊ သင့်လျော်သောကိစ္စရပ်များတွင် တရားရုံးသည် မူလရင်းနှီးမြှုပ်နှံထားသော နစ်နာကြေးကိုဖြစ်စေ၊ အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရရှိစေရန် အစားထိုးအမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် ကျသင့်သော ကုန်ကျစရိတ်များအား ပေးဆောင်ရန်အမိန့်။

၆၀။ အရေးယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသော အခွင့်အရေးရရှိသူသည်

စာမျက်နှာ ၁၈ သို့

## ဥပဒေကြစ်း

စာမျက်နှာ ၁၇ မှ

ထိုကဲ့သို့ အလွဲသုံးစားပြုခြင်းကြောင့် နစ်နာမှုအတွက် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား လျော်ကြေးပေးဆောင်ရန် တာဝန်ရှိသည်။ ထို့အပြင် တရားရုံးသည် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင်ဖြစ်သော တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များအား အခွင့်အရေးရရှိသူက ပေးဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

၆၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တရားပြိုင်ကတင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ၎င်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် ဆီလျော်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တရားပြိုင်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖာက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့်သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များအား မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၆၂။ တရားရုံးသည် မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မှတ်ပုံတင် စက်မှုဒီဇိုင်းပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူအား အသိပေးစေရန် ထိပါးချိုးဖောက်သူကို အမိန့်ချမှတ်နိုင်သည်။

၆၃။ မှတ်ပုံတင်စက်မှုဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းအတွက် တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန်အတွက် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

### အခန်း (၂၂)
### ပြစ်ဒဏ်များ

၆၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်ထားသည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၆၅။ မည်သူမဆို တရားရုံးက ပုဒ်မ ၆၂ အရ ချမှတ်သောအမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း (၂၃)
### အထွေထွေ

၆၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးအရဖြစ်စေ စီရင်ဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် တရားရုံးများကို ဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တရားရုံးများကို ဖွဲ့စည်းခြင်းမပြုမီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် အခွင့်အာဏာအပ်နှင်းထားသော တရားသူကြီးရုံးထိုင်ရာ တရားရုံးအား အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) တရားရုံးများက ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၆၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူအား တင်ပြကြားနာခွင့်ပေးရမည်။

၆၈။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၆၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာတရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံ စာရွက်စာတမ်းအထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန်အတွက် အမိန့်ချမှတ်ရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အစိုးရဌာနနှင့် တရားဝင်ရပ်တည်သောအဖွဲ့အစည်း တစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၂။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တရားမကြောင်းအရဖြစ်စေ၊ နှစ်ဦးနှစ်ဖက်ညှိနှိုင်းစေခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းသည့် နည်းလမ်းအရဖြစ်စေ ဖြေရှင်းနိုင်သည်။

၇၃။ စက်မှုဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို တရားမကြောင်းဖြင့် တရားရုံးသို့ တရားစွဲဆိုလျှောက်ထားနိုင်သည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတို့သည် အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၇၅။ The Burma Patents and Designs (Emergency Provisions) Act, 1946 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။






















## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à** သိန်းဖေမြင့်

# နဲဗားဆောရီ–အဲဗားဂျောလီ

# ဦးညာဏ



**ယခင်အပတ်မှအဆက်**

သူရေးသောဝတ္ထုများအနက် ကျွန်တော်ကောင်းစွာမှတ်မိနေသောဝတ္ထုတစ်ပုဒ်မှာ "လင်ကိုးလင်" ဖြစ်သည်။ လင်ကိုးလင်ပြောင်းယူသော မိန်းမတစ်ယောက်၏ အကြောင်းကို ရေးထားခြင်းဖြစ်၏။ လူအများကား လင်များသော မိန်းမများကို ရှုတ်ချပစ်တင်လေ့ရှိကြသည်။ လော်လီဖောက်ပြားသော မိန်းမဖြစ်၍ လင်တစ်ယောက်ပြီး တစ်ယောက် ကွဲ၊တစ်ယောက်ပြီးတစ်ယောက်ယူခြင်းဖြစ်သည်။ ဘာသာရေးရှုထောင့်မှသော်လည်းကောင်း၊ စာရိတ္တရှုထောင့်မှ သော်လည်းကောင်း၊ တစ်ဘက်သတ်ဝေဖန်လေ့ရှိကြသည်။ များစွာသော စာရေးဆရာ၊ ဝတ္ထုရေးဆရာများလည်း သူများနည်းတူ ပင်ဖြစ်၏။ ဦးညာဏကား "လင်ကိုးလင်" ဝတ္ထုကို ရေးပြီးထိုသဘောကို ဆန့်ကျင်ခဲ့၏။ လင်ဆိုးကိုးမျိုးကို ဇာတ်ကောင်လုပ်ပြ၏။ သူ့ဘာသာသူ ဘယ်လောက်တော်တော်၊ သူ့ဘာသာသူ ဘယ်သူ့အပေါ် ကောင်းကောင်း၊ မကောင်းကောင်း မိန်းမအတွက် မတော်သော၊ မိန်းမအပေါ် မကောင်းသော လင်ယောကျ်ားများဖြစ်သည်။ ဥပမာ မိဘအပေါ်သိပ်ကောင်းပြီး မယားအပေါ်မကောင်းသော ယောကျ်ားမျိုးဖြစ်သည်။အခြားအရည်အချင်းတွေ ပြည့်စုံပြီး လင်အရည်အချင်းမပြည့်စုံသူမျိုးဖြစ်သည်။ ထိုလင်မျိုးကြိတ်မှိတ်ပြီးပေါင်းနေခြင်းထက် ကွာလိုက်ခြင်းက ကောင်းသည်ဟု ဦးညာဏက မိန်းမသားများကို ပညာပေးလိုက်၏။ လင်ကိုးလင်ပြောင်းသာမိန်းမကို အာဇာနည်နေရာသို့ မြှင့်တင်ပေးလိုက်၏။ ထိုဝတ္ထုမှာဝတ္ထုရှည်ကြီးအဖြစ်ဖြင့်အချိန်ကို ဆန့်၍လည်းကောင်း၊ အဖြစ်အပျက်များကို ဆန့်၍လည်းကောင်း ရေးခဲ့ပါမူ အရှည်ကျော်ကြား လူကြိုက်များနေရစ်ပေလိမ့်မည်။ ဝတ္ထုက တစ်မူးတန်အရွယ်မျိုး ဖြစ်ခဲ့သဖြင့် လိပ်ပတ်မလည် အရှည်မတည် ဖြစ်ရလေသည်။

သို့ကလို လူအများက မကောင်းမြင်နေသော နေရာများတွင် အကောင်းမြင်တတ်လေရာ ဦးညာဏသည် အနောက်နိုင်ငံများတွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေပြီး အရှေ့နိုင်ငံများသို့ ကူးစက်တော့မည့် အချိန်လောက်တွင် "ဗမာတွေ မပူနှင့်" ဟူသောစာအုပ်ကလေးတစ်အုပ်ကို ရေးသားထုတ်ဝေလေသည်။

စစ်ကြီးသည် ဘယ်ရွေ့ဘယ်မျှ ကြောက်စရာကောင်းကောင်းမြန်မာတွေပူစရာမလို။ မြန်မာတွေအဖို့ ကောင်းသော အကျိုးအာနိသင်များ ဖြစ်ပေါ်လာရမည်။စစ်ကြီးမှ မြန်မာတွေ အမြတ်ထုတ်ရမည်ဟု နိမိတ်ဖတ်ရေးသားခဲ့လေသည်။ စစ်ကိုကြည့်၍ပင် နဲဗားဆောရီအဲဗားဂျောလီဖြစ်သော ဦးညာဏပေတည်း။

အသံတိတ်ခေတ်က သူ၏နာမည်ကျော်ရုပ်ရှင်ကားများမှာ ဘီအေမ၊ ရွှေပြည်ကြီး၊ သီရိဂေဟာ၊ မေမေ၊ ကုမ္မာရီ၊ မင်းအာဏာ၊ ချစ်ရန့်ကြိုင်၊ ချစ်ရန့်မပြယ် စသည်တို့ဖြစ်၍ သူတိုယ်တိုင် ဇာတ်ညွှန်းရေး၊ သူကိုယ်တိုင် ဒါရိုက်တာလုပ်သည်။ များစွာသော သီချင်းများကိုလည်း သူကိုယ်တိုင်ရေးလေသည်။ အသံထွက်ခေတ်တွင် ခေတ်ဆန်သူ၊ သူဇာ၊ သူချစ်၊ မာယာကြာခြည်စသည်တို့မှာ သူ့ဇာတ်ညွှန်းများဖြစ်သည်။

သူ့ရုပ်ရှင်ကားများသည် သူ့ခေတ်ကို ထင်ဟပ်ဖော်ပြကြ၏။ ထိုခေတ်က မြန်မာပြည်တွင် အထူးသဖြင့် ရန်ကုန်မြို့တွင် နိုင်ငံခြားသားတို့သည် ကွမ်းယာဆိုင်မှစပြီး ရွှေဆိုင်အထိဆံပင်ညှပ်ခုံမှစပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးများနှင့် စက်ရုံများအထိ နိုင်ငံခြားသားများသာ လွှမ်းမိုးနေ၏။မြန်မာတို့ မတိုးနိုင်ကြ။ သူသည် သူ့ရုပ်ရှင်များတွင် ထိုအခြေအနေကိုတိုက်ဖျက်သည်။ ကွမ်းယာဆိုင် ဆံပင်ညှပ်ခုံစသည်တို့မှစပြီး မြန်မာတွေဝင်လုပ်ရန် လှုံ့ဆော်သည်။ ဘီအေတွေအစိုးရအလုပ်ကိုချည်း မှန်းမနေကြဘဲ ကိုယ်ပိုင်အလုပ်လုပ်ဆောင် ဝါဒဖြန့်သည်။ သူသည် မိန်းမယောကျ်ားတန်းတူမှုကို လုံးဝယုံကြည်သည်။ နိုင်ငံရေး၊ လူမှုရေး၊စီးပွားရေးတို့၌ မိန်းမများ ယောကျ်ားများနှင့် ရင်ဘောင်တန်းတိုးတက်ရန် အားပေး၏။ အမျိုးသမီးများသည် ခေတ်ဆန်သည်ဆိုရာ၌ အဝတ်အစားအဆင်အပြင် ခေတ်ဆန်ခြင်းကို အားပေးခြင်းမဟုတ်၊ အတွေးအခေါ် အလုပ်အကိုင်လူမှုရေး၊ စီးပွားရေး လုပ်ရှားမှုတို့၌ လူဆန်ခြင်းကို အားပေးခြင်းဖြစ်သည်။

သူသည် စာရေးရာ၌လည်းကောင်း၊ ရုပ်ရှင်ရိုက်ရာ၌လည်းကောင်း၊ ဖျော်ဖြေရေးသက်သက်မရေး၊ ပညာပေးသင်ခန်းစာပေးစွက်ဖက်ထည့်သွင်းသည်။ ဥပမာ "ကုမ္မာရီ" ရုပ်ရှင်ဇာတ်ကားသည် သားအဖအချစ်ကို ရင်နင့်ကြေကွဲဖွယ်ဖြစ်အောင်ဇာတ်ဆင်ထားသည်။ ဇာတ်နာလှသဖြင့် လူကြိုက်များလှသည်။ သို့သော် အလုပ်တာဝန်နှင့် ပုဂ္ဂိုလ်ရေးသံယောဇဉ်ပဋိပက္ခဖြစ်ရာတွင် အလုပ်တာဝန်ဘက်ကို အနိုင်ပေးလိုက်သည်။ ထိုသို့ဖြင့် အလုပ်တာဝန်ကို လူအများနားလည်သဘောပေါက်အောင်ပညာပေးခဲ့လေသည်။

သူသည် ရုပ်ရှင်အနုပညာကို ဝါဒဖြန့်လက်နက်အဖြစ်ဖြင့် ကောင်းစွာ အသုံးချတတ်သည်။ ရုပ်ရှင်၏ ဝါဒဖြန့်တန်ဖိုးကို ခိုင်မြဲစွာလည်း ယုံကြည်သည်။ ပြဇာတ်ကိုလည်းထိုကဲ့သို့ပင် သဘောထားသည်။

၁၉၄၆ ခုနှစ်၊ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ အစိုးရ(ကြားဖြတ်အစိုးရ) တက်သောအခါ သူ၏ ဝါဒဖြန့်စွမ်းရည်ကို ဗိုလ်ချုပ်အောင်ဆန်း၊ဦးနု၊ ဦးဘချို စသူတို့က လုံးဝယုံကြည်သဖြင့်ပြန်ကြားရေးဌာနညွှန်ကြားရေးဝန်ခန့်ခဲ့သည်။ နောက်ရုပ်ရှင်နှင့်ပြဇာတ်ဌာနခွဲကို တည်ထောင်သောအခါ ရုပ်ရှင်နှင့်ပြဇာတ်ဌာန ပထမဆုံး ညွှန်ကြားချက်ဝန်အဖြစ်ဖြင့်ခန့်အပ်ခြင်း ခံရလေသည်။ (နောက်မှ သူ့ဘာသာသူ မပျော်သဖြင့် နုတ်ထွက်ခြင်းဖြစ်၏။)

ရုပ်ရှင်နှင့် ပြဇာတ်ဌာနညွှန်ကြားရေးဝန်အဖြစ်ဖြင့် ဝါဒဖြန့်မှုတွင် များစွာထိရောက်ခဲ့သောဇာတ်များကို တင်ဆက် ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်အတွင်းဂျပန်သိမ်းပိုက်ထားသောခေတ်တွင် ဦးညာဏသည် ဗမာသစ်ပြဇာတ်ကို ရေးသားပြီး စင်တင်ပြခဲ့လေသည်။

စစ်အတွင်း၌လည်းကောင်း၊ စစ်အပြီး လေးငါးခြောက်နှစ်၌လည်းကောင်း အခြားဆရာများသည်ပြဇာတ်များကို စင်တင်ပြသခဲ့ကြ၏။ သို့သော် ပြဇာတ်အဖြစ်ဖြင့် စနစ်တကျ ရေးသားခဲ့ကြခြင်းမရှိချေ။ ဇာတ်ညွှန်းအကြမ်းထည်ရေးပြီး ဇာတ်ခုံပေါ်တွင် လက်တန်းဇာတ်တိုက်ကာ ပြသသွားကြခြင်းဖြစ်၏။ထို့ကြောင့် ပြဇာတ်တွေအများအပြားပေါ်ခဲ့သော်လည်းပြဇာတ်စာပေမပေါ်ခဲ့ချေ။ ဦးညာဏ၏ ဗမသစ်ပြဇာတ်မှာ စနစ်တကျပြည့်ပြည့်စုံစုံ ရေးထားသော ပြဇာတ်စာပေဖြစ်၏။

ဂျပန်လက်အောက်မြန်မာပြည်မှာ ထူးခြားချက်တစ်ရပ်ရှိ၏။ မျိုးချစ်စိတ်ဓာတ်ကို လှုံ့ဆွသောအမျိုးသားရေးစာပေနှင့် အမျိုးသားရေးဂီတများပေါ်ခြင်းဖြစ်၏။ ဗမာသစ်ပြဇာတ်မှာ မြန်မာ့သမိုင်းကို နောက်ခံထားပြီး မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးနိုးကြားမှုကို ဖော်ဆောင်သော ပြဇာတ်ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီကလည်း ဦးညာဏသည် စာပေအမျိုးအစား အမျိုးမျိုးကို ရေးသားခဲ့သည်။ ရုပ်ရှင် ဇာတ်ကားများကို ရိုက်ကူးခဲ့သည်။ သို့ဖြင့်သာမြန်မာအမျိုးသားတို့၏ ကြီးပွားတိုးတက်ရေး၊ ခေတ်မီရေးနှင့်လွတ်လပ်ရေးတို့ကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့၏။ တိကျသော နိုင်ငံရေးတစ်စုံတစ်ရာကို လည်းကောင်း၊ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုခုကိုလည်းကောင်း ထောက်ခံအားပေးသည် မရှိခဲ့ဖူးချေ။

ဒုတိယကမ္ဘာစစ်ကြီးနှင့် စစ်အပြီး လွတ်မြောက်ရေးလှုပ်ရှားမှုတို့သည်ဦးညာဏအားပြောင်းလဲလိုက်လေသည်။ သူသည် နိုင်ငံရေးကို များစွာ စိတ်ဝင်စားလာ၏။ မြန်မာအမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရန်၊ ခေတ်မီရန်၊ အမျိုးသား လွတ်မြောက်ရေးကို အရယူမည်ဟု ဟောပြောရေးသားလာ၏။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သာ ဖဆပလကို ထောက်ခံအားပေးလာ၏။ သူရေးသောစာများမှာလည်း နိုင်ငံရေး၊ စီးပွားရေးဆောင်းပါးများ များများလာလေသည်။ ရှေ့ဆောင်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာစသည်တို့တွင်မှန်မှန်ရေးသော သတင်းစာဆရာ ဖြစ်လာခဲ့ပေသည်။

သို့သော် သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကား ရုပ်ရှင်ဇာတ်ညွှန်းရေးခြင်းနှင့် ရုပ်ရှင်ဇာတ်ကားရိုက်ကူးခြင်းသာဖြစ်နေပေသည်။ သတင်းစာနှင့် နိုင်ငံရေးတို့ကား ဝါသနာအလုပ်များသာ ဖြစ်ပေသည်။

ဖဆပလအစိုးရက သူ့အားပြန်ကြားရေးဌာနညွှန်ကြားရေးဝန်ခန့်လိုက်ရာ တစ်နှစ်ကျော်ကျော်သာလုပ်ပြီး မပျော်သဖြင့် ထွက်လိုက်လေသည်။ ထိုအခါ သူ့ကိုပထမဦးဆုံးသော ရုပ်ရှင်နှင့်ပြဇာတ်ညွှန်ကြားရေးဝန်အဖြစ်ဖြင့် ခန့်ထားလိုက်ပြန်လေသည်။ ရုပ်ရှင်နှင့်ပြဇာတ်ညွှန်းကြားရေးဝန်အဖြစ်ဖြင့် သူဦးစီးထုတ်လုပ်လိုက်သော ပြဇာတ်များမှာ နိုင်ငံရေးပြဇာတ်များဖြစ်လေသည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုစည်းလုံးညီညွတ်ရေး၊ တောင်သူလယ်သမားများ ဘဝသစ်ထူထောင်ရေး၊ ပဒေသရာဇ်မြေရှင်စနစ်ဆန့်ကျင်ရေး၊မြေယာစနစ်ပြုပြင်ရေးစသည်တို့ကို ဝါဒဖြန့်သော ပြဇာတ်များဖြစ်သည်။

သို့သော် ထိုပြဇာတ်များမှာ စနစ်တကျ ရေးပြီးမှ စင်တင်ကပြခြင်းမဟုတ်သဖြင့်ပြဇာတ်စာပေအဖြစ်ဖြင့် မကျန်ရစ် တော့ချေ။

သူသည် လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာပြီး လွတ်လွတ်လပ်လပ် ရေးသားပြောဆိုနေလိုသူဖြစ်ရကား ရုပ်ရှင်နှင့်ပြဇာတ်ညွှန်ကြားရေးဝန်အဖြစ်ဖြင့် ငါးနှစ်ကျော်ကျော်မျှသာ ထမ်းရွက်ပြီး နုတ်ထွက်လိုက်လေသည်။ ဗြိတိသျှဘားမားဦးညွန့်က သူ့အားဇာတ်ညွှန်းဌာနကို ကြီးကြပ်ရန် တစ်လတစ်ထောင်ပေးပြီး ခန့်ထားပြန်လေသည်။ သို့သော် ထိုနေရာတွင်လည်းကြာကြာမလုပ်ဘဲ ထွက်ခဲ့ပြန်၏။ ထို့ကြောင့်သူတပည့် စာရေးဆရာ ရန်နိုင်စိန်က "ကျွန်တော်တို့ဆရာကြီးက အလုပ်တွေကနေပြီး တစ်ခုပြီးတစ်ခု ထွက်နေတာပဲဗျ"ဟု ဆိုခဲ့လေသည်။

ကိုယ်တိုင်ရုပ်ရှင်ဒါရိုက်တာလုပ်ပြီး ရိုက်ကူးခြင်းကားကြာလေနည်းလေဖြစ်လေသည်။ သို့သော် ဇာတ်ညွှန်းရေးခြင်းသာ သူ၏ထာဝစဉ်အလုပ်ဖြစ်ခဲ့၏။

မကြာမီကမိတ်ဆွေတစ်ခုထိုင်ပြီး သူရေးသောဇာတ်ညွှန်းများကို စာရင်းပြုကြသည်။သူကိုယ်တိုင်ရုပ်ရှင်ရိုက်ကူးသော ဇာတ်ညွှန်းများက နည်းနည်းသာဖြစ်သည်။ သူများရုပ်ရှင်ရိုက်ကူးသော သူ့ဇာတ်ညွှန်းများကားများလှပေ၏။ သူရေးသော ဇာတ်ညွှန်းပေါင်း ၂၀၀ ကျော်ဟု စာရင်းရရှိပေသည်။ မြန်မာပြည်တွင် သူ့လောက် ဇာတ်ညွှန်းရေးနိုင်သူမရှိချေ။ နောင်လည်း ပေါ်ရန်ခက်၏။ စနစ်တကျ အပြည့်အစုံရေးထားသော ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၂၀ကို တွေ့ထားရသည်။ ၎င်းတို့ကို ရုပ်ရှင်ဇာတ်ညွှန်းစာပေအဖြစ်ဖြင့်ပုံနှိပ်ထုတ်ဝေထိုက်ပေသည်။

ဦးညာဏသည် ဝတ္ထုပြဇာတ်မဟုတ်သော ရသစာပေတစ်မျိုးကိုလည်း ရေးသားလာလေသည်။ ဗိုလ်တထောင်သတင်းစာထွက်ခါစက သူရေးသားသောပြည်သူ့ဘဝသရုပ်ဖော်ဆောင်းပါးမျိုး ၁၉၆၄ ခုနှစ်ကမုံရွာ ဘုတလင်ဘက်သို့ ကျွန်တော်နှင့်ခရီးသွားပြီး အပြန်တွင် သူရေးသော ခရီးသွားဆောင်းပါးမျိုးကို မဂ္ဂဇင်းများ၌လည်းကောင်း၊ သတင်းစာ ၌လည်းကောင်း တွေ့နိုင်ပေသည်။

သူကိုယ်ပိုင်အတွေးအခေါ်များပါသော ဆောင်းပါးအများကိုလည်းတွေ့ရ၏။

သူ့စာအမျိုးမျိုး၊ သူ့ဆောင်းပါးအမျိုးမျိုးကို လွှမ်းမိုးနေသည်မှာ သူ၏ အကောင်းမြင်ဝါဖြစ်၏။ အစစအရာရာ အကောင်းဘက်မှနေ၍ ကြည့်ပြီး အကောင်းဘက်ကို မီးမောင်းထိုးတင်ပြ၏။ မည်မျှပင် မှောင်ထုကျရောက်နေစေ ကာမူ အလင်းရောင်ကို ညွှန်ပြ၏။ဘယ်တော့မျှ ဝမ်းမနည်းနှင့်၊အမြဲတမ်းပျော်ပျော်နေလေ့ဟူသည်မှာ သူ၏ သဝဏ် လွှာဖြစ်၏။ သူသည်သူများဖတ်ရန်သူ့စာများကို ထိုသို့သော အကောင်းမြင်ဝါဒဖြင့်တမင်သွတ်သွင်း၍ ရေးခြင်းမဟုတ်။ သူကိုယ်တိုင်က ထိုအတိုင်းမြင်ပြီး ထိုအတိုင်း ကျင့်သုံးသောကြောင့် ရေးခြင်းဖြစ်လေသည်။

ယခင်က ဦးညာဏသည် အများနှင့်ဆိုင်သော အဖွဲ့အစည်းလှုပ်ရှားမှုများတွင် မပါခဲ့ချေ။

ညီညွတ်သော ဖဆပလကို ကလောင်ဖြင့် ထောက်ခံအားပေးခဲ့သော်လည်း အချို့က သူ့ကို ရန်ကုန်ခရိုင် ဖဆပလ ဥက္ကဋ္ဌအဖြစ်ဖြင့်တင်မြောက်ရန်အဆိုပြုသောအခါလက်မခံခဲ့ချေ။

ပြည်တွင်းစစ်ဖြစ်လာ၍ ပြည်တွင်းငြိမ်းချမ်းရေး ရှစ်ဦးကော်မတီဟူသောအဖွဲ့ပေါ်ပေါက်လာသောအခါ သူ့ကို ကော်မတီတစ်ဦးအဖြစ်ဖြင့်ထည့်ထားခဲ့ကြ၏။ပြည်တွင်းငြိမ်းချမ်းရေးကို လိုလားလှသဖြင့်ပထမတွင် သဘောတူလက် ခံခဲ့သော်လည်း ထိုကော်မတီသည်တစ်ဖက်စောင်းနင်းဖြစ်သည်ဟု တွေ့ရသဖြင့်မကြာမီပင်ထွက်ပစ်လိုက်လေသည်။

သူသည်အဖွဲ့အစည်းများတွင်ပါဝင်ရန်ငြင်းဆန်နေခဲ့သော်လည်း တိုးတက်သော လှုပ်ရှားမှုများကို ပိုမိုတက်ကြွစွာ ထောက်ခံအားပေးလာလေသည်။ ကလောင်ဖြင့် ထောက်ခံအားပေးရုံမက ကိုယ်ထိလက်ရောက်ပါဝင်လှုပ်ရှား လာလေသည်။ တိုးတက်သော လှုပ်ရှားမှုများအတွက် ကိုယ်တိုင်ဟောပြော ဝါဒဖြန့်လာလေသည်။

၁၉၅၆ ခုနှစ် ဒေလီမြို့တွင်ကျင်းပသော အာရှစာရေးဆရာများညီလာခံ၌ လည်းကောင်း၊ ၁၉၅၇ ခုနှစ်ကိုင်ရိုမြို့တွင်ကျင်းပသော အာရှအာဖရိကပြည်သူများ သွေးစည်းရေးညီလာခံ၌လည်းကောင်း ဦးညာဏသည်မြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်ဆောင်ရွက်ခဲ့လေသည်။

၎င်းနောက်ဦးညာဏသည် မြန်မာရုပ်ရှင်အနုပညာသည် အများအပြားပါဝင်သော ရုပ်ရှင်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တစ်ခုကို ခေါင်းဆောင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့လေသည်။

သူ၏ နိုင်ငံရေးနိုးကြားမှုမှာ များစွာမြင့်မားလာ၏။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်ဆိုရှယ်လစ်ရေးတို့ကို ပို၍ပို၍စိတ်ဝင်စားလာသည်။

ထို့ကြောင့်ကျွန်တော်တို့ကျေးရွာသို့မှန်မှန်ဆင်းနိုင် ရန် ရန်ကုန်နှင့်လည်းမဝေးသော၊ ချောင်လည်း ခပ်ကျကျ ဖြစ်သော ရွာတစ်ရွာကိုရှာကြပါသည်။ သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် ရွှေနံ့သာကျေးရွာအုပ်စု ပေါင်းကူးရွာသို့ ရောက်သွားကြလေသည်။

ကျိုက္ကလို့ဘုရားနှင့်ထောက်ကြံ့ကြားတွင် ရော်ဘာခြံကြီးများရှိသည်။ ထိုခြံကြီးများကိုဖြတ်၍အရှေ့ဘက်သို့ နှစ်မိုင်ခန့်သွားသော် ရွှေရန့်ပေါင်းကူးရွာများသို့ ရောက်၏။ ပေါင်းကူး၏ အရှေ့ဘက်တစ်မိုင်ခွဲလောက်တွင် ဘားလား၊ တံတားကြီးစသောရွာများရှိ၏။ ဘားလား၊ တံတားကြီးစသောရွာများမှာ နယ်စွန်နယ်ဖျား ရွာများဖြစ်ပြီး နာမည်ကြီးကြသည်။

ဦးညာဏနှင့်ကျွန်တော်တို့ ပေါင်းကူးရွာသို့ တနင်္ဂနွေနေ့တိုင်းသွားကြလေသည်။ ကျေးရွာလူထုနှင့် ဒူးတိုက်ဆွေးနွေးပွဲများ လုပ်သည့်အခါ လုပ်ကြသည်။ လုပ်အားပေးရာမှာကား ဦးညာဏမှာစိတ်သာရှိ၍ ကိုယ်မပါနိုင်။ သို့သော် ထိုင်မနေရစ်။ သူများလုပ်နေရာသို့ လိုက်ကြည့်တတ်သည်။စုပေါင်းလယ် ၁၆ ဧကလုပ်ပြီး ဝိုင်းထွန်ယက်ကြသောအခါ လယ်ထဲလိုက်လာပြီး အားပေးသည်။ လက်ဖက်ရည်ကြမ်း လိုက်တိုက်သည်။ ဆေးလိပ်လိုက်တည်သည်။

ရွာမှာလူထုအခမ်းအနားတစ်ခုခုရှိလျှင် ဦးညာဏ ဟောပြောရမြဲ ဖြစ်၏။

မြို့နေ ညာဏလုပ်သားများနှင့် ကျေးရွာကာယလုပ်သားများ မေတ္တာပေါင်းကူးရေးအစီအစဉ်အရ ဦးညာဏသည်သူ့ရုပ်ကွက်မှာတီးဝိုင်းဖွဲ့ပြီး ပေါင်းကူးရွာသို့ခေါ်လာသည်။ သူ့တပည့်အဆိုကျော်များလည်း ပါလာသည်။ တစ်ခါသော် ညလုံးပေါက် ရုပ်ရှင်ပြသည်။ ဤရွာများမှာ ရန်ကုန်နှင့် ကပ်နေသော်လည်း (ပေါင်း ၁၉မိုင်မျှသာ ကွာဝေးသော်လည်း) ရန်ကုန်တစ်ခေါက်မျှ မရောက်ဖူးသူအချို့ ရှိသေး၏။ တစ်ခါမျှ မရောက်ဖူးသူအချို့ရှိသေး၏။ တစ်ခါမျှ ရုပ်ရှင်မကြည့်ဖူးသူတွေလည်း ရှိသေး၏။ ထို့ကြောင့် ရုပ်ရှင်ပြသောအခါ လူစည်ကားလှသည်။ အခြားရွာများမှ လှည်းနှင့် လာကြည့်ကြသည်။

ရာဘာခြံကြီး၏ အရှေ့တောင်ဘက်တွင် မြေဧကများစွာကွက်လပ်ကြီးဖြစ်နေသည်။ ပိုင်ရှင်များသည် ထင်းကန်ထရိုက်များကိုပေးလိုက်သောကြောင့် သို့ကလို ကွက်လပ်ကြီးဖြစ်သွားသည်ဟု သိရသည်။ ဗဟိုမြေယာကော်မတီက ကျေးရွာမြေယာကော်မတီအားထိုမြေကွက်များကိုချထားခွင့်ပေးလိုက်သောအခါ ရွာထဲမှ ခြံမြေနည်းပါးသော ဆင်းရဲ သားများကိုဦးစားပေး၍ ချထားလိုက်သည်။ ကျန်မြေများကိုမြို့မှ ဘယ်သူလာလာ တကယ်သီးနှံဖြစ်အောင် လုပ် လျှင်ချမည်။ မလုပ်လျှင်ပြန်သိမ်းမည်ဟူသောမူဖြင့် ချလိုက်ကြလေသည်။

အစ ပထမတွင် မြေလာယူသူတွေရှိသော်လည်း တောကြီးထဲမှာဖြစ်သဖြင့် လာမနေရဲကြချေ။ ညဥ့်မအိပ်ရဲကြချေ။ ဦးညာဏသည် စုပေါင်းရိပ်သာဆိုပြီး တဲထိုးကာ သတ္တိရှိသောတပည့်နှစ်ယောက်ကို ထားလိုက်သည်။ ထိုတပည့်နှစ်ယောက်သည် အစောင့်ခွေးနှစ်ကောင်နှင့် ညအိပ်ကြလေသည်။ နောက်တဲအချို့သို့လူများ ညဥ့်အိပ်ညဥ့်နေရောက်လာလေသည်။ ဦးညာဏနှင့်ကျွန်တော်တို့သည် တစ်ခါတစ်ရံ စုပေါင်းရိပ်သာသို့ ညအိပ်သွားနေကြလေသည်။ တစ်ခါတစ်ရံ တီးဝိုင်းနှင့်သွားကြသည်။ ဦးညာဏကား အထူးပျော်လေ၏။ ကိုယ်တိုင်သီချင်းဆို၏။ နဲဗားဆောရီ အဲဗားဂျော်လီ သီချင်းကို သူကိုယ်တိုင် သီဆိုသည်မှာ ထိုအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်လေသည်။

သည်လိုနှင့် ထိုကွက်သစ်တွင် နေရဲထိုင်ရဲသူတွေများလာလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

(၁၉၆၉ ခုနှစ် နိုဝင်ဘာလထုတ် (ညာဏနိဒါန်း ပြည်သူ့စာအုပ်တိုက်)မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

## သတင်းတိုများ

### သုံးထပ်စာသင်ကျောင်းဆောင်သစ်ပန္နက်တင်ပွဲကျင်းပ

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေ ၂၂၆၈ သိန်းဖြင့် အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ RCသုံးထပ်စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရေး မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၆ နာရီခွဲက တောင်တွင်းကြီးမြို့ အ-ထ-က (၁) ကျောင်းဝန်းအတွင်း ၌ ကျင်းပရာ မြို့နယ်သံဃာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ အောင်ဂါထာများရွတ်ဖတ်ပူဇော်ကာမြေသန့်မင်္ဂလာကျင်းပခဲ့သည်။ ထို့နောက်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ အောင်ပဒေသာကုမ္ပဏီတို့က မင်္ဂလာအချိန်တွင်ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ရေးပန္နက်တင်မင်္ဂလာကျင်းပခဲ့ကြောင်းသိရသည်။ **နိုင်ဝင်း**

### ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကော့မှူးမြို့နယ် တကူပုံကျေးရွာတွင် ၄ လက်မ(တွင်းနက်)စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုကို ဇွန် ၂၉ရက်က ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးအောင်သက်ဦး ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

### ကျွန်းသားခြံစည်းရိုးဖျက်ဆီးသူအား အရေးယူ

ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက်တွင် ဆောက်လုပ်ထားသည့် ရှုခင်းသာ နားနေဆောင်ရှေ့တွင် ကာရံထားသော ကျွန်းသားခြံစည်းရိုး ၃ ပေ× ၂လက်မ၊ အရှည် ၁၈ ပေအား ဖျက်ဆီးခံခဲ့ရသဖြင့် မှတ်တမ်း ဓာတ်ပုံများနှင့်တကွ ဖျက်ဆီးသူအား စုံစမ်းအရေးယူပေးရန် စည်ပင်သာယာရေးအဖွဲ့က တိုင်ကြားလာသဖြင့် ဆောမြို့မရဲစခန်းက (ပ)၄၉/၂၀၁၅၊ ပပက၆(၁) ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

# နှစ်ကုန်ပိုင်း၌ အိမ်ခြံမြေဈေးကွက်ခေါင်းမော့လာမည်



**ရန်ကုန် ဇူလိုင် ၃**

လတ်တလောကာလတွင် အရောင်းအဝယ်အေးစက်နေသော ပြည်တွင်းအိမ်ခြံမြေဈေးကွက်သည် ယခုနှစ်ကုန်ပိုင်းလောက်တွင် အရောင်းအဝယ်များ ပြန်လည်ခေါင်းမော့လာနိုင်ကြောင်း ယင်းအိမ်ခြံမြေဈေးကွက်အတွင်းက စုံစမ်းသိရှိရသည်။

လာမည့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအပြီးတွင် ပြည်တွင်းရှိ အိမ်ခြံမြေအရောင်းအဝယ်များမှာ အရောင်းနှင့် အငှားပါ ပြန်လည်ကောင်းမွန်လာမည်ဖြစ်သည်ဟု iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူကပြောသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကလည်း အဆိုပါရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်နေကြပြီး ရွေးကောက်ပွဲအခြေအနေကောင်းလာသည်နှင့် တစ်ပြိုင်နက်ဝင်လာကြမည်ဖြစ်သည့်အတွက် အရောင်းအဝယ်နှင့် အငှားဈေးကွက်ပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သို့သော် ဈေးနှုန်းအနေဖြင့် လက်ရှိထက်မြင့်မားလာနိုင်ဖွယ်မရှိဘဲ၊ လက်ရှိထက်လည်း ကျဆင်းသွားနိုင်မည်မဟုတ်ကြောင်း အထက်ပါမန်နေဂျင်းဒါရိုက်တာက ဆက်လက်ပြောသည်။

"အစိုးရက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်အသစ်တွေအကောင်အထည်ဖော်တော့မယ်ဆိုတော့ မြေကွက်အသစ်တွေထပ်ပြီးတော့ ထွက်လာမယ်၊ Supply ဆိုက်က ပိုများလာမယ်။ ရောင်းလိုအား ဘက်ကပိုများလာမှာဖြစ်တဲ့အတွက် ဈေးနှုန်းပိုင်းကအများကြီးတက်နိုင်တော့မယ်မထင်ဘူး၊ နေရာကောင်းမှာရှိတဲ့ မြေကွက်တွေဆိုရင် ဈေးလျှော့ပြီးတော့ရောင်းနိုင်တယ်၊ အိမ်ခြံမြေဈေးကွက်ပြန်ပြီး ဦးမော့လာမှာပါ"ဟု ဦးနေမင်းသူက ဆိုသည်။

ရန်ကုန်မြို့တွင် လူဦးရေပျမ်းမျှ ခြောက်သန်းခန့်နေထိုင်ရာ တစ်သန်းခန့်မှာ ငှားရမ်းနေထိုင်ကြသူများဖြစ်သည့်အတွက် အငှားဈေးကွက်မှာ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး နှစ်စဉ်ရွှေ့ပြောင်းလုပ်သားများက နယ်ကနေရန်ကုန်သို့ တိုး၍ဝင်ရောက်လာခြင်းကြောင့် အိမ်ရာလိုအပ်ချက်မှာ ဆက်လက်မြင့်တက်လာမည်ဖြစ်သည်ဟု အိမ်ခြံမြေအကျိုးဆောင်အသိုင်းအဝိုင်းက သုံးသပ်ပြောကြားသည်။

ယခုလပိုင်းအတွင်းမှာလည်း ဝါမဝင်ခင်အိမ်ပြောင်းအိမ်ရွှေ့လုပ်ကြသည့်အတွက် ရန်ကုန် အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်အေးနေခဲ့သော်လည်း အငှားဈေးကွက်မှာ ဆက်လက်ကျယ်ပြန့်ရှင်သန်နေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**ထက်အောင်**

# လယ်ယာသုံးစက်ပစ္စည်း ပြုပြင်ထိန်းသိမ်းမှုသင်တန်း မုံရွာအစိုးရနည်းပညာအထက်တန်းကျောင်းတွင် ဖွင့်



**မုံရွာ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက် အစိုးရနည်းပညာအထက်တန်းကျောင်းတွင် လယ်ယာသုံးစက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အခြေခံကွန်ပျူတာ အခမဲ့သင်တန်းများဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုး တက်ရောက်အမှာစကားပြောကြားပြီး အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းမြိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းများအား ဖွင့်လှစ်ပေးခဲ့သည်။

"အခြေခံ ကွန်ပျူတာသင်တန်းမှ ကွန်ပျူတာအလုံး ၃၀ နဲ့ ကိုင်တွယ်အသုံးပြုပုံနဲ့ Word , Excel , Power Point တို့ကို သင်ကြားပေးသွားမှာပါ လယ်ယာသုံးစက်ပစ္စည်း ကိရိယာ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းမှာ တစ်လုံးထိုးစက်တွေဖြစ်တဲ့မြင်းကောင်ရေ(၆-၈)အင်ဂျင် ၁၀ လုံး၊ မြင်းကောင်ရေ (၁၈) အင်ဂျင် ၁၀ လုံးနဲ့ ဖြုတ်တပ်သင်မယ်၊ အဲဒီစက်တွေနဲ့ တွဲဖက်အသုံး ပြုမဲ့ လေးချပ်ထယ်၊ လက်တွန်းထွန်းစက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထွန်ခြစ်တွေ ပြုပြင်နည်း၊ ဂီယာဘောက်ပြုပြင်နည်း၊ ထွန်စက်ကြီးတွေမှာ ဂီယာဘောက်ပြုပြင်ခြင်းတို့ကို နံနက်ပိုင်း စာတွေ့သင်ကြားပေးမှာပါ။

မွန်းလွဲပိုင်းမှာ သုံးယောက်တစ်ဖွဲ့ဖွဲ့ပြီး ဖြုတ်တပ်၊ ပြုပြင်ခြင်းတွေကို စက်ကိရိယာတွေနဲ့ လက်တွေ့ သင်ကြားပေးမှာပါ။ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ လက်မှုလယ်ယာကဏ္ဍကနေ စက်မှုလယ်ယာကဏ္ဍကိုကူးပြောင်းချိန်မှာ လယ်ယာသုံး စက်ပစ္စည်းတွေ ဝယ်ယူအသုံးပြုနေကြတဲ့ တောင်သူလယ်သမားတွေ လယ်ယာသုံးစက်ပစ္စည်းတွေကို ကိုယ်တိုင် ပြင်ဆင်နိုင်ရန်နဲ့ စီးပွားရေးလုပ်ငန်းအနေနဲ့ အငှားပြင်ဆင်လိုတဲ့သူတွေအတွက် အခုလိုအခမဲ့ သင်တန်းတွေ ဖွင့်လှစ်ပေးတာပါ" ဟု အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက ပြောသည်။

လယ်ယာသုံး စက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းသို့ သင်တန်းသား ၃၀ နှင့် အခြေခံ ကွန်ပျူတာသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တို့ တက်ရောက်မည် ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ တစ်လခွဲကြာမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ခင်ဦးမြို့၌ ကျေးလက်ဒေသမီးလင်းရေး ဆိုလာမီးအစုံ ၇၀၄ စုံ ပေးအပ်

**ခင်ဦး ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ် ကျေးလက်ဆိုလာမီးလင်းရေးအတွက် ဆိုလာမီးအစုံ ၇၀၄ စုံ ပေးအပ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဒေါ်ချိုချိုနွယ်က ဆိုလာမီးအစုံ ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးနှင့် မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်သီတာသိန်းဆွေတို့က ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများကို စစ်ဆေးပေးပြီး ကျေးရွာများသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။

ဆိုလာမီးအစုံများကို လျှပ်စစ်မီးမရရှိသော ဆည်ကြီးကျေးရွာ၊ ကျွန်းဆွယ်ကျေးရွာ၊ သရက်ကန်ကျေးရွာ၊ သမင်ကျကျေးရွာ၊ မကျီးတုံကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် မင်းကံကြီးကျေးရွာတို့ကို ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် စုစုပေါင်း ကျပ် ၁၂၃ ဒသမ ၂၁ သန်း တန်ဖိုးရှိသော ဆိုလာမီးအစုံ ၇၀၄ စုံကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခင်ဦးစိုးဝေ**

# ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်၌ တရားမဝင် လျှပ်စစ်ရှော့တိုက်ငါးဖမ်းသူများ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ကလေး ဇူလိုင် ၃**

ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးသယံဇာတပြုန်းတီးမှုကို ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးဝင်းမြင့်စောနှင့် ရေလုပ်သားခေါင်းဆောင်များသည် ဇွန် ၂၇ ရက်က ကလေးမြို့နယ်နှင့် ပခုက္ကူမြို့နယ် အတွင်း တရားမဝင်လျှပ်စစ်ရှော့တိုက်ငါးဖမ်းသူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ကလေးမြို့နယ် မြောင်း၊ ချောင်း၊ တံတားအနီး လျှပ်စစ်ရှော့တိုက်ငါးဖမ်းဆီးသူ ဦးရိုဘင်(ဘ)ဦးစန်းငွေ အသက် (၃၄) နှစ်နှင့် ဦးသိန်းထွန်း (ဘ) ဦးဘိုခွေး အသက် (၃၉) နှစ် ဆည်တောကျေးရွာနေထိုင်သူတို့သည် ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီက ၁၂ V ဘက်ထရီ တစ်လုံး၊ ရှော့တံ နှစ်ချောင်း၊ ငါးပလိုင်း တစ်ခု၊ ရှော့ကွိုင်တစ်ခုနှင့် ငါးတစ်ပိဿာခန့်တို့အား သက်သေပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မှန်တော မြောက်ပိုင်း ရေရှင်ချောင်းအနီး လျှပ်စစ်ရှော့တိုက်ငါးဖမ်းဆီးသူ ဦးအောင်ဘ (ခ) ဦးဆန်းအောင် (ဘ)ဦးဖေကျဲကူ အသက် ၂၈ နှစ် မှန်တောကျေးရွာနေထိုင်သူသည် Kenbo 125 ဆိုင်ကယ်တစ်စီး၊ ၁၂ V ဘက်ထရီ တစ်လုံး၊ ရှော့တံ နှစ်ချောင်း၊ ရှော့ကွိုင် တစ်ခုနှင့် ငါးပလိုင်းသေး တစ်ခုတို့အား သက်သေပစ္စည်းများ အဖြစ်လည်းကောင်း ဖမ်းဆီးရမိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ- ၃၅(ခ)ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ပုဒ်မ- ၄၅ အရ ဇွန် ၂၉ ရက်က ကလေးမြို့နယ် မြောက်စည်း(ရွာမ)ရဲစခန်းတွင် သက်သေပစ္စည်းများနှင့်အတူ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ည ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးနယ်မြေအစပ် ပခုက္ကူခရိုင်အခြမ်းရှိ ဂန့်ဂေါမြို့နယ် သွေ့ဖယ်ချောင်း၊ ဟံသာဝတီတံတားအနီးတွင် လျှပ်စစ်ရှော့တိုက်နေသူ ကျော်မျိုးနိုင် (ဘ) ဦးသန်းငွေ အသက် (၁၈) နှစ် ဟံသာဝတီကျေးရွာနေထိုင်သူသည် Wave Bo 125 ဆိုင်ကယ် တစ်စီး၊ ၁၂ V ဘက်ထရီ တစ်လုံး၊ ရှော့တံ နှစ်ချောင်း၊ ရှော့တိုက်ကွိုင် တစ်ခုနှင့် ငါးပလိုင်းတစ်ခုတို့အား သက်သေပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ယင်းနေ့၌ပင် ဟံသာဝတီလှုပ်ရှားရေးရဲကင်းမှူး ဒုတိယရဲအုပ်မင်းမင်းထွန်းထံ လွှဲပြောင်းအပ်နှံထားပြီးဖြစ်ကြောင်း ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်စော၏ ပြောပြချက်အရ သိရသည်။

**ချင်းတွင်းသား**

# သံလွင်တံတား(ဘားအံ)အားနီယွန်မီးများပြန်လည်ထွန်းညှိစေခြင်း

**ဘားအံ ဇူလိုင် ၃**

သံလွင်တံတား(ဘားအံ)အား နီယွန်မီးများ ပြန်လည်ထွန်းညှိစေခြင်းဖြင့် ခရီးသွားပြည်သူများဘေးကင်းလုံခြုံမှုနှင့် တံတားကြီး ထည်ဝါလှပစေလိုကြောင်း ဘားအံမြို့ခံများက ပြောသည်။

ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သံလွင်တံတား(ဘားအံ) သည် ယခုနှစ် ဧပြီလတွင် ပင်မတံဆောင်များ၌ မီးခုနစ်ပွင့် ထွန်းလင်းခဲ့ရာမှ မေလတွင် လေးပွင့်သာလင်းခဲ့ပြီး ဇွန်လပိုင်း မီးသုံးပွင့်သာထွန်းလင်းလျက်ရှိသဖြင့် တံတားပေါ်တွင် မည်းမှောင်လျက်ရှိကြောင်း အဆိုပါ မြို့ခံများက ပြောသည်။

အဆိုပါတံတားပေါ် ဖြတ်သန်းသွားလာနေသော ခရီးသွားယာဉ်များနှင့် ရေကြောင်းသွားလာအသုံးပြုသော ရေယာဉ်များအတွက် ဘေးကင်းလုံခြုံစိတ်ချမှုမရှိဘဲ ခရီးသွားလာမှုကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း ယင်းဒေသခံများက ပြောသည်။

သံလွင်တံတား(ဘားအံ)သံလွင်မြစ်ကူး တံတားကို ၁၉၉၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့၍ ထိုစဉ်က မြန်မာ့ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကြီးကြပ်စီမံတည်ဆောက်ခဲ့ပြီး နီယွန်မီးများကို ပင်မတံတား၊ ချဉ်းကပ်တံတားနှင့် တံတားအောက် ဘက်များပါမကျန် ထွန်းညှိထားကာ တံတားပေါ်ဖြတ်သန်းသော ယာဉ်များနှင့် တံတားအောက်ဖြတ်သန်းသွားလာသော ရေယာဉ်များအတွက် ခရီးသွားလာမှုမှာ ဘေးကင်းလုံခြုံစွာသွားလာနိုင်ပြီး ညအချိန် တံတားတွင် တပ်ဆင်ထားသောနီယွန်မီးများ၏ အလင်းရောင်ကြောင့် ခန့်ညားထည်ဝါလှ



ခဲ့သည်။

ယခုအချိန်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများကို တံတားတင်ဒါရယူ၍ လုပ်ငန်းများကိုကိုင်တွယ်ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းတွင် နီယွန်မီးများအစား မီးချောင်းကွေးကြီးများကို ပြောင်းလဲတပ်ဆင်ခဲ့ခြင်းအပြင် လျှပ်စစ်ဓာတ်အားခြိုးခြံချွေတာ သောအားဖြင့် ပင်မတံတားပေါ်တွင် မီးသုံးပွင့်ကိုလည်းကောင်း၊ တံတားအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ချဉ်းကပ်လမ်းတွင် တပ်ဆင်ထားသော နီယွန်မီးများအစား ပြောင်းလဲတပ်ဆင်ထားသော မီးချောင်းကွေးများမှာလည်း ပျက်စီးယိုယွင်းနေသဖြင့် လင်းတစ်ခါမှောင်တစ်လှည့်ဖြစ်နေကြောင်း ဒေသခံများကပြောသည်။

သံလွင်တံတား(ဘားအံ) လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များက ယင်းသို့ မည်းမှောင်မှုကြီးစိုးနေသော တံတား၏လုံခြုံရေးကို ပိုမိုဂရုပြု စောင့်ကြပ်နေရကြောင်း သိရသည်။

သံလွင်တံတား(ဘားအံ) သံလွင်မြစ်ကူးတံတားသည် မြန်မာနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန် ကုန်စည်စီးဆင်းရာတွင် ဖြတ်သန်းအသုံးပြုနေသည့် အရေးပါသော တံတားတစ်စင်းဖြစ်ပြီး တံတားဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့်လည်း ဒေသတွင်းပြည်သူများ၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် အကျိုးပြုသောတံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ဟသ်ာတမြို့နယ်တွင် အရန်သားဖွားဆရာမများ သင်တန်းဆင်း

**ဟသ်ာတ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ပြည်သူ့အကျိုးပြုမည့် ၂၀၁၄-၂၀၁၅ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများ သင်တန်းဆင်းပွဲကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံကြီး အစည်းဝေးခန်းမတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများအား လိုအပ်သည်များကို မှာကြား၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဆေးရုံအုပ်ကြီး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသံလွင်အောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် (kit) ပုံးများကို သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါ စေတနာ့ဝန်ထမ်း အရန်သာဖွားဆရာမသင်တန်းကို ဟသ်ာတမြို့နယ် ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇွန် ၂၀ ရက် ထိ စာတွေ့သုံးလ၊ လက်တွေ့သုံးလဖြင့် ခြောက်လကြာ သင်ကြားပေးခဲ့ ကြောင်း သိရသည်။

**ကျော်ကျော်(ဟသ်ာတ)**

# မြိတ်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ တံခွန်စိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ



**မြိတ် ဇူလိုင် ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်နယ်မြေရှိ မြိတ်တက္ကသိုလ်၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာပေါင်းစုံ အမျိုးသား၊ အမျိုးသမီးတံခွန်စိုက်စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၇နာရီက မြိတ်တက္ကသိုလ် မိုးလုံလေလုံအားကစားခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပရာ မြိတ်တက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ၁၈ဦး၊ ကျောင်းသူ ခုနစ် ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ညနေ ၃နာရီ တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသားစားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မောင်နေမင်းအောင်၊ (တတိယနှစ် ရူပဗေဒ)က မောင်ဝေယံချစ်၊ (စတုတ္ထနှစ်သမိုင်း)ကို လေးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် မအေးစိမ့်သူ၊ တတိယနှစ် ရူပဗေဒက မခင်ဖြိုးပိုင်၊ တတိယနှစ် သင်္ချာကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါအမျိုးသား၊ အမျိုးသမီးစားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုအသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## သာစည်၌ ရွေးကောက်ပွဲကာလ မဲရုံလုံခြုံရေးအတွက် အထူးရဲတာဝန် ထမ်းဆောင်လိုသူ များပြား

**သာစည် ဇူလိုင် ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပ ပြီးစီးနိုင်ရေးအတွက် ရွေးကောက်ပွဲကာလအတွင်း ရဲအင်အားလုံလောက်စေရန် အထူးရဲများကို ခန့်အပ်သွားမည်ဖြစ်၍ သာစည်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ အမည်စာရင်း လာရောက်ပေးသွင်းသူ လူငယ်များ များပြားလျက်ရှိနေကြောင်း သိရသည်။

ယခုခန့်အပ်တာဝန်ပေးမည့် အထူးရဲများသည် ရွေးကောက်ပွဲအကြိုကာလမှ ရွေးကောက်ပွဲပြီးသည့်အထိ သုံးလတာဝန် ထမ်းဆောင်ရမည်ဖြစ်ပြီး လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယူနီဖောင်းကို သီးခြားလက်မောင်းတံဆိပ်ဖြင့် တပ်ဆင်ရမည်ဖြစ်ကြောင်းနှင့် အထူးရဲ၏ အခြေခံလစာမှာ ကျပ် ၁၂၀၀၀၀ နှင့် ရိက္ခာစရိတ် တစ်ရက်လျှင် ကျပ် ၁၀၀၀ ခံစားရမည်ဖြစ်ကြောင်း သာစည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုမြို့နယ်မှူး ဒုတိယရဲမှူး ဦးမောင်မောင်ဝေက ရှင်းလင်း ပြောပြသည်။

အထူးရဲအဖြစ် တာဝန်ထမ်းဆောင်လိုသူများသည် လျှောက်လွှာတင်သည့်နေ့တွင် အသက် (၁၈) နှစ်မှ (၆၀) နှစ်အတွင်းဖြစ်ပြီး ကိုယ်အင်္ဂါမချို့ယွင်းဘဲ ကျန်းမာရေးကောင်းမွန်သူတစ်ဦးဖြစ်ကာ ပညာအရည်အချင်း အနည်းဆုံး အခြေခံပညာအဌမတန်းအဆင့် အောင်မြင်ပြီး အရပ်မပုလွန်း၊ ခန္ဓာကိုယ်မဝလွန်းသူဖြစ်ရန် လိုအပ်ကြောင်းနှင့် ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်ဟု ၎င်းကဆိုသည်။

အထူးရဲအဖြစ် တာဝန်ထမ်းဆောင်လိုသူများသည် ဇွန် ၂၅ ရက်မှစတင်ကာ သာစည်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ အမည်စာရင်းများလာ ရောက်ပေးသွင်းလျက်ရှိကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် စာရင်းလာရောက်ပေးသွင်းသူလူငယ် ၅၀ ဦးခန့် ရှိသွားပြီးဖြစ်ကြောင်း၊ သာစည်မြို့နယ်တွင် မဲရုံပေါင်း ၂၅၀ ရုံရှိရာ အဆိုပါမဲရုံများတွင် အထူးရဲအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူများက မဲရုံလုံခြုံရေးကို တာဝန်ယူ စောင့်ရှောက်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကို (သာစည်)**

## သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP ဖြင့် မျိုးစေ့ချသရုပ်ပြ



**ရေး ဇူလိုင် ၃**

မွန်ပြည်နယ် ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၁၅ ခုနှစ် မိုးစပါးပုလဲသွယ် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP ဖြင့် မျိုးစေ့ချ သရုပ်ပြပွဲကို ဇူလိုင် ၁ ရက် နံနက်၈နာရီ က အစင်ကျေးရွာ ကွင်းအမှတ် (၁၁၆၃) ဦးပိုင်အမှတ် (၃/၁) တောင်သူဦးဇော်မင်း၏ လယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဝင်းက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP အကြောင်းကို အသေးစိတ်ရှင်းလင်း၍ တောင်သူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါမျိုးစေ့ချပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

## မြေစာရင်းလုပ်ငန်းခွင်ရက်တို သင်တန်းချီဖွေမြို့နယ်၌ ဖွင့်

**ချီဖွေ ဇူလိုင် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်၌ မြေစာရင်းလုပ်ငန်းခွင် ရက်တိုသင်တန်းကို ဇွန် ၂၉ ရက် နံနက် ၈ နာရီတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ သင်တန်းတွင် ချီဖွေ၊ ဆော့လော်၊ ပန်ဝါမြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးတို့က လယ်ယာမြေဥပဒေ၊ လယ်ယာမြေနည်းဥပဒေ၊ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများနည်းဥပဒေနှင့် အမြဲမိန့် ၁၈၅ တို့ကို ပို့ချကြသည်။သင်တန်းသို့ချီဖွေ၊ ဆော့လော်၊ ပန်ဝါမြို့နယ်များမှ ဝန်ထမ်းမြေတိုင်းစာရေး ၁၁ ဦးတက်ရောက်ခဲ့သည်။ **ဦးဂျီ**(Iprd)

# ခေါင်းစဉ်အမည်လေးပြောင်းတော့မယ်

**à ရွှေထား**

ဟယ်လို. . . မွန်မွန်လား. . .

အေး. . . ငါ နေပြည်တော်ကို ရာထူးဝန်လျှောက်လွှာတင်ဖို့ရှိလို့ မနက်ဖြန်ထွက်လာခဲ့မှာ. . . . နင့်ဆီမှာပဲ တည်းမယ်။

ကောင်းတာပေါ့. . . နင်လာမှဟင်းကောင်းကောင်း ချက်ကျွေးခိုင်းမယ်. . . ။

အံမယ်. . . ဘယ်သူကချက်ကျွေးမယ်ပြောလို့လဲ. . ။

သူငယ်ချင်းရယ် ငါ. . . နင့်လက်ရာမစားရတာကြာပြီဟ . . . ပြီးတော့လည်းအလုပ်တွေများတာနဲ့ ထမင်းဟင်း ကောင်းကောင်းချက်စားဖို့ အချိန်မရဘူးလေ. . . ဒါကြောင့်ပါ. . ။ ကဲကဲ. . . အခုဖုန်းပြောဖို့လည်းအချိန်မရသေးဘူး . . လာမှစကားတွေအများကြီးပြောကြမယ်. . . ဒါပဲနော်။

ကဲ. . ငါ့သူငယ်ချင်းလေးရောက်လာပြီဆိုတော့ ထမင်းစားမြိန်တော့မယ်ဟေ့. . . ။ ဒီနေ့ရုံးပိတ်ရက်မှာ စိတ်ကြိုက်ချက်စား ဖို့ ဈေးထွက်ဝယ်ကြမယ်။ လောလောဆယ်တော့ ခဏနားပြီးရေမိုးချိုး။ ပြီးမှအပြင်ထွက်ကြမယ်။ ညနေဘက် ဘုရားသွား မယ်လေ။ ဘုရားမရောက်တာကြာပြီ. . . ။

ဟယ်. . . နင့်ကို တော်တော်သနားလာပြီ. . . ဖုန်းမဆက်နိုင်တာနဲ့ ထမင်းဟင်းကောင်းကောင်းမစားရတာနဲ့ ဘုရားတောင်မသွားနိုင်တာနဲ့ နင်တို့ရုံးချုပ်ကလည်း အဲ့လောက်တောင်အလုပ်များသလားဟယ်။

အေးပေါ့ဟာ တာဝန်သိ၊ တာဝန်ရှိတဲ့ ဝန်ထမ်းတစ်ယောက်အတွက်ကတော့ အချိန်ပိုတယ်ရယ်လို့ ဘယ်ရှိပါ့မလဲ၊ ရုံးကို မနက်စောစောသွား မိုးချုပ်မှပြန်ဖြစ်တာက အကျင့်တစ်ခုလို ဖြစ်နေတော့လေ. . ။

နေစမ်းပါဦး နင်တို့ရုံးချုပ်က ဘာတွေလုပ်နေရလို့ ဒီလောက်အလုပ်များနေရတာလဲ. . ။

အေးပါသူငယ်ချင်းရယ် ပြောပြပါ့မယ်။ အခုတော့မဟုတ်ဘူး. . ညနေဘုရားသွားတော့မှ ရင်ပြင်တော်ပေါ်မှာ အေးအေးဆေးဆေးပြောကြမယ်လေ။

ဘုရားပေါ်ရောက်တော့လည်း စိတ်ရောလူရောလန်းဆန်းသွားတာပဲနော်၊ ကျေးဇူးပါမွန်မွန်ရယ်၊ နင်လာလို့သာ ဘုရားလိုက်ပို့ဖြစ်တာ. . ကိုယ့်ဘာသာဆိုလာအားမှာမဟုတ်လို့လေ. . ။

အမလေးသူငယ်ချင်းရယ် နင့်ကိုကြည့်ပြီးငါဝန်ထမ်းလုပ်ရမှာတောင်ကြောက်လာပြီ. . ။

မကြောက်ပါနဲ့သူငယ်ချင်းရယ်. . နိုင်ငံ့ဝန်ထမ်းဆိုတာ တကယ်ဂုဏ်ယူမြတ်နိုးစရာကောင်းတယ်။ တန်ဖိုးရှိပါတယ်ဟာ။ အလုပ်လုပ်နေရတာ၊ အလုပ်များနေတာကိုက ဂုဏ်ယူစရာပါ။

ကဲထားရေ. . နင်ပြောပြမယ်ဆိုတဲ့ နင်တို့ဌာနက လုပ်ငန်းတွေအကြောင်းနဲ့ နင်ဘာကြောင့်အလုပ်များနေရသလဲ ဆိုတာတွေပြောစမ်းပါဦး။

အေး ဒီလိုဟ. . ၊ ငါတို့သမဝါယမဝန်ကြီးဌာနက အခုနိုင်ငံတော်အစိုးရသစ်လက်ထက်မှာဆောင်ရွက်နေတဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်မှာအပါအဝင်ဖြစ်တဲ့ သမဝါယမလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက် ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လေ။ ဒီထဲကမှ အဓိကလုပ်ပေးနေတဲ့ ခေတ်စကားနဲ့ပြောရရင်တော့. . ၊ ဟော့နေတဲ့ လုပ်ငန်း(၃)ခုရှိတယ်ဟ၊ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ စက်ကိရိယာတွေ အရစ်ကျရောင်းချပေးတဲ့ လုပ်ငန်းနဲ့ သမဝါယမအသင်းတွေ အဆင့်မြှင့်တင်တဲ့လုပ်ငန်းတွေရယ်ပေါ့ကွာ။

ဟုတ်ပါပြီ. . နင်ပြောပြောနေလို့ ငါအဲဒီစကားလုံးတွေနဲ့ရင်းနှီးနေတာကြာပါပြီ။ ဒါတွေအစပျိုးမနေပါတော့နဲ့. . လိုရင်းကိုသာပြောပါ။

သူငယ်ချင်းရယ်. . ဒါတွေမပြောရင် တို့သမဝါယမကဆောင်ရွက်နေတာတွေကို အခြေခံကျကျမသိဘဲနေမှာစိုးလို့ ငါရှင်းပြရတာပါ။

အေး. . ဟုတ်ပါတယ်လေ၊ ငါလည်း ဒါတွေကြားဖူးနားဝရှိပေမဲ့ ဂဃနဏတော့ မသိပါဘူး။ တချို့အပြင်လူတွေပြောပြောနေတဲ့ သမချေးငွေတို့ စက်တွေအရစ်ကျရောင်းချပေးနေတာတို့အပေါ်မှာ " အလကားပါပဲကွာ အပြောနဲ့အလုပ်သိပ်မဟုတ်ပါဘူး " ဆိုတာတွေတော့ ကြားနေရတယ်။ အဲ့ဒီအတွက်လည်း နင့်ကိုမေးချင်နေတာပါ ရှင်းရှင်းလင်းလင်းသိရတော့ နင်တို့သမဝါယမဝန်ကြီးဌာနကိုယ်စား ငါလက်လှမ်းမီသလောက်ပြန်ရှင်းပြလို့ ရတာပေါ့နော် ဟုတ်ဘူးလား။

သိပ်ဟုတ်တာပေါ့ သူငယ်ချင်းရယ်. . . ငါ့ရဲ့စိတ်ကောင်းရှိတဲ့ သူငယ်ချင်းလေးကို အားကိုးလို့လည်း ငါဒီအကြောင်းတွေကို သေချာရှင်းပြပေးမှာ။ ဒါမှ တခြားသူတွေကို ပြန်ပြီးသတင်းပေးလို့ရမှာလေ။ ဒီလို. . . အသေးစားအရင်းအနှီးချေးငွေ လုပ်ငန်း (Micro Capital Loan)ဆိုတာ လုပ်ငန်းလုပ်ကိုင်ဖို့ ငွေကြေးအရင်းအနှီးလိုအပ်နေတဲ့ ကျေးလက်တောနယ်က ပြည်သူတွေနဲ့ မြို့ပြအခြေခံလူတန်းစားတွေအတွက် ရည်ရွယ်ပြီးတော့ ချေးငွေထုတ်ချေးပေးတာပေါ့ဟာ. . ။ လုပ်ငန်းလုပ်ကိုင်ဖို့ အရင်းအနှီးဆိုတာကတော့ အမျိုးအစားအများကြီးပေါ့။ စိုက်ပျိုးရေးသမားတွေအတွက် စိုက်ပျိုးရေးစရိတ် ချေးငွေ၊ မွေးမြူရေးသမားတွေအတွက် မွေးမြူရေးစရိတ်ချေးငွေ၊ ခေါင်းရွက်ဗျတိုးဈေးသည်တွေအတွက် အရင်းအနှီး ချေးငွေ၊ ဝန်ထမ်းတွေအတွက်ကတော့ ဝန်ထမ်းချေးငွေအစုံပေါ့ဟာ. . ။

နေပါဦး . . . ၊ အဲ့ဒီချေးငွေတွေက ကိုယ်လိုချင်သလောက်ရတာလား။ နောက်ပြီး အတိုးနည်းတယ်လို့လည်း ကြားဖူးတယ်။ အဲ့ဒါဟုတ်လား။ အပေါင်ပစ္စည်းတွေရောထားဖို့လိုသေးလား. . ။

လိုသလောက်ဆိုတာကတော့ လုပ်ငန်းအပေါ်မူတည်ပြီး အသင်းကစိစစ်ထုတ်ချေးပေးတယ်လေ။ အပေါင်ပစ္စည်းကတော့ မပေးရပါဘူး။ ဒါပေမယ့်ယုံကြည်စိတ်ချရတဲ့အသင်းသားဖြစ်ဖို့နဲ့ အသင်းမှာရှိတဲ့ အသင်းဝင်(၅)ယောက်ရဲ့ ထောက်ခံချက်၊ တစ်နည်းအားဖြင့် ဝိုင်းကြီးချုပ်စနစ်နဲ့ထုတ်ချေးပေးတာပေါ့။

ဒါဆို. . ချေးငွေလိုချင်ရင် သမအသင်းဝင်ရမှာပေါ့။

ဒါပေါ့. . . . တို့သမဝါယမရဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကိုက သမဝါယမအသင်းသားဖြစ်မှ ချေးပေးတာလေ။ သမဝါယမအသင်းဝင်ဖြစ်ဖို့ကလည်း ဇွတ်မတိုက်တွန်းရဘူး။ ကိုယ်ဆန္ဒရှိမှပေါ့ကွာ. . အသင်းဝင်တစ်ယောက် ဖြစ်ရင် ဘယ်လိုအကျိုးကျေးဇူးတွေခံစားရမယ်၊ ဘာစည်းကမ်းတွေလိုက်နာရမယ်ဆိုတာကို သိမြင်နားလည်လက်ခံမှ အသင်းဝင်သင့်တာလေ. . ။ ဒါမှ တကယ်ရိုးသားကြိုးစားအလုပ်လုပ်တဲ့ သမဝါယမအသင်းသား/အသင်းဦးရေတွေ ပိုများလာမှာပေါ့ကွာ. . ။

ဩော်. . အဲလိုလား။ စက်ကိရိယာတွေ အရစ်ကျရောင်းချပေးတယ်ဆိုတာကရော. . ။

အင်း. . . လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာမျိုးစုံပေါ့. . လယ်ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ရေလုပ်ငန်းသုံးပစ္စည်း (အင်ဂျင်)၊ သုံးဘီးဆိုင်ကယ်၊ အပ်ချုပ်စက်၊ အနေးယာဉ် (ဆိုက်ကား)တွေ အစုံပေါ့ဟာ . . . အဲဒါတွေကို သမဝါယမအသင်းသားတွေထဲက လုပ်ငန်းလိုအပ်ချက်ရှိသူတွေအဆိုပြုရင် သူတို့စိတ်ကြိုက်စက်ပစ္စည်းကို သမဝါယမက ငွေကြေးစိုက်ထုတ်ဝယ်ယူပေးပြီးတော့. . အရစ်ကျပြန်လည်ကောက်ခံတဲ့စနစ် (Hire Purchase)နဲ့ ဆောင်ရွက်ပေးတယ်။ နောက်ပြီး အခုလက်ရှိမှာ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီထုတ်လယ်ယာသုံးစက်ကိရိယာတွေကိုလည်း အသင်းသားတောင်သူလယ်သမားတွေအတွက် အရစ်ကျငွေချေစနစ်နဲ့ တင်သွင်းရောင်းချပေးနေတယ်လေ။ အရစ်ကျငွေချေစနစ်ဆိုတဲ့နေရာမှာလည်း ပြန်ဆပ်ရမယ့်ကာလကို စက်ပစ္စည်းတန်ဖိုးအပေါ်မူတည်ပြီးတော့ နှစ်တို၊ နှစ်ရှည် သတ်မှတ်ပေးထားသေးတယ်. . ၊ ဒီလိုဝယ်ယူတဲ့ အသင်းသားတွေအနေနဲ့ကတော့ စက်ပစ္စည်းတန်ဖိုးနဲ့ သင့်တော်တဲ့ ပိုင်ဆိုင်မှုအာမခံချက်တစ်ခုခုကိုတော့ အာမခံထားပေးရတယ်. . . ။

ဒီလိုစက်ကိရိယာတွေကို အရစ်ကျရောင်းချပေးတော့ စက်ပေါ်မှာတကယ်ကျသင့်တဲ့တန်ဖိုးထက် အတိုးပါပေါင်းပြီးတောင်းတာလား။

အေး. . . အတိုးတော့ပါတာပေါ့ဟာ. . ဒါပေမယ့် အဲဒီအတိုးက တို့ဝန်ကြီးဌာနရဲ့ အကျိုးအမြတ်အတွက် တောင်းတာ မဟုတ်ဘူး. . . ၊ တကယ်တော့ ဒီလို အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းတွေနဲ့ စက်ကိရိယာအရစ်ကျရောင်းချပေးတဲ့ လုပ်ငန်းတွေဟာ ပြည်သူတွေကိုကူညီပေးချင်လို့လုပ်ပေးတာ။ ဌာနက ပိုက်ဆံချမ်းသာတာမှမဟုတ်ဘဲ . . ။ ဒီတော့ သမဝါယမအသင်းသားပိုင်ငွေတွေရယ်၊ အသင်းပိုင်ပစ္စည်းတွေကို အပေါင်ထားပြီးတော့မှ ဘဏ်ချေးငွေရယူပြီးတော့ရယ် ဆောင်ရွက်ပေးနေရတာလေ. . ။ ဒီလည်ပတ်ငွေတွေက အသင်းသားအားလုံးအတွက်ဆို လုံလောက်မှုမရှိဘူး။ ဒါကြောင့်လဲ နိုင်ငံခြားကချေးငွေရယူပြီး ဆောင်ရွက်ပေးနေရတာပေါ့. . ။

ဒါဆိုနိုင်ငံခြားချေးငွေက အတိုးပေးရတဲ့နှုန်းများမှာပေါ့. . . ငါဂျာနယ်တစ်စောင်မှာ ဖတ်လိုက်မိတယ်။ တရုတ်ဆီကချေးတဲ့ ချေးငွေအတိုးနှုန်းက တော်တော်များတယ်ဆိုဘဲ။ သူများနိုင်ငံချေးငွေ၊ နောက်ပြီးတခြားဝန်ကြီးဌာနက ချေးယူတဲ့အတိုးနှုန်းထက် ပိုမြင့်နေတယ်ဆိုပြီးတော့ ဖတ်လိုက်ရတယ်. . အဲ့ဒါရောဟုတ်သလား။

အဲဒါက ဒီလိုဟ. . တချို့ကဝေဖန်ဖို့ပဲသိကြတယ်. . အခြေအနေအရပ်ရပ်ကို မစုံစမ်းမလေ့လာဘဲပြောတော့ အများ အထင်လွဲစရာဖြစ်တာပေါ့. . ။ တရုတ်ချေးငွေမြင့်တယ်ဆိုတာကလည်း တို့ဌာနကချေးတဲ့ နိုင်ငံခြားချေးငွေ (China EXIM Bank) က ငွေသားချည်းပဲအပြည့်ရတာ။ တခြားနိုင်ငံခြားချေးငွေတော်တော်များများက အတိုးနှုန်း သက်သာပေမယ့် ငွေသားတစ်ဝက် သူတို့ထုတ်လုပ်တဲ့ပစ္စည်းတစ်ဝက်ယူရတယ်။ ပစ္စည်းရဲ့တန်ဖိုးပေါ်မှာက ဈေးတင်ထားပြီးသား။ နောက်ပြီးတို့ဌာနက ချေးတဲ့အတိုးဆိုတာကလည်း တစ်နှစ်လုံးမှ (၄ ဒသမ ၅) ရာခိုင်နှုန်း ကိုပြောတာလေ. . အခု အပြင်မှာ လျှောက်ပြောနေတာတွေက တစ်လအတိုးနှုန်းနဲ့ မှားပြီးပြောနေကြတာ။ ဒီတော့ တို့သမဝါယမ ဝန်ကြီးဌာနက နိုင်ငံခြားချေးငွေကိုပဲ အတိုးနှုန်းမတန်တစ်ဆနဲ့ ပြန်ဆပ်နိုင်မှာမဟုတ်ဘူးလို့၊ ပုဂ္ဂိုလ်ရေးအလွဲသုံးစား လုပ်တယ်လို့ ပြောနေကြတာပေါ့ဟာ။

ဒါဆို. . . . ဒီနိုင်ငံခြားငွေတွေကို ပြန်ဆပ်ဖို့တော်တော်လေးကို အစီအစဉ်တွေဆွဲပြီး စနစ်တကျလုပ်ရမှာပေါ့နော်။

သိပ်ဟုတ်တာပေါ့သူငယ်ချင်းရယ်. . နင်တောင်ဒီလိုစဉ်းစားတတ်မှတော့ ငါတို့ဌာနအကြီးအကဲတွေက ဒီထက်မကတဲ့ အမြော်အမြင်တွေနဲ့ တွက်ချက်စဉ်းစားပြီးမှ ဒီလုပ်ငန်းတွေကိုလုပ်ခဲ့တာပေါ့. . ။ နည်းစနစ်တွေ အစီအမံတွေကတော့ ဟာကွက်မရှိလောက်အောင်ပါပဲ. . ။ ဒါကြောင့်နင်ခုနကပြောတဲ့ အတိုးပါပေါင်းပြီးတောင်းတာလားဆိုတာလေ. . ၊ အဲ့ဒီ မေးခွန်းကိုဖြေဖို့အတွက် ငါခုလိုရှင်းပြတာပါ။ ဘယ်လိုလဲ. . ၊ နင်သဘောပေါက်ပြီမဟုတ်လား။

အေးပါဟာ . . ငါနည်းနည်း တော့သဘောပေါက်လာပါပြီ။

ဟင်နည်းနည်းပဲလား. . ဒါဆို လုံးဝသဘောပေါက်အောင် ငါထပ်ရှင်းပြဦးမယ်။

သိပ်ကောင်းတာပေါ့ဟာ။

တို့ဝန်ကြီးဌာနက ရယူထားတဲ့ နိုင်ငံခြားချေးငွေအပေါ်မှာ အတိုးပေးရတဲ့အတွက်. . ပြည်သူတွေလိုအပ်နေတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ကိုရီးယားနိုင်ငံ (Daedong) ကုမ္ပဏီကနေဝယ်ယူပြီးအရစ်ကျငွေချေစနစ်နဲ့ ပြန်ရောင်းချပေးတဲ့အပေါ်မှာ စက်ကိရိယာရဲ့ကျသင့်တဲ့တန်ဖိုးကို ၁၀ ရာခိုင်နှုန်း ထပ်ပေါင်းပြီးတော့ ဈေးနှုန်းသတ်မှတ် ရောင်းချပေးတယ်လေ။ အဲဒီ ၁၀ ရာခိုင်နှုန်း အတိုးကို ပြန်ကြည့်ရင်လည်း ဝယ်ယူထားတဲ့ နိုင်ငံခြားကုမ္ပဏီဆီကို ၂ ရာခိုင်နှုန်း အတိုးပေးရတယ်. . ကျန်တဲ့ ၈ ရာခိုင်နှုန်း ကတော့ အသင်းအဆင့်ဆင့်ရဲ့ ဝန်ဆောင်စရိတ်ပေါ့ကွာ. . အဲဒီမှာ တို့ဌာနက ချေးငွေတွေကို ဒေါ်လာနဲ့ရယူထားတော့ ပြန်ဆပ်တဲ့အခါ ဒေါ်လာဈေးအတက်အကျ အပြောင်းအလဲတွေနဲ့၊ နောက်ပြီး မမျှော်မှန်းနိုင်တဲ့ ဆုံးရှုံးမှုတွေအတွက်၊ နောက်တစ်ခါ အသင်းအဆင့်ဆင့်ရဲ့ စာရွက်စာတမ်း၊ စာရင်းဇယားတွေ ထိန်းသိမ်းဖို့အတွက် အသေးသုံးစရိတ်တွေ. . ဒါတွေအတွက် ခွဲဝေသုံးစွဲကျခံရတယ်လေ. . .

ဒါဆို စက်ကိရိယာတွေမဟုတ်ဘဲ ငွေအရင်းအနှီးချည်းသက်သက် ချေးငွေကျတော့ရော အတိုးဘယ်လောက်နှုန်းယူသလဲ။

ဒီနေ့အထိ မြန်မာတစ်နိုင်ငံလုံးမှာ သမဝါယမအသင်းသားပေါင်း နှစ်သန်းကျော်ကို အရင်းအနှီးချေးငွေကျပ် ၂၂၄ ဒသမ ၅၅၁ ဘီလီယံကျော် ထုတ်ချေးထားပြီးပြီ။ ပထမဆုံးထုတ်ချေးပေးတဲ့ ချေးငွေကျပ် ၇၁ ဘီလီယံကျော်ကတော့ အတိုးနှုန်း နှစ်ကျပ်ခွဲယူတယ်ဟ၊ ကျန်တဲ့ ကျပ် ၁၅၃ ဘီလီယံကျော်ကိုတော့ အတိုးနှုန်းတစ်ကျပ်ခွဲနဲ့ပဲ ကောက်ခံတယ်လေ။ အခုမေလမှာထုတ်ချေးတဲ့ ချေးငွေက နေစပြီးတော့ အတိုးနှုန်း တစ်ကျပ်တစ်ဆယ့်ငါးပြားပဲ ကောက်ခံတယ်။ အပြင်က အတိုးနှုန်းထက် အဆအများကြီး သက်သာတဲ့အပြင် ချေးငွေယူတဲ့သူတိုင်းက ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို စုဆောင်းငွေအဖြစ်နဲ့ အသင်းမှာပြန်စုကြရတယ်လေ။ ဒီတော့ ငွေချေးတဲ့အသင်းသားတိုင်းဟာ ငွေတစ်ခါချေးတိုင်း ပိုက်ဆံလည်း စုဖြစ်တယ်။ ခြောက်လတစ်ကြိမ်ပြန်ဆပ်တဲ့စနစ်ဖြစ်လို့ အချိန်မှန်အတိုးအရင်းပြန်ဆပ်တဲ့သူဆိုရင် နောင်တစ်ချိန် ပြန်ချေးတဲ့အခါ ချေးငွေတိုးပြီး ချေးယူခွင့်ရကြမယ်လေ။ သမဝါယမအသင်းသားတစ်ယောက်ဟာ အသေးစားအရင်းအနှီး ချေးငွေကို ခြောက်လတစ်ကြိမ် ပြန်ဆပ်မယ်၊ ချေးမယ်၊ တစ်ကြိမ်ချေးယူတိုင်း တစ်ခါစုဆောင်းဖြစ်မယ်၊ ဒီလိုနဲ့ နောင်လေးငါးနှစ်ကြာတဲ့အခါ ကိုယ့်အသင်းမှာ ကိုယ့်ရဲ့စုဆောင်းငွေက ကိုယ့်လုပ်ငန်းအရင်းအနှီးကို လုံလုံလောက်လောက်ဖြစ်စေနိုင်တဲ့အခြေအနေကို ရောက်ရှိနေပြီပေါ့ကွာ။ နောက်ထပ်ငွေချေးစရာလည်း မလိုတော့တဲ့အတွက် စုဆောင်းငွေတွေအဖြစ်နဲ့တိုးလာမယ်၊ ကိုယ်ပိုင်ရပ်တည်နိုင်တဲ့ဘဝကို ရောက်ရှိလာမယ်လေ။ ဒါဟာ တို့သမဝါယမဝန်ကြီးဌာနက လုပ်ပေးနေတဲ့ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း (Micro Capital Loan) ရဲ့ အဓိကရည်ရွယ်ချက်ပဲ. . ။

သိပ်ကောင်းတဲ့ရည်ရွယ်ချက်ပဲနော်။ ဒါပေမယ့် ဒီရည်ရွယ်ချက်တွေအတိုင်းတော့ လက်တွေ့မှာတကယ်ရောအားလုံးဖြစ်ရဲ့လား။ ချေးငွေတွေကို တကယ်လိုချင်တဲ့အသင်းသားတိုင်းက အကုန်မရဘဲ အသင်းလူကြီးတို့၊ ဆိုင်ရာ ပိုင်ရာတို့ကအကွက်ရိုက်ပြီး ထုတ်တာတို့၊ အသင်းသားက ပြန်မဆပ်နိုင်ဘဲ ပုန်းရှောင်သွားတာတို့ရော မရှိဘူးလား။ ငါတော့ နင်တို့သမကချေးငွေလား ဘယ်ဌာနက ချေးငွေမှန်းတော့ မသိဘူးဟ "တောင်သူတွေက စိုက်ပျိုးစရိတ် ချေးငွေတွေ အကျေပြန်မဆပ်နိုင်ကြဘူး" လို့ ဂျာနယ်တွေမှာ ရေးထားတာဖတ်ဖူးတယ်။

အင်း နင်ကအတွေးလည်းတော်တယ်။ အမေးလည်းတော်တယ်။ လူဆိုတာကတော့ကွာ ပုံစံအမျိုးမျိုး၊ စရိုက်အထွေထွေရှိကြတာပဲ။ ဒီကြားထဲမှာ စရိုက်တူ၊ ဆန္ဒတူဖြစ်ဖို့ စည်းကမ်းလေးတွေ ဆောင်ပုဒ်လေးတွေနဲ့ ညှိယူကြရ တာပေါ့။ သမဝါယမအသင်းသားတစ်ယောက်ဖြစ်လာရင် အသင်းစည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ ဆောင်ပုဒ်တွေကို သေသေချာချာလေးလေးစားစား လိုက်နာကြရတယ်။ မလိုက်နာနိုင်တဲ့သူတွေအဖို့ကတော့ သူငယ်ချင်းမေးတဲ့ ငွေတွေညာထုတ်တာတို့ ပြန်မဆပ်ဘဲ ပုန်းရှောင်တာတို့ရှိမှာပေါ့။ ဒီလိုလူမျိုးတွေအတွက်ကတော့ တစ်ကြိမ်စာပါပဲ။ ဒီထက်ကောင်းတဲ့ အခွင့်အရေးတွေကို သူတို့လက်လွှတ်လိုက်တာပဲလေ။ ခုနကပြောသလို စည်းကမ်းတွေကို သေသေချာချာလိုက်နာရင် နင်စိုးရိမ်တာတွေမဖြစ်တော့ဘူး။ တို့သမဝါယမဝန်ကြီးဌာနက သမဝါယမအသင်း/အသင်းသားတွေ လိုက်နာရမယ့်စည်းကမ်း၊ ဝန်ထမ်းတွေနဲ့ အသင်းအမှုဆောင်တွေ လိုက်နာရမယ့် သံမဏိစည်းကမ်း၊ သမဝါယမဝန်ထမ်းတွေ လိုက်နာရမယ့်စည်းကမ်း၊ မူဝါဒ၊ ဆောင်ပုဒ်တွေ ပြည့်ပြည့်စုံစုံ ချမှတ်ထားတယ်၊ တိတိကျကျလိုက်နာစေတယ်၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်တယ်ဟ။

အံမယ်. . . ညွှန်းလှချည်လား. . ။

တကယ်ပြောတာ သူငယ်ချင်းရ။ ဒီလိုချမှတ်ထားတဲ့ စည်းကမ်း၊ မူဝါဒ၊ ဆောင်ပုဒ်တွေကို အသင်းသားပြည်သူ တွေရော၊ ဝန်ထမ်းတွေကပါ လက်တွေ့ကျင့်သုံးလိုက်နာကြလို့ တို့ဝန်ကြီးဌာနက ခုထိချေးငွေတွေ အားလုံးရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိနေတယ်ကွ။ ဒါကြောင့် နင်ခုနကပြောတဲ့ တောင်သူတွေက စိုက်ပျိုးစရိတ် ချေးငွေတွေ အကျေပြန်မဆပ်နိုင်ကြဘူးဆိုတဲ့ကိစ္စက တို့ဌာနက မဟုတ်တာတော့သေချာတယ်။ နောက်ပြီး တို့ရဲ့ ပြည်ထောင်စုဝန်ကြီးကလည်း ဝန်ထမ်းတွေစိတ်ဓာတ်ခံယူချက်ပြောင်းလဲဖို့ (Mindset change) အမြဲလမ်းညွှန်လေ့ ရှိတယ်။ အလုပ်လုပ်တဲ့အခါ စေတနာထားပြီးလုပ်ဖို့၊ တာဝန်သိဖို့၊ တာဝန်ခံနိုင်ဖို့၊ ထိုးထွင်းဉာဏ်ရှိဖို့၊ တက်တက်ကြွကြွနဲ့ အလုပ်လုပ်ဖို့၊ စွမ်းအားရှိသမျှဆောင်ရွက်ဖို့ လမ်းညွှန်ထားတယ်။ ဒီလမ်းညွှန်မှာကြားချက် တွေကတော့ ငါ့အတွက်အခက်အခဲမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါငယ်ငယ်လေးကတည်းက အဖေ့ရဲ့ဆိုဆုံးမမှုတွေနဲ့ ကြီးပြင်းလာရတော့ အဖေ့ရဲ့ဝန်ထမ်းဘဝကို ဂုဏ်ယူတဲ့စိတ်၊ ရိုးသားကြိုးစားတဲ့စိတ်၊ တာဝန်ကျေဖို့တင်မက စေတနာထားပြီး အလုပ်လုပ်တဲ့စိတ်၊ ကိုယ်မရှိခဲ့ရင် ကိုယ့်နေရာကိုတာဝန်ယူမယ့်သူ ဒုက္ခမများစေဖို့ အလုပ်ကို စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံလုပ်ပေးချင်တဲ့စိတ်တွေက ငါ့ရင်ထဲမှာစွဲနေတယ်လေ။ တချို့ဝန်ထမ်းတွေအတွက်ကတော့ Mindset change ဖို့လိုနေသေးတာလေးတွေ ရှိတာပေါ့ကွာ။ အရိုးစွဲလာပြီဖြစ်တဲ့ သူတို့စိတ်ဓာတ်ဟောင်းတွေကို အချိန်ယူပြင်မှပဲရတော့မှာ. . ။ ဒီလိုလူမျိုးတွေနဲ့ အလုပ်လုပ်ရတဲ့အခါ ခံယူချက်၊ အမြင်မတူ၊ အသွင်မတူတော့ နည်းနည်းသည်းခံရတာပေါ့။ တချို့လည်း အလုပ်ပြီးအောင်၊ လိုရာရောက်အောင်တွဲခေါ်၊ ဆွဲခေါ်ရတာပေါ့။ တချို့လည်းထက်အောက်၊ ဘေးတိုက်၊ အပြန်အလှန်ဆက်ဆံရေးကအစ နူးညံ့လာကြတယ်. . ။

အဲဒီတော့ဟာ. . . တို့ဝန်ကြီးဌာနအနေနဲ့ အခုချိန်မှာ မူတွေရော၊ လူတွေရော အားလုံးကောင်းနေတဲ့အတွက် လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေကလည်း အကောင်းဘက်ပဲဦးတည်ဖို့၊ အောင်မြင်ဖို့ပဲရှိတော့တာပေါ့။ အရင်တုန်းက သမဝါယမအပေါ် ပြည်သူတွေကအမြင်မကြည်ခဲ့ကြဘူးလေ။ အတိတ်ကအဖြစ်ဆိုးရှိခဲ့တာကိုး။ အခုလက်ရှိမှာ တို့အားလုံးက ဒီလိုတွေထပ်မဖြစ်အောင်သင်ခန်းစာယူပြီး အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်နေတယ်။ လှပတဲ့ သမဝါယမအနာဂတ်ဖြစ်လာဖို့ ပုံဖော်နေတယ်လေ။

**ဆက်လက်ဖော်ပြပါမည်။**

ကြော်ငြာ

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)

## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက်အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်။

| | အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|---|
| (က) | **ဂီတပညာအထူးပြု** | **(၄)နှစ်** | **ဝိဇ္ဇာဘွဲ့(ဂီတ)** |
| (ခ) | **သဘင်ပညာအထူးပြု** | **(၄)နှစ်** | **ဝိဇ္ဇာဘွဲ့(သဘင်)** |
| (ဂ) | **ပန်းချီပညာအထူးပြု** | **(၄)နှစ်** | **ဝိဇ္ဇာဘွဲ့(ပန်းချီ)** |
| (ဃ) | **ပန်းပုပညာအထူးပြု** | **(၄)နှစ်** | **ဝိဇ္ဇာဘွဲ့(ပန်းပု)** |
| (င) | **ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု** | **(၄)နှစ်** | **ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)** |

**(ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု တက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်။)**

၃။ ဂုဏ်ထူးတန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီပါက စုစုပေါင်းသင်တန်းကာလ(၅)နှစ် တက်ရောက်ရမည်ဖြစ်ပြီး ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ အပ်နှင်းသွားမည်ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ် စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထား တက်ရောက်ကြရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/၈၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်းဝယ်ယူ၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၅)ပုံတို့နှင့် ပူးတွဲလျက် **၂၀၁၅ခုနှစ်၊ အောက်တိုဘာလ(၂၃)ရက်နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး အလားတူလျှောက်လွှာပုံစံများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ Website.www.culture.gov.mmနှင့် www.facebook.com/ministryofculture.culturemyanmar, www.facebook.com/ministryofculturemyanmar တို့တွင် Download ရယူပြီး တက္ကသိုလ်သို့တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ **၂၀၁၅ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်တွင် လူတွေ့စစ်ဆေးမည်**ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ တယ်လီဖုန်းအမှတ် (၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄)သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ တယ်လီဖုန်းအမှတ်(၀၈၅- ၄၀၁၈၄)သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဖော်ဦး)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

English Speaking
U WIN MAW(PES)
(၄-လ)အတွင်း ကျွမ်းကျင်စွာ ပြောနိုင်ရမည်။
အမှတ်(၂၃၆)၊ (3C)၊ ဒုတိယထပ်၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၃၉၈၄၊ ၀၉-၂၅၈၈၀၄၉၃၅၊ ၀၉-၇၃၁၄၀၃၂၆

"သုခဆည်းဆာ ပုဂ္ဂလိက သက်ကြီးစောင့်ရှောက်ရေး"
လူကြီးမင်းတို့၏ သက်ကြီးဘိုးဘွားမိဘများအား ကျန်းမာရေးစောင့်ရှောက်ရန်ခက်ခဲနေသော အချိန်များတွင် လူကြီးမင်းတို့ကိုယ်စား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ပြီး ယုံကြည်စိတ်ချစွာ ခေတ္တအပ်နှံထားနိုင်တဲ့ နေရာလေးတစ်ခုရှိပါတယ်ရှင် အဲဒီနေရာကတော့ သုခဆည်းဆာပုဂ္ဂလိက သက်ကြီးစောင့်ရှောက်ရေး ဝန်ဆောင်မှုပေးတဲ့ နေရာပဲဖြစ်ပါတယ်။
ဖုန်း - ၀၁-၅၆၃၃၉၀၊ ၀၉-၃၁၀၃၅၁၁၆၊ ၀၉-၂၅၁၁၅၉၈၈၄
လိပ်စာ - အမှတ်(၂၃၃/၁)၊ ဒေါင်းမင်းလမ်း(၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာ။

MIC
Myanmar Imperial College


တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
MBA | DBA
+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝန်း
09 732 10001 / 09 4211 00222
No. 62 (C), Inya Road, Kamayut Tsp, Yangon, Myanmar.
July Intake!

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING


TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ကြော်ငြာ

## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆောက်အအုံများဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၇-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၇-၂၀၁၅ ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tender)

မြန်မာနိုင်ငံအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ဆေးဆိုင်များဖွင့်လှစ်၍ဖြစ်စေ၊ ဆေးခန်းများသို့ အရောက်ပေးပို့၍ဖြစ်စေ တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ် ယူလိုပါသည်။ အသေးစိတ်စုံစမ်းလိုပါက လူမှုဖူလုံရေးရုံးချုပ်၊ ဆေးဌာန၊ ၀၆၇-၄၃၀၂၈၁၊ ၀၆၇-၄၃၀၃၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် -၁-၇-၂၀၁၅ရက်မှ ၃၀-၇-၂၀၁၅ရက်
(ခ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက် -၃၀-၇-၂၀၁၅ရက်
(ဂ) တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက် -၁၀-၈-၂၀၁၅ရက်

**ဆေးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

## ပါဝင်လှူဒါန်းနိုင်ကြောင်းတိုက်တွန်းနှိုးဆော်လွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖာမွန်းဒေသ၌ လောကမာရ်အောင်ဓမ္မရိပ်သာ သာသနာပြုကျောင်းတော်ကြီးတိုးချဲ့မြေကွက်ဝယ်ယူရန်အတွက်(အလျားပေ၁၀၀ × အနံပေ၁၀၀)ပတ်လည်ရှိမြေကွက်အားဝယ်ယူရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော သူတော်ကောင်းများ အောက်ပါလိပ်စာ အတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းမေတ္တာရှေ့ထား၍တိုက်တွန်းနှိုးဆော် အပ်ပါသည်။

**ဒေါက်တာအရှင်အရိယဝံသ**
သာသနဓဇဓမ္မာစရိယ၊ Diploma B.A(W.E), M.A (Bs-Srilanka), Ph-D(Bs-India)
မဟာသိဒ္ဓိအောင်ကျောင်း။ အောင်သီတာလမ်း။ ရွှေဝင်းသာရပ်ကွက်၊
ကျောင်းရှေ့မှတ်တိုင်၊ သာကေတမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၂၅၀ ၃၈၀ ၄၄၇/ ၀၉ ၇၉၀၉ ၈၄ ၀၄၇


**တရုတ်**
ကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
Great Wall
**ENGLISH Conversation Practice**
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
TAMWE - 540714, 09 5183636
09 49 285182

**ချောင်းသာ** မိုးရာသီခါနစရိန်းစဉ် (သစ်ပြီးသီးမဲ့ထောက်ခွဲ)
Ph:09-425334456,09-49323965, 09-49578205







ကြော်ငြာ


**ဦးအောင်အောင်** ရှလိုင်လတန်းဦးအသစ်များ **LCCI**

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

အမှတ်(၂၃၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၅၁၀၃၀၀၂၊ ၀၉ ၉၇ ၅၁၀၃၀၀၂၊ ၀၉ ၇၈ ၅၁၀၃၀၀၂

ဆယ်တန်းအောင်ပြီးသူတိုင်း တက်ရောက်နိုင်သည် Level III 15%Dis:

Level I+II 15%Dis:

| SUN | THU-FRI | MON to WED |
| --- | --- | --- |
| 2-5:00 pm | 6:00-8:00 am | 7:00-8:30 am |
| 5.7.15 | 16.7.15 | 20.7.15 |

III (B) SUN 8 am-5 pm 28.6.15

III (C) MON to SUN 6 pm-8 pm 6.7.15



အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional

ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

**EPS-TOPIK**

(ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲ)

ပညာအရည်အချင်းမလိုဘဲ

သင်လည်းကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့

* လစာ(၁၅)သိန်းဝန်းကျင် ရရှိနိုင်သော အာမခံချက်

* မြန်မာစကား ကျွမ်းကျင်စွာ ပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ Kim ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ

* ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲ အောင်မြင်သည်အထိ တာဝန်ယူသင်ကြားပေးနေပါသည်။

* တန်းခွဲသစ်များ ၆-၇-၂၀၁၅ ရက်နောက်ဆုံးထား၍လက်ခံပေးနေပါသည်

တွေဝေမနေဘဲ အရင်ဆုံးဖုန်းဆက်ပြီး

တိုင်ပင်ဆွေးနွေးကြည့်ပါ။

လိပ်စာ - အမှတ် (B/30) ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း

ဖုန်း - ၀၁ ၅၁၂၈၀၄ ၊ ၀၉-၃၀၀၉၃၅၉၂ ၊ ၀၉-၇၉၅၈၃၂၀၀၀

ပွစ္စန်တောင်ဖုန်း - ၀၁-၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂ ၊ ၀၁-၂၉၉၁၃၃


## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန အဆောက်အအုံများဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် သက်ဆိုင်ရာမြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် -၁-၇-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၃၀-၇-၂၀၁၅ရက် ညနေ ၄:၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊**
**ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁**

## စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင်ရွှေမြေနှင့် ကြိန်တလီရေယာဉ် (၂)စင်းအား ငှားရမ်းလိုပါသည်။

၂။ တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များအား ၆-၇-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါ လိပ်စာ၌ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၅-၈-၂၀၁၅ရက် ၁၆:၀၀နာရီဖြစ်ပါသည်။

**အရည်အသွေးထိန်းသိမ်းရေးဌာန၊**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၀၈၃၆၀**

## လူပျောက်ကြော်ငြာ



မောင်နန်းဝေယံထွန်း၊၇/ပခန(နိုင်)၃၇၅၅၀၄၊ အသက်(၁၅)နှစ်၊ နဝမတန်းကျောင်းသားသည် ၂၈-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)၊ ညနေ ၅:၀၀နာရီတွင်နေအိမ်မှ ထွက်ခွာသွားပြီးပြန်မလာပါ၍ တွေ့ရှိသူများ ဆက်သွယ်အကြောင်းကြားပေးနိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးနန်းထွန်း-ဒေါ်ခိုင်ခိုင်မြင့်**
**တိုက်(၁၂)၊ အခန်း(၁၄)၊ မဂ္ဂတစ်လမ်း၊ အဆင့်မြင့်အိမ်ရာတိုက်ခန်း၊ ပဲခူးမြို့။ ဖုန်း-၀၉-၄၂၈၁၃၆၉၀၈၊ ၀၉-၄၉၃၀၁၁၅၂**


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၉၀၁ Y - ၁၁၆၀

TMR 007702 (1014)
TMR 011172 (1114)



မိဂသီ အမှတ်တံဆိပ်

မိဂသီဆေးတိုက်မှ ထုတ်လုပ်သော

* မိဂသီ အကြောပြေလိမ်းဆေး

* မိဂသီ အကြောပြေဆေးပြား

* မိဂသီ သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ

* ကြယ်စင် ချောင်းဆိုးပျောက်ဆေးရည်

အမြို့မြို့ အနယ်နယ်ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၃၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၁ ၅၇၂၈၉၇၊ ၀၉ ၅၀၀ ၁၁၃၇၊ ၀၉-၂၅၃၃၈ ၃၃၈၈



**TOSHIBA**
Leading Innovation >>>

Personal Video Recording ပါဝင်သော
မြန်မာဘာသာနှင့် ဒစ်ဂျစ်တယ်တီဗီ



L2550 Digital SERIES PERSONAL Video REC ording

ပထမဆုံးအကြိမ် ထွက်ပေါ်လာသော L 25 Digital TV ၏ မျက်နှာပြင်ဖန်သားပေါ်တွင် မြန်မာဘာသာ Menu ဖြင့် ကြည့်ရှုနိုင်ပါပြီ။ မိမိ၏ မိခင်ဘာသာ စကားဖြင့် TV တွင်ပါရှိသောအချက်အလက်များကို အသေးစိတ်လေ့လာနိုင်ပြီး၊ Setting ထဲသို့ ဝင်ရောက်ကာ လိုအပ်သလို အသုံးပြုနိုင်ပါသည်။ ထို့အပြင် အလုပ်များနေသောအချိန်များတွင် အရေးကြီးသည့် လုပ်ဆောင်ဖွယ်ရာ ကိစ္စအဝဝကို ရှေ့ဆိုင်းစရာမလိုဘဲ သင်ကြိုက်နှစ်သက်ရာ TV အစီအစဉ်များအား Personal Video Recording လုပ်ဆောင်ချက်ဖြင့် မိမိအဆင်ပြေသည့်အချိန်တွင် ပြန်လည်ကြည့်ရှုနိုင်ရန် သိမ်းဆည်းထားနိုင်ပါသည်။

တီဗီကြည့်ခြင်းသည် အထူးတလည်စောင့်ကြည့်ရသည့် ဖျော်ဖြေရေးမဟုတ်တော့ပါ။ L25 Digital TV တွင်ပါဝင်သော ထူးခြားသည့် အချက်အလက်များကို ကောင်းမွန်စွာ အသုံးချပြီး ရုပ်သံကြည့်ရှုမှု အတွေ့အကြုံကို မြှင့်တင်လိုက်ပါ။

Pro Theatre | Engineered in JAPAN

အသေးစိတ်ကို TOSHIBA SHOWROOM အမှတ် ၁၄၆/၁၅၂၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၂၉၉၀၊ ၀၁ ၂၅၂၉၉၁ သို့ လာရောက်ကြည့်ရှုဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကြော်ငြာ

European Academic Partner — Victoria University, The School of Management

European Academic Partner — University of Information Technology and Management in Rzeszow, Poland

# ROBINSON Business School



## TOP EUROPEAN BBA

**Up to 100% Scholarship!**

Bachelor of Business Administration

### Free Information Session

**Realize Your Dream - Making the Right Choice in Your Studies**

Time : Saturday 11 July 2015

Session 1 : 10.00am – 11.00am

Session 2 : 1.00pm – 2.00pm

Venue : 206-E, Level-2, La Pyayt Wun Plaza Dagon Township, Yangon.

Strictly by reservation only:

CALL- 09 43196211, 09 420053536

Speaker : Mr. Richard Dare, Rector of RBS



International Education Services

Study at over 400 colleges around the world

For personalized counseling:

Call : 09 26133 5445, 09 26133 5446

FORTRUST education services

---



GETC

မြေနီကုန်း 537895, 09262963776

သာခေမ 549590, 09254148006

www.getc-languageschool.com

2015 July Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .

---

အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008 707062, 09-861-7770

---

စုစုအေးအောင်

လေးဖက်နာ

ပျောက်ဆေး

---

ဒဂုံမြို့သစ်

(တောင်ပိုင်း)၊(ဆိပ်ကမ်း)

မြေကွက်များဝယ်လိုသည်

ဖုန်း -0943075129

---

ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော

MOTHER'S LIGHT

ရွှေလင်းကို

ထွက်ပြီ

အဌမတန်း GRADE-9

တိုင်းနှင့် ပြည်နယ်အားလုံး၏

၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ

✸ အတွဲ(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်

✸ အတွဲ(၂) သင်္ချာ၊ သမိုင်း၊ အထွေထွေသိပ္ပံ

ပဉ္စမတန်း GRADE-5

တိုင်းနှင့် ပြည်နယ်များမှ ခရိုင်များ၏

၂၀၁၅ ခုနှစ် မေးခွန်းဟောင်းနှင့် စံပြအဖြေများ

ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ မီးနင်းစာအုပ်များ ရရှိနိုင်ပါပြီ။

ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ရိုးကုန်စာအုပ်များ ရရှိနိုင်ပါပြီ။

ပြင်ဆင် ဖြည့်စွက်ပြီး

ဖြန့်ချိရေး – ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းဒေါင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း– ၀၉-၇၃၁၃၃၀၉၆၈၊ ၀၉-၅၀၆၃၄၅၅၊ ၀၉-၇၃၂၀၅၇၂၆၊

အမြို့မြို့အနယ်နယ်ထိုင်များတွင် ဝယ်ယူနိုင်ပါသည်။

---

ဇူလိုင် (၉) မှ (၁၂) ရက်

တပ်မတော်ခန်းမ

နံနက် (၉) မှ (၆) နာရီ

အိမ်ရာများနှင့် အိမ်သုံးပစ္စည်းများ၊ ကားနှင့်ဆက်စပ်ပစ္စည်းများအား အထူးဈေးနှုန်းဖြင့် ပြသရောင်းချမည့် ပြပွဲကြီး

# HOME & CAR EXPO

ပြခန်းစုံစမ်းရန်

Smart Business Group

Ph:01-656875,667473, 09-73014777, 09-5099079

---

Since 1996

Home



Ready Made လျှာထိုး

8" x 4.75"

**Ready Made အခန်းကာ လျှာထိုး**

Yangon - No. F. 2~8 , အောင်ဆန်းကွင်းမြောက်ဘက်တန်း (စ.ဆ.ပ.လ ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၊ 09 730 84 840 , 09 730 84 841

Mandalay - No. 471 , 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး ၊ 09 3311 66 26 , 09 3322 66 36

Naypyitaw - No. 1237, ဇော်ဂျီလမ်း ၊ မင်္ဂလာဒီပ ရပ်ကွက် ၊ ပုဗ္ဗသီရိ ၊ နေပြည်တော်၊ 09 730 84 844 , 09 49 20 5733

Mawlamyaing - No. 33 , မြို့ရှောင် လမ်းမကြီး ၊ မြေနီကုန်း အဝေးပြေး ကားဂိတ်အနီး ၊ မော်လမြိုင်၊ 09 7958 999 80, 09 7958 999 81

---

Since 1996

Home



**Rainy Season**

**"Special Package Promotion"**

Stock Limited

Ready Made Floor

(ပါကေးအစားထိုး ကြမ်းခင်း)

Yangon - No. F. 2~8 , အောင်ဆန်းကွင်းမြောက်ဘက်တန်း (စ.ဆ.ပ.လ ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၊ 09 730 84 840 , 09 730 84 841

Mandalay - No. 471 , 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား ) မန္တလေး ၊ 09 3311 66 26 , 09 3322 66 36

Naypyitaw - No. 1237, ဇော်ဂျီလမ်း ၊ မင်္ဂလာဒီပ ရပ်ကွက် ၊ ပုဗ္ဗသီရိ ၊ နေပြည်တော်၊ 09 730 84 844 , 09 49 20 5733

Mawlamyaing - No. 33 , မြို့ရှောင် လမ်းမကြီး ၊ မြေနီကုန်း အဝေးပြေး ကားဂိတ်အနီး ၊ မော်လမြိုင်၊ 09 7958 999 80, 09 7958 999 81

ကြေးမုံ

ဇူလိုင် ၄၊ ၂၀၁၅

Hot Line No-0930500100





တိုကျိုမြို့ရှိ Minamiaoyama IDOL ၌ မြန်မာဖက်ရှင်နှင့် လက်မှုအနုပညာပြပွဲတွင် ပြသထားသည့် မြန်မာအနုပညာပစ္စည်းများကို တွေ့ရစဉ်။ *(သတင်း စာမျက်နှာ - ၈)* (သတင်းစဉ်)

# အိုအိုင်စီ၏ အဆိုမူကြမ်းတစ်ရပ်လုံးသည် မြန်မာနိုင်ငံနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း မြန်မာအမြဲတမ်းကိုယ်စားလှယ် ခိုင်မာစွာပြောကြား

**သတင်းထုတ်ပြန်ချက်**

၁။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၂၉) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ) မှ တင်သွင်းသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သော အဆိုမူကြမ်းတစ်ရပ်ကို (၃-၇-၂၀၁၅) ရက်နေ့တွင် ချမှတ်ခဲ့သည်။

၂။ ယင်းဆုံးဖြတ်ချက် အဆိုမူကြမ်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်မှုကို ထိပါးရာရောက်ခြင်း၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် စပ်လျဉ်းပြီး မဟုတ်မမှန်စွပ်စွဲချက်များ ပါဝင်ခြင်း၊ ပြည်တွင်းစီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် ကိစ္စများအား ဝင်ရောက်စွက်ဖက်ခြင်း၊ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုရှိနေခြင်းအား အထင်အမြင်လွဲမှားစေမည့် ဖော်ပြချက်များပါဝင်ခြင်းတို့ကြောင့် ဓမ္မဓိဋ္ဌာန်မကျသော ဆောင်ရွက်ချက်တစ်ရပ်သာဖြစ်ပြီး ဘာသာရေးကိစ္စအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို အသုံးချ၊ အမြတ်ထုတ်မှုတစ်ရပ်ဖြစ်သည်။

၃။ ထို့အပြင် ယင်းအဆိုမူကြမ်းသည် မြန်မာနိုင်ငံအတွင်း မတူညီသော ဘာသာကိုးကွယ်သူများအကြား တည်ရှိနေသည့် ငြိမ်းချမ်းမှုနှင့် ညီညွတ်မှုကို ထိခိုက်ပျက်ပြားစေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် သုံးသပ်ရရှိသည်။ ပိုမိုကျယ်ပြန့်စွာစဉ်းစားပါက ကမ္ဘာ့ဘာသာကြီးများအကြား ရှင်သန်ဖြစ်ထွန်းနေပြီး ဝိုင်းဝန်းထိန်းသိမ်းသွားရမည့် သဟဇာတဖြစ်မှုကို ထိခိုက်စေရန် အစပျိုးမှုတစ်ရပ်ဖြစ်ရာ သတိပြုရမည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။

၄။ သို့ဖြစ်ရာ ယင်းအဆိုမူကြမ်းအား လူ့အခွင့်အရေးကောင်စီ၌ စဉ်းစားဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အဆိုမူကြမ်းတွင်ပါဝင်သော မြန်မာနိုင်ငံက လက်မခံသည့် အသုံးအနှုန်းကိုလည်းကောင်း၊ ဆုံးဖြတ်ချက်ပါ အပိုဒ်တစ်ပိုဒ်ချင်းစီကိုလည်းကောင်း ပြင်းထန်စွာကန့်ကွက်လျက်ပယ်ချခဲ့သည်။ ထို့အပြင် အိုအိုင်စီ၏ အဆိုမူကြမ်းတစ်ရပ်လုံးသည် မြန်မာနိုင်ငံနှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အမြဲတမ်းကိုယ်စားလှယ်က ခိုင်မာစွာ ရပ်တည်ပြောကြားခဲ့သည်။

၅။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ လူ့အခွင့်အရေး တိုးတက်ရရှိရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် နိုင်ငံအတွင်း မတူညီသည့် ယုံကြည်မှုများနှင့် လူများအကြား ကွဲပြားခြားနားမှုများကို လက်ခံလျက် သဟဇာတရှိရှိဖြင့် ငြိမ်းချမ်းစွာ ဆက်လက်အတူယှဉ်တွဲနေထိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်**

# အလယ်အလတ်အဆင့် ဝင်ငွေမြင့်မားသည့် နိုင်ငံအဆင့်သို့ မြန်မာနိုင်ငံ တက်လှမ်းနိုင်မည်ဟု ရိုက်တာသတင်းများတွင်ဖော်ပြထား

ပြည်သူတစ်ဦးချင်းဝင်ငွေ မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) အဆင့်မှ လွတ်မြောက်ကာ နှစ်စဉ်တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၄၆ ဒေါ်လာမှ ၄၁၂၅ ဒေါ်လာအထိရှိသော (Lower Middle-Income countries) နိုင်ငံများ စာရင်းထဲရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်ကို ၂-၇-၂၀၁၅ ရက်နေ့က ရိုက်တာသတင်းများ၌ ဖော်ပြထားသည်။

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖**



# စင်ကာပူလက်ဝတ်ရတနာပြပွဲ၌ မြန်မာ့ပတ္တမြားအရိုင်း စိတ်ဝင်စားမှုများပြား

သုတ

မြန်မာနိုင်ငံ မိုးကုတ်ဒေသမှ တွေ့ရှိခဲ့သော ကာရက် ၉၅၀ရှိသည့် ရှားပါးမြန်မာ့ပတ္တမြားအရိုင်းတစ်ပွင့်ကို ဇူလိုင် ၂ ရက်က ဖွင့်လှစ်ခဲ့သည့် စင်ကာပူအပြည်ပြည်ဆိုင်ရာ လက်ဝတ်ရတနာပြပွဲ (SIJE) ၌ ခင်းကျင်းပြသထားရာ ပြပွဲလာပရိသတ်များ၏ စိတ်ဝင်စားမှုအများဆုံးရရှိနေကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**

**ဆည်ရေသောက်စနစ်များတွင် ရေပေးမြောင်းများသာမက ရေထုတ်မြောင်းများကို တစ်ပါတည်း ပူးတွဲတည်ဆောက်ပေးလျက်ရှိ**

စာ » ၇

**ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်ရှိ မီးပွိုင့်များကို ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုနိုင်ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းဖြေကြား**

စာ » ၇

**ရေဝတီမြစ်ရေကြီးမှုကြောင့် မြစ်ကမ်းပါးနှင့်နီးစပ်သော ကျေးရွာများမှ လူနေအိမ်တချို့ ပြောင်းရွှေ့**

စာ » ၁၀

**နေစွမ်းအင်သုံး Solar Impulse-2 လေယာဉ် ပစိဖိတ်သမုဒ္ဒရာဖြတ်ပြီး ကမ္ဘာ့စံချိန် ချိုးနိုင်**

စာ » ၁၂




themirror.npt@gmail.com
www.facebook.com/themirrordaily